The Commerce Journal
စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 19, NO. 9
တနင်္လာနေ့တိုင်းထုတ်ဝေသည်
March 4, 2019

# နိုင်ငံတကာ ပန်းဈေးကွက်အတွင်း ဈေးကွက်ဝေစု ရရှိစေရန်အတွက် အလေးထားသင့်သော မြန်မာ့ပန်းမန်ကဏ္ဍ

စာမျက်နှာ - ၈ ➤



## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သော သတင်းလွှာ (၂/၂၀၁၉) ထုတ်ပြန်

စာမျက်နှာ - ၆ ➤

## ချင်းပြည်နယ်အတွင်း ဝဥအခြောက်ခံစက်ရုံ တည်ဆောက်ရန် ပြည်ပကုမ္ပဏီများမှ စိတ်ဝင်စား

စာမျက်နှာ - ၂၇ ➤

## သုလျှိုလုပ်ခြင်း ရှိ၊ မရှိ ကိုယ်တိုင်လာကြည့်ရန် အမေရိကန် မီဒီယာများကို ဟွာဝေးဖိတ်ခေါ်

စာမျက်နှာ - ၃၃ ➤

Pro Plus Furniture Factory (16) Years Eperience in Modern Furniture
PVF Premium Valiant Family Co.,Ltd
FREE 5 YEAR WARRANTY
Our Products Warranty
Valiant Seating



Creative Quality Service
*Office Furniture,
*Home Furniture,
*Restaurant Furniture,
*School Furniture'
*Sofa & Chairs
Service
*FREE Measurement
*FREE Layout Plan
*FREE Consulting
*FREE Quotation
*FREE Delivery & Install

Address - No.3, Than Chet Wun U Myu Road, East Dagon Industrial Zone(2), East Dagon Township, Yangon, Myanmar
Cnntact - +959 764 800 881, +959 764 800 882, +959 955 100 881, +959 955 100 882
Email - info@proplusfurniutre.com
Web Link- www.proplusfurniture.com, www.facebook.com/proplusfurniturefactory
Available Colour
We Are Using Particle Board International Standard (E-01) Grate
bello

# SUZUKI @ စင်ကျူရီ

ALL NEW **SWIFT** @ စင်ကျူရီ (မန္တလေး) ၃၅လမ်း ၊ ၆၉–၇၀လမ်းကြား။ ၀၉–၇၇၇ ၅၆၇ ၅၆၇

@ စင်ကျူရီ (မကွေး) သစ္စာလမ်း ၊ ပြည်တော်သာလမ်းအနီး ။ ၀၉–၇၇၇၇၇ ၁၉ ၁၉

@ စင်ကျူရီ (မုံရွာ) ဗိုလ်ချုပ်လမ်း ၊*Ocean Super Center* ။ ၀၉–၇၇၇၇၇ ၁၅ ၁၅




**ICHIBAN**

JAPANESE NO.1 MOTOR OIL

ဂျပန်နိုင်ငံထုတ် အင်ဂျင်ဝိုင် နှင့် အင်ဂျင်ဝိုင်အားဖြည့်ဆီ

BETTER CAR LIFE WITH US!













MINN THU TA TRADING

No.3/4, Nawaday Garden Housing, (Back of Super One Shopping Mall)
HlaingTharYar Township, Yangon, Myanmar.

09-253244411

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဥပဒေဆိုင်ရာစာတမ်းဖတ်ပွဲ (Law Symposium) အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများအား ဥပဒေဆိုင်ရာ ဗဟုသုတများ ရရှိနိုင်ရေးအတွက် ဥပဒေဆိုင်ရာစာတမ်းဖတ်ပွဲ (Law Symposium) ကို ဖေဖော်ဝါရီ ၂၅ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၃)၊ ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားသည်။

**စာမျက်နှာ ၃၁ သို့**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အိန္ဒိယသမ္မတနိုင်ငံ Ministry of Commerce ၏ Logistic Division မှ Special Secretary နှင့် Department of Consumer Affairs မှ Senior Economic Advisor ဖြစ်သူ Shri Rohit Kumar Parmar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့နှင့် သီးခြားစီတွေ့ဆုံ

အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့သို့ ရောက်ရှိနေသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဖေဖော်ဝါရီ ၂၃ရက် နံနက် ၁၁ နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ၊ Ministry of Commerce and Industry ၏ Logistic Division မှ Special Secretary ဖြစ်သူ Shri N.Sivasailam ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံရာတွင် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်ကုန်စည်၊ ဝန်ဆောင်မှုနှင့် လူပုဂ္ဂိုလ် ဖြတ်သန်းသွားလာရေးအတွက် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ လျင်မြန်ချောမွေ့စေရေး၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့သည်။

ဖေဖော်ဝါရီ ၂၂ရက် နံနက် ၁၀: ၃၀ နာရီတွင် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်မိုးကျော်၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ဥက္ကဋ္ဌ ဦးထွန်းလွင်တို့ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Ministry of Consumer Affairs, Food and Public Distribution မှ

**စာမျက်နှာ ၃၁ သို့**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး အရက်၊ ဘီယာ၊ ဝိုင်(ယမကာ) ထုတ်လုပ်တင်သွင်းရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေး ကော်မတီ၏ ပထမအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



အရက်၊ ဘီယာ၊ ဝိုင်(ယမကာ) ထုတ်လုပ်တင်သွင်းရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ ပထမအကြိမ်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၈ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ အရက်၊ ဘီယာ၊ ဝိုင်(ယမကာ) ထုတ်လုပ်တင်သွင်းရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရက အရက်၊ ဘီယာ၊ ဝိုင် (ယမကာ) ထုတ်လုပ်တင်သွင်းရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေးကော်မတီအား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ၁၉ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ပြီးဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ သတ်မှတ်ထားပါကြောင်း၊ ကော်မတီအနေဖြင့် ပထမဆုံးအကြိမ် အစည်းအဝေး ကျင်းပခြင်းဖြစ်၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများ ဆွေးနွေးပေးစေလိုကြောင်း၊ ထို့အပြင် လမ်းညွှန်ချက်အရယစ်မျိုးဥပဒေ (မူကြမ်း) အပေါ် သဘောထားမှတ်ချက်တင်ပြပေးရမည်ဖြစ်ကြောင်း၊ ဥပဒေမူကြမ်းနှင့်ပတ်သက်၍ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တင်ပြပေးရန်နှင့် သက်ဆိုင်ရာဌာနများမှ (မူကြမ်း) အပေါ် အကြံပြုဆွေးနွေးတင်ပြပေးရန်တို့ကို မှာကြားသည်။

ထို့နောက်တက်ရောက်လာကြသော သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။

**MOC(IR)**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မြင့်လွင်
မင်းမင်း
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
သိန်းထွန်းဦး

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွှန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

## ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်၊ ငပုတောမြို့နယ်များတွင် ဧည့်မထဆန်စျေးနှုန်း အနည်းငယ်မြင့်တက် ကျန်မြို့နယ်များ စျေးနှုန်းတည်ငြိမ်လျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး၊ ဆန်စပါးစျေးကွက်ဒေသတွင် အရောင်းအဝယ်သွက်လျက်ရှိသော ကန်ကြီးထောင့်၊ ငပုတောမြို့နယ်များ၌ မိုးဧည့်မထဆန်စျေးနှုန်းများ အနည်းငယ်မြင့်တက်မှုရှိကြောင်း၊ ကန်ကြီးထောင့်မြို့နယ်တွင် ယခင်တစ်ပတ်က မိုးဧည့်မထဆန် တစ်အိတ်ကို ကျပ် ၂၂၀၀၀ မှ ယခုတစ်ပတ်မှာ ကျပ် ၂၂၅၀၀၊ ငပုတောမြို့နယ်တွင် ယခင်တစ်ပတ်က မိုးဧည့်မထဆန် တစ်အိတ်ကို ကျပ် ၂၁၀၀၀ မှ ယခုတစ်ပတ်မှာ ကျပ် ၂၂၀၀၀ စျေးမြင့်သွား၍ ၎င်းမြို့နယ်များတွင် ဆန် တစ်အိတ်ကို ကျပ် ၅၀၀၊ ၁၀၀၀ စျေးနှုန်း မြင့်တက်မှုရှိပြီး စပါးစျေးနှုန်းပြောင်းလဲမှုမရှိကြောင်း စျေးကွက်သတင်းများမှသိရသည်။ ဧရာဝတီတိုင်းကျန်မြို့နယ်များတွင် ပေါ်ဆန်းစပါး၊ ဆန်စျေးနှုန်းနှင့် ဧည့်မထစပါး၊ ဆန်စျေးနှုန်းများ ပြောင်းလဲမှု မရှိဘဲ ပေါ်ဆန်းစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၈၄၉၀၀၀- ၉၈၀၀၀၀ စျေးအတွင်းရှိကာ ပေါ်ဆန်း ဆန်တစ်အိတ် ကျပ် ၃၆၀၀၀-၄၀၀၀၀ စျေး၊ ဧည့်မထစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၅၀၆၀၀၀-၅၇၀၀၀၀ စျေးအတွင်းနှင့် ဆန်တစ်အိတ်ကို ကျပ် ၂၁၀၀၀ - ၂၂၅၀၀ အတွင်း ဖြစ်ကြောင်း စျေးနှုန်းတည်ငြိမ်၍ ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်း ဆန်စပါး စျေးကွက်သတင်းများမှ သိရသည်။

**ဧရာမြေ (ပုသိမ်)**

## ယခုတစ်ပတ် ဆန်စျေးငြိမ်သော်လည်း အမြင့်တန်းဆန်အချို့ စျေးတက်

ယခုတစ်ပတ် ရန်ကုန်ဆန်စျေးကွက်မှာ ဆန်အဝင် ပုံမှန်ရှိပြီး အရောင်းအဝယ်အေးကြောင်း သိရပါတယ်။ ရန်ကုန်ဝါးတန်းဆန်ကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားစျေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကိုကျပ်၄၀၀၀၀ နဲ့လတ်စတစ်အိတ်ကိုကျပ်-၃၈၀၀၀၊ပုသိမ်၊ မြောင်းမြ ပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကိုကျပ်၄၂၀၀၀နဲ့လတ်စတစ်အိတ်ကို၄၀၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကို ကျပ် ၃၆၀၀၀နဲ့လတ်စတစ်အိတ်ကိုကျပ် ၃၄၀၀၀ရှိပြီး ယခင်တစ်ပတ်အတိုင်း စျေးငြိမ်နေကြောင်းသိရပါတယ်။

ပေါ်ဆန်းဆန်တစ်အိတ်ကိုကျပ်၄၈၀၀၀-၅၀၅၀၀၊ ကျားပျံပေါ်ဆန်းဆန်တစ်အိတ်ကို ကျပ်၄၀၀၀၀-၄၂၀၀၀ရှိပြီး ဆန်အမြင့်တွေက တစ်အိတ်ကိုကျပ်၅၀၀မှ၂၀၀၀ခန့်အထိ စျေးတက်ကြောင်းသိရပါတယ်။ ပေါ်ဆန်းဆန်အသစ် တစ်အိတ်ကိုကျပ်၃၂၀၀၀-၃၅၅၀၀၊ မွှေးကြီးရှယ်တစ်အိတ်ကို ကျပ် ၂၅၅၀၀-၂၆၀၀၀ ရှိပြီးအရောင်းအဝယ်အေးကြောင်းသိရပါတယ်။




ယခုတစ်ပတ်မှာ ဆန်ကြမ်းအဝင်ပုံမှန်ရှိပြီး ဧည့်မထ ၂၅မှတ် ဆန်တစ်အိတ်ကို ကျပ် ၁၉၀၀၀-၁၉၅၀၀၊ ရက် (၉၀) ဆန်အသစ်တစ်အိတ်ကို ကျပ် ၂၅၀၀၀-၂၅၅၀၀၊ သီးထပ်ရှယ်တစ်အိတ်ကိုကျပ် ၂၄၀၀၀-၂၅၀၀၀၊ အကြမ်းရှယ်တစ်အိတ်ကို ကျပ် ၂၁၂၀၀-၂၁၅၀၀ရှိကြောင်း ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားစျေးနှုန်းများအရ သိရပါတယ်။ **ယဉ်ယဉ်အေး**

## ရေကြောင်းမှ ဆန်နဲ့ဆန်ကွဲ ပိုမိုတင်ပို့

ဖေဖော်ဝါရီ၁၆ရက်မှ၂၂ရက်အထိသီတင်းတစ်ပတ်အတွင်းမြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှအမေရိကန်ဒေါ်လာ၄ဒသမ၂၁၆သန်းတန်ဖိုးရှိဧည့်မထဆန် ၁၃၆၁၃ တန်ကျော်တင်ပို့ခဲ့တယ်လို့သိရပါတယ်။

မြန်မာတရုတ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှတင်ပို့မှုများမှာမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ၁၃၃၂၃တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှတန်ချိန်၁၅၀၊လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၁၀၂တန်ကျော်၊ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ၂၅တန်တင်ပို့ခဲ့ပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိမောင်တော ကုန်သွယ်ရေးစခန်းမှ၁၃တန်ကျော်တင်ပို့ခဲ့ပြီးယခင်တစ်ပတ် ကုန်သွယ်ရေးစခန်းများရဲ့ဆန်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၂၈၀၅တန်အပို့လျော့ကျခဲ့ကြောင်းသိရပါတယ်။ ယခုတစ်ပတ်မှာလွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှဆန်ကွဲတင်ပို့မှုမရှိကြောင်းသိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှဖေဖော်ဝါရီ၁၇ရက်မှ၂၃ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇ဒသမ၃၀၇သန်းတန်ဖိုးရှိဧည့်မထဆန်နဲ့ပေါင်းဆန် ၂၁၀၉၈ တန်တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ယခုတစ်ပတ် ဆန်တင်ပို့မှုများမှာ ဖိလစ်ပိုင်နိုင်ငံသို့တန်ချိန်၁၁၃၅၀၊စင်ကာပူနိုင်ငံသို့ တန်ချိန်၁၂၅၀၊ဗီယက်နမ်နိုင်ငံသို့တန်ချိန်၅၅၀၊ တရုတ်နိုင်ငံသို့ ၁၀၃တန်၊ တိုင်ဝမ်သို့ ၂၄၆တန်၊တိုဂိုနိုင်ငံသို့ ၁၆၂၅ တန်၊အိုင်ဗရီကိုစ့်နိုင်ငံသို့တန်ချိန်၁၀၀၀နဲ့အီးယူနိုင်ငံများသို့ ၄၉၇၄ တန်တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်ဆန်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါကယခုတစ်ပတ်မှာ၄၉၃၉ တန် ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၃ဒသမ ၂၆၆ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန်၁၂၁၅၀တင်ပို့ခဲ့ပြီး ဗီယက်နမ်နိုင်ငံသို့တန်ချိန် ၂၅၀ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၃၀၀၀၊ စင်ကာပူနိုင်ငံသို့ ၇၅ တန်နဲ့ အီးယူနိုင်ငံများသို့ ၈၈၂၅ တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ တန်ချိန် ၂၇၅၀ ပိုမိုတင်ပို့ခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ် ဆန်တင်ပို့မှုစုစုပေါင်းမှာ ၃၄၇၁၁ တန်ဖြစ်ပြီး ဆန်ကွဲတင်ပို့မှုစုစုပေါင်းမှာတန်ချိန် ၁၂၁၅၀ ဖြစ်ပါတယ်။ ကုန်သွယ်ရေးစခန်းများမှတင်ပို့မှုလျော့ကျခဲ့သော်လည်း ရေကြောင်းမှပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။

**ယဉ်ယဉ်အေး**

## တရုတ်နိုင်ငံသို့ ပီလောပီနံအမှုန့်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇၃၅၀ တန်ဖိုးရှိပီလောပီနံမှုန့် ၃၅ တန်တင်ပို့ခဲ့ပါတယ်။ ယခင်နှစ်ကာလတူက မူဆယ်မှတန် ၈၀ တင်ပို့ခဲ့ကြောင်း၊ ပီလောပီနံအမှုန့်များကို တရုတ်နိုင်ငံတွင် တိရစ္ဆာန်အစာအတွက် အသုံးပြုတာမို့ တင်ပို့မှုရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

## အာရှနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၁-၃-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၂ | ၃၈၇ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၂ | ၃၇၇ | ▽ | ၃၃၃ | ၃၃၀ | △ | ၃၇၀ | ၃၇၀ | □ | ၃၅၃ | ၃၅၅ | △ |
| ဆန်ဖြူ ၁၀% | ၃၈၁ | ၃၇၆ | ▽ | ၃၃၁ | ၃၃၆ | △ | - | - | - | ၃၄၀ | ၃၅၀ | △ |
| ဆန်ဖြူ ၁၅% | ၃၇၉ | ၃၇၄ | ▽ | ၃၂၀ | ၃၃၃ | △ | - | - | - | ၃၄၃ | ၃၄၅ | △ |
| ဆန်ဖြူ ၂၅% | ၃၇၃ | ၃၆၇ | ▽ | ၃၂၀ | ၃၂၀ | □ | ၃၅၀ | ၃၅၅ | △ | ၃၂၃ | ၃၂၀ | ▽ |
| ပေါင်းဆန် | ၄၁၀ | ၄၁၂ | ▽ | - | - | - | ၃၇၀ | ၃၇၀ | □ | ၄၀၀ | ၄၀၀ | □ |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၁-၃-၂၀၁၉)ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၄၀၀ | □ | ၂၂၅၀၀ | □ | ၉၃၀၀ | □ | ၄၃၀၀၀ | □ |
| ပုသိမ် | ၅၃၃၀ | △ | ၂၂၀၀၀ | △ | ၉၅၀၀ | ▽ | ၃၀၀၀၀ | □ |
| ပဲခူး | ၅၅၀၀ | △ | ၂၂၀၀၀ | □ | - | - | ၄၃၀၀၀ | □ |
| ရွှေဘို | ၇၅၀၀ | □ | ၃၂၀၀၀ | ▽ | ၁၃၅၀၀ | □ | ၄၂၀၀၀ | □ |
| စစ်တွေ | ၅၃၀၀ | □ | ၂၄၀၀၀ | △ | ၉၂၀၀ | △ | ၄၁၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | □ | ၂၀၅၀၀ | □ | - | - | ၄၉၀၀၀ | □ |
| မန္တလေး | ၇၀၀၀ | △ | ၂၅၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၂၃၅၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မော်လမြိုင် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | ၉၆၆၀ | □ | ၃၀၀၀၀ | □ |
| လှိုင်ကော် | ၈၀၀၀ | △ | ၄၂၀၀၀ | △ | - | - | ၆၆၀၀၀ | □ |
| မြိတ် | ၆၅၀၀ | □ | ၂၄၅၀၀ | △ | - | - | ၄၁၀၀၀ | △ |
| ဘားအံ | ၅၀၀၀ | △ | ၂၁၅၀၀ | □ | - | - | ၄၆၀၀၀ | ▽ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးစျေးမှာ သန်လျင် မြို့နယ်၏ စပါးစျေးနှုန်းဖြစ်ပါသည်။

## ၂၅-၂-၂၀၁၉ မှ ၁-၃-၂၀၁၉ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 396 | 17,984,346.780 |
| 2 | Form D | 163 | 11,571,890.355 |
| 3 | Form E | 151 | 10,574,001.200 |
| 4 | Korea GSP | 13 | 432,139.150 |
| 5 | Form AK | 166 | 5,411,946.190 |
| 6 | Form AJ | 15 | 739,895.940 |
| 7 | Form AI | 64 | 1,317,041.995 |
| 8 | Form AANZ | 8 | 244,034.900 |
| 9 | Form DFTP | 2 | 365,764.000 |
| 10 | Form CHINA | | |
| **Grand Total** | | **978** | **48,641,060.510** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁-၃-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၂/၂ | ၁/၃ | ပြောင်းလဲမှု | ၂၂/၂ | ၁/၃ | ပြောင်းလဲမှု | ၂၂/၂ | ၁/၃ | ပြောင်းလဲမှု | ၂၂/၂ | ၁/၃ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၀၃၂ | ၁၀၆၁ | ▲ | ၁၁၆၇ | ၁၁၈၃ | ▲ | ၁၀၇၅ | ၁၀၅၀ | ▼ | ၉၅၀ | ၁၀၀၀ | ▲ |
| ပဲစင်းငုံ | ၁၁၈၀ | ၁၁၄၉ | ▼ | ၁၃၀၀ | ၁၀၅၀ | ▼ | ၁၂၉၀ | ၁၂၆၅ | ▼ | ၁၂၇၅ | ၁၂၈၅ | ▲ |
| ပဲတီစိမ်း | ၁၅၅၀ | ၁၃၃၀ | ▼ | ၁၈၆၇ | ၁၈၆၇ | ■ | ၁၆၈၄ | ၁၆၈၄ | ■ | ၁၆၃၀ | ၁၆၃၀ | ■ |
| ကုလားပဲရိုးရိုး | ၁၈၀၀ | ၁၈၅၀ | ▲ | ၁၃၃၀ | ၁၂၈၄ | ▼ | ၁၂၈၉ | ၁၂၈၉ | ■ | ၁၃၃၅ | ၁၂၈၀ | ▼ |
| ပဲလွန်းဖြူ | ၉၅၀ | ၉၆၅ | ▲ | ၁၁၃၃ | ၁၁၆၇ | ▲ | ၁၂၃၀ | ၁၂၃၀ | ■ | ၁၂၃၀ | ၁၂၃၀ | ■ |
| ထောပတ်ပဲ | ၂၀၀၀ | ၂၂၆၀ | ▲ | ၂၁၃၃ | ၂၂၅၈ | ▲ | ၁၉၄၇ | ၂၀၁၅ | ▲ | ၁၉၈၅ | ၁၉၇၅ | ▼ |

✳ မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၆.၂.၁၉)ထိ | ယခုတစ်ပတ် (၂၃.၂.၁၉)ထိ | (၁.၁.၁၉) မှ (၂၃.၂.၁၉) ထိ |
| မတ်ပဲ | ၇၁၈၁၀ | ၂၁၂၉ | ၇၃၉၃၉ |
| ပဲတီစိမ်း | ၂၁၆၂၂ | ၆၈၆၀ | ၂၈၄၈၂ |
| ပဲစင်းငုံ | ၂၂၅၉၂ | ၄၁ | ၂၂၆၃၃ |
| ကုလားပဲ | ၇၅၉၈ | ၈၈၁ | ၈၄၇၉ |
| ပဲလွန်းဖြူ | ၂၀၃၉ | ၉၉၅ | ၃၀၃၄ |
| မြေထောက်ပဲ | ၄၂၅ | ၂၀၅ | ၆၃၀ |

## ကိုင်းမြေစိုက်ပဲလွန်းအသစ် ပေါ်ဦးပေါ်ဖျား ဈေးကောင်းရနေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းနှင့်ပွင့်ဖြူမြို့နယ်များ၌စိုက်ပျိုးသော ပဲလွန်းများဆွတ်ခူးနေကြပြီဖြစ်ရာ ပွဲစားများမှဝယ်ယူသောကြောင့်ဈေးကောင်း ရနေကြောင်း ပဲဈေးကွက်မှသိရသည်။

"ဒီနှစ် ပဲလွန်းအပွင့်ပွင့်ချိန်မှာ ရာသီဥတုအခြေအနေကောင်းခဲ့တာကြောင့် ပဲလွန်းအထွက်ကောင်းပါတယ်။ ယခင်နှစ်ကာလတွေက ပဲလွန်း ၁၀ တင်းသာရတယ်။ ယခုနှစ်တော့ ပဲ ၁၅ တင်းရကြောင်း ပဲတစ်တင်းကိုကျပ် ၂၈၀၀၀ ရောင်းရပြီး တွက်ခြေကိုက်ခဲ့တယ်"ဟု ဝက်လွှတ်ကျေးရွာအုပ်စုမှ တောင်သူဦးသန်းက ပြောသည်။

တောင်သူများသည်ပဲလွန်းကိုကြပက်စနစ်ဖြင့် စိုက်ပျိုးနိုင်ပြီး တစ်ကြိမ်သာ ပေါင်းလိုက်ရသဖြင့် အခြားမြေပဲများလို အရင်းအနှီးမများကြောင်း နွားစာအတွက် ဖူလုံကြောင်းသိရသည်။

ဈေးကွက်မှာ ပဲလွန်းတစ်တင်းကို ကျပ် ၂၈၀၀၀ဈေးပေါက်ကြောင်း လုပ်ငန်းသုံးအနေနှင့် ဝယ်လှောင်သလို လက်လီရောင်းသူကလည်းယူကြောင်း ယခင်နှစ်ကာလတူမှာတော့ ပဲလွန်းတစ်တင်းကျပ် ၂၅၀၀၀ သာရှိခဲ့ကြောင်း ပဲဈေးကွက်မှ သိရသည်။

**ရွှေဇင်(ရေနံချောင်း)**

## ပြည်ဈေးကွက်တွင် စမုံနက်နမ်းနှင့်နမ်းနက်ဈေးပြန်မြင့်

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်သို့ ယခုတစ်ပတ်တွင် ဆောင်းနှမ်းလက်ကျန်များ တစ်နေ့လျှင် အိတ် ၁၅၀ ခန့် ကံမနှင့်မင်းတုန်းဘက်မှ ဝင်ရောက်လာတာ တွေ့ရပါတယ်။

ပဲခူးတိုင်းဒေသကြီးအနောက် ပြည်ခရိုင်တွင် နှမ်းနီစိုက်ဧကမှာ နည်းပါးလာတဲ့အတွက် နှမ်းနီအထွက်မှာလည်း ရှားလာပြီး ဆီကြိတ်ရန် နှမ်းနက်အကျများကို ဆီကြိတ်ရသောကြောင့် ဆီထွက်နှုန်းနည်းလာလို့ နှမ်းဆီဈေး မြင့်လာတာ တွေ့ရပါတယ်။ နှမ်းနက်နှင့်စမုံနက်နှမ်းသန့်သန့်ကို မန္တလေးဝယ်လက်များက အဝယ်ရှိနေတဲ့အတွက် ယခင်တစ်ပတ်ထက်စာရင် ဈေးမြင့်လာတာတွေ့ရပါတယ်။

ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၅၅၀၀၀ ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ နှမ်းနက်တစ်တင်းလျှင် ကျပ် ၅၈၀၀၀ နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၇၈၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးမြင့်လာတာတွေ့ရပါတယ်။ နှမ်းဆီဈေးမှာလည်း တစ်ပိဿာလျှင် ကျပ် ၇၈၀၀-၈၀၀၀ အထိရှိတာ တွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## ပခုက္ကူခရိုင်အတွင်း ပဲမျိုးစုံနှင့်နှမ်းမျိုးစုံအရောင်းအဝယ်ဖြစ်



ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီအသစ်မှာ ဈေးအနည်းငယ်ကျနေပါတယ်။ တစ်ပတ်အတွင်း အရောင်းအဝယ်မှာ အိတ် ၅၀ မှ ၂၀၀ ကြားအရောင်းအဝယ်ဖြစ်နေပြီး မန္တလေးနှင့် ရန်ကုန်သို့ တင်ပို့ လျက်ရှိပါသည်။

ယခုတစ်ပတ်၏ ပဲစင်းငုံနီဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၂၅၆၀၀-၂၆၁၀၀ ဖြစ်ပါသည်။ ကုလားပဲဝါလုံးကြီး 929 အသစ်တစ်တင်းလျှင် ကျပ် ၂၅၆၀၀၊ ကုလားပဲဖြူ လုံးကြီး တစ်တင်းလျှင် ကျပ် ၂၅၀၀၀၊ ကုလားပဲဝါ တစ်တင်းလျှင် ကျပ် ၂၇၂၀၀ ဖြင့် အိတ် ၅၀ ကြား ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်နေပါသည်။

ယောဒေသမှ ထွက်ရှိသော ထောပတ်ပဲမှာ တစ်တင်းလျှင် ကျပ် ၃၈၀၀၀-၃၈၃၀၀-၃၉၀၀၀ အိတ် ၃၀၀ ခန့်၊စွန်တာနီယော တစ်တင်းလျှင် ကျပ် ၂၀၀၀၀ အိတ် ၅၀ ခန့်၊ စွန်တာနီကျွန်းတစ်တင်းလျှင် ကျပ် ၁၈၅၀၀-၁၉၀၀၀ အိတ် ၅၀ ခန့်၊ နတ်တော်ပဲခေါ် ပဲလွန်းပြာအသစ် တစ်တင်းလျှင် ကျပ် ၁၉၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၉၅၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ပဲယင်းမြစ်ခြေ တစ်တင်းလျှင် ၂၃၇၀၀ ဖြင့် အိတ် ၅၀ ခန့်အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ နှမ်းနက်(ဂွ) တစ်တင်းလျှင် ကျပ် ၅၉၀၀၀-၆၀၀၀၀ ဖြင့်အိတ် ၃၀၀ ခန့်၊ နှမ်းနက်စမုံမှာအရည်အသွေး ကိုလိုက်၍တစ်တင်းလျှင် ကျပ် ၆၅၀၀၀ မှ ၈၅၀၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်များအရ သိရသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## မြင်းခြံခရိုင် ဆောင်းကုလားပဲ စိုက်ပျိုးမှုအခြေအနေ

မြင်းခြံခရိုင်တွင် ၂၀၁၈-၂၀၁၉ ခုနှစ်ထွက် ဆောင်းကုလားပဲ စိုက်ဧကပေါင်း ၃၄၃၉၇၊ ရိတ်ဧကပေါင်း ၁၃၆၀၈၊ အထွက်တင်းပေါင်း ၁၂၈၈၉၀ ဖြစ်ကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရှိရပါသည်။ မြင်းခြံမြို့နယ်၏ ကုလားပဲ စိုက်ဧက ၁၀၄၀၀၊ အထွက်တင်း ၃၃၆၆၀ တင်းဖြစ်ကြောင်း၊ တောင်သာမြို့နယ်၏စိုက်ဧက၇၆၃၀ ဧက ဖြစ်ပြီး ရိတ်သိမ်းမှု မရှိသေးကြောင်း၊ နွားထိုးကြီးမြို့နယ် စိုက်ဧက ၁၁၃၈၈ အထွက်တင်း ၆၂၄၉၁ တင်းဖြစ်ကြောင်း၊ ငါးဇွန်မြို့နယ်၏ စိုက်ဧကမှာ ၄၉၇၉၊ အထွက်တင်း ၃၂၇၃၉ တင်းဖြစ်ကြောင်း သိရှိရပါသည်။

ကုလားပဲကို သိုလှောင်ရာတွင် အစိုဓာတ် ၁၃ ရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်းအထိ သိုလှောင်ပြီး မှန်ကန်စွာစစ်ဆေးနေရမည်ဖြစ်ပါသည်။ သီးနှံရေငွေ့ပျံခြင်း၊ စိုထိုင်းဆမှုများကြောင့် ပျက်စီးလွယ်တတ်သည်ဖြစ်၍ ပတ်ဝန်းကျင် စိုထိုင်းဆ ၄၀ ရာခိုင်နှုန်းထက်မပိုအောင် ဂရုစိုက်ရမည်ဖြစ်ပါ သည်။

အထူးသဖြင့် သီးနှံကို ပိုးကျရောက်မှုမှ ကင်းဝေးစေရန် ကျရောက်တတ်သော ပိုးများနှင့် အသုံးပြုရမည့်ဆေးများကို စနစ်တကျ အချိန်ကာလအလိုက် ကာကွယ်နှိမ်နင်းရန်မှာလည်း များစွာ အရေးကြီးပါသည်။ စားသုံးမှုမှာ ကုလားပဲသီးနှံကို ပြုတ်စားခြင်း၊ လှော်စားခြင်း၊ ပဲခြမ်းပြုလုပ်၍ ချက်စားခြင်း၊ ကြော်စားခြင်းများ ပြုကြကြောင်းသိရပါသည်။ အရသာမှာ ချိုစိမ့်ပြီး နှုတ်မြိန်စေလျက်ခွန်အားကို ဖြစ်စေပါသည်။ စိုက်ပျိုးသည့်ကာလမှာ အောက်တိုဘာလနှင့် နိုဝင်ဘာလ ဖြစ်ပြီး ရိတ်သိမ်းသည့်ကာလမှာ ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလတို့ဖြစ်ကြောင်း သိရှိရပါသည်။ မြင်းခြံ ကုန်စည်ဒိုင်တွင် ကုလားပဲဝါအထွက်တိုးနှင့်V2 တစ်ပိဿာကို ကျပ် ၁၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဒိုင်သတင်းမှ သိရှိရပါသည်။

**သူဇာမိုး (မြင်းခြံခရိုင်)**

## ပြည်ဈေးကွက်ရဲ့ လက်လီပဲဈေးကွက်မှာ ထောပတ်ပဲသစ်စတင်ဝင်ရောက်

ပဲခူးတိုင်းဒေသကြီး ပြည်ပဲဈေးကွက်သို့ ယခုတစ်ပတ်မှာ ထောပတ်ပဲသစ်များ ဝင်ရောက်လာခဲ့တာကို တွေ့ရပါတယ်။ ပြည်အနီးတစ်ဝိုက်မှ ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး တစ်ရက်အိတ် ၄၀ ကျော် ၅၀ ထိဝင်ရောက်ခဲ့ကာ ဝယ်ယူမှုအနေဖြင့် လက်လီသမားများသာ ဝယ်ယူခဲ့တဲ့အတွက် ပဲဈေးမှာတစ်တင်းကျပ် ၃၂၀၀၀ ဖြင့် ဈေးဖွင့်ရောင်းဝယ်နေခဲ့ပါတယ်။ ထောပတ်ပဲသီးနှံမှာ ယခင်နှစ်ကလည်း ဈေးကောင်းရခဲ့တဲ့အတွက် လက်လီသာရောင်းဝယ်မှုအဖြစ်များသော်လည်း လက်ကားရောင်းဝယ်မှုဖြစ်သော အချို့ပဲများထက်ပင် ဈေးပိုရခဲ့ပါတယ်။ ယခုနှစ်မှာလည်း အဖွင့်ဈေးမှာကတည်းက ဈေးကောင်းရနေပြီဖြစ်ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## ပြည်ဈေးကွက်မှာ ပဲနီပြားသစ်များ လက်လီ/လက်ကားရောင်းဝယ်မှုဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ ပဲနီပြားသစ်အဝင်ဆက်ရှိခဲ့ကာ တစ်ရက်အိတ် ၁၀၀ ကျော် ဝင်ရောက်လာခဲ့ပါတယ်။ ယခင်တစ်ပတ်ကတည်းက ပဲသစ်များဝင်ရောက်ခဲ့ပြီး အဖွင့် ဈေးအနေဖြင့် တစ်တင်းကျပ် ၂၈၅၀၀ မှ ၂၉၀၀၀ အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကာ ယခုတစ်ပတ်မှာလည်း တစ်တင်း ကျပ် ၂၈၅၀၀ ဖြင့် အရောင်းအဝယ်ဆက်ဖြစ်နေတဲ့အတွက် ဈေးငြိမ်နေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ လက်လီသမားများနှင့် လှောင်လက်သမားများပါဝယ်ယူနေကြတဲ့အတွက် ဝင်ရောက်မှုရှိသမျှ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

## ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးများ ယခင်တစ်ပတ်ကလို ဆက်လက်ငြိမ်နေ

ပဲခူးတိုင်းဒေသကြီးအနောက် ပြည်ဈေးကွက်တွင်မြေပဲဆန်ဈေးများ ယခင်တစ်ပတ်ကအတိုင်း ဆက်လက်ငြိမ်နေတာ တွေ့ရပါတယ်။ ဝင်ရောက်မှုမှာ တစ်နေ့လျှင် အိတ် ၁၂၀၀ လောက်ကို ရခိုင်၊ မင်းတုန်းနှင့်ကံမဘက်မှ ဝင်ရောက်လာ၍ ဈေးကွက်တွင် မြေပဲဆန်ပုံမှန်ရောင်းဝယ်လျက်ရှိပါတယ်။

လုံးဆန်သန့်သန့်ကို ရန်ကုန်၊ မန္တလေးဝယ်လက်များက အဝယ်ရှိသလို ဆီဆန်ထဲမှ ရွေးဆန်ကိုဆီစက် များက အဝယ်ရှိတာတွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ မြေပဲဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၅၀၀၊ (အနီ) တစ်ပိဿာလျှင် ကျပ် ၂၇၅၀ နှင့် မြေပဲလုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၇၀၀ နှင့် လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာတွေ့ ရပါတယ်။

**ဝေဝေမင်း(ပြည်)**

Vol: 19, No.9 Monday March 4 2019

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သော သတင်းလွှာ (၂/၂၀၁၉) ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သောသတင်းလွှာ ( ၂ /၂၀၁၉ )**

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ ဖေဖော်ဝါရီလ ၂၆ ရက်

အကြောင်းအရာ။ **ဝိုင်တင်သွင်းခွင့်မှတ်ပုံတင်နှင့် လက်လီ/လက်ကားရောင်းချခွင့်လုပ်ငန်းမှတ်ပုံတင် ပြင်ဆင်ကြေးနှင့် မိတ္တူမှန်ကြေးတို့အားသတ်မှတ်ခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိပြောင်းလဲတိုးတက်လာသော အခြေအနေအရ နိုင်ငံခြားသားများဝင်ရောက်မှုများပြားလာခြင်း၊ ပြည်တွင်းဈေးကွက်လိုအပ်ချက်ရှိခြင်း တို့ကြောင့် နိုင်ငံခြားဖြစ်ဝိုင်အမျိုးမျိုးတင်သွင်းခွင့်ပြုခြင်းကို (၁၇-၃-၂၀၁၅) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁၈/၂၀၁၅) ဖြင့်လည်းကောင်း၊ လက်လီ/လက်ကားရောင်းချဖြန့်ဖြူးသူများအကြားမျှတသောယှဉ်ပြိုင်မှုတိုးတက်စေခြင်းဖြင့် စားသုံးသူများအတွက် ဈေးနှုန်းလျော့ကျပြီး ရွေးချယ်ခွင့်ပိုမိုရရှိစေရန်၊ ရောင်းချဖြန့်ဖြူးမှုလုပ်ငန်းများတွင် ကုန်ပစ္စည်းအရည်အသွေး၊ ဝန်ဆောင်မှုအရည်အသွေး၊ နည်းပညာများတိုးတက်စေရန်နှင့် ပြည်တွင်းထုတ်ကုန်များ ဈေးကွက်ပိုမိုရရှိ၍ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားပေါင်းစည်းဆောင်ရွက်သည့်ကုမ္ပဏီများအား ပြည်တွင်းတွင် လက်လီ/လက်ကားရောင်းချခွင့်ပြုခြင်းကို (၉-၅-၂၀၁၈) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၈) ဖြင့်လည်းကောင်း၊ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ သက်တမ်းကာလနှင့် မှတ်ပုံတင်ကြေး၊ သက်တမ်းတိုးကြေးသတ်မှတ်ချက်များပါဝင်သည့် လက်လီလက်ကား ရောင်းချခွင့်လုပ်ငန်းမှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာလုပ်ငန်းစဉ်ထုတ်ပြန်ခြင်းကို သတင်းလွှာ ၂/၂၀၁၈ ဖြင့်လည်းကောင်း အသီးသီးထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ချက်များတွင် ခွင့်ပြုထုတ်ပေးထားသည့် မှတ်ပုံတင်များ တွင်ပါဝင်သော အချက်များအပေါ် ပြင်ဆင်ခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ခွင့်ပြုထုတ်ပေးထားသော မှတ်ပုံတင်များ ပျောက်ဆုံးခြင်းကြောင့် မိတ္တူမှန်လျှောက်ထားခြင်းများအတွက် နိုင်ငံတော်သို့ပေးသွင်းရမည့် သတ်မှတ်နှုန်းထားများ ပါဝင်ခြင်းမရှိသေးသဖြင့် အဆိုပါ မှတ်ပုံတင်များအပေါ် ပြင်ဆင်ကြေးနှင့် မိတ္တူမှန်ကြေးများအား အောက်ပါသတ်မှတ်နှုန်းအတိုင်း ပေးသွင်းရန်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ဝိုင်တင်သွင်းခွင့်မှတ်ပုံတင်နှင့် လက်လီ/လက်ကားရောင်းချခွင့် လုပ်ငန်းမှတ်ပုံတင်ပါအချက်များ ပြင်ဆင်ပါက ပြင်ဆင်ချက်တစ်ချက်လျှင် ကျပ် ၁၀၀၀၀၊

(ခ) ဝိုင်တင်သွင်းခွင့်မှတ်ပုံတင်နှင့် လက်လီ/လက်ကားရောင်းချခွင့် လုပ်ငန်းမှတ်ပုံတင် မိတ္တူမှန်လျှောက်ထားလျှင် ကျပ် ၂၀၀၀၀၊

**ကုန်သွယ်ရေးဦးစီးဌာန**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၈ . ၂ . ၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၂) | -ALS SUZURAN | TEU ၄၄၀တင်ဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | -SINAR BANDUNG | TEU ၇၃၅ တင် ၅၀၀ ချဆဲ |
| ဆူးလေဆိပ်ကမ်း(၁) | - VANTAGE REEF | ဆန် ၂၀၀၀၀ တင်ဆဲ |
| သီလဝါဆိပ်ကမ်း(၃) | - JY PROGRESS | Steel ၂၃၀၀၀ ချဆဲ |
| သီလဝါဆိပ်ကမ်း(၄) | - KEI MEI | Steel Slag ၂၃၈၇၆ ချဆဲ |
| သီလဝါဆိပ်ကမ်း(၅) | - SHENG CHENG HAI | Steel Product ၂၆၀၀၀ ချဆဲ |
| MMTM JETTY | - MT YU DONG | Diesel&Mogas (92Ron) ၁၇၂၄၃ ချဆဲ |
| ELITE JETTY | -MT OCEAN PROGRESS | Mogas (92Ron) ၁၀၉၁၂ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SHENG CHENG HAI | Steel Product ၂၆၀၀၀ ကုန်ချရန် | CHINA | ၂၂ ၊ ၂ ၊ ၂၀၁၉ |
| BORKUN | 5Unit Contr&Steel Bars ၄၇၅၀ ကုန်ချရန် | UAE | ၁ ၊ ၃ ၊ ၂၀၁၉ |
| SPRING ARAM | Oil Well Equipment ၂၄၃၁ကုန်တင်ရန် | THAI | ၁၊ ၃၊ ၂၀၁၉ |
| SADLERES WELLS | Steel&UREA ၂၉၈၃၀ ကုန်ချရန် | CHINA | ၃၊ ၃၊ ၂၀၁၉ |
| OCEAN HARMONY | Ammonium Nitratel ၆၂၀၇ ကုန်ချရန် | THAI | ၄၊ ၃၊ ၂၀၁၉ |
| MS SILVER DISCOVERER | Nos CruiseVessel Pax ၈၅ ကုန်ချရန် | MAWLAMYINE | ၄၊ ၃၊ ၂၀၁၉ |
| VINALINES BRAVE | STEEL ၄၉၉၀ ကုန်တင်ရန် | CHINA | ၁၃၊ ၃၊ ၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KUO TAI | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၊ ၃၊ ၂၀၁၉ |
| RATANA THIDA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၁၊ ၃၊ ၂၀၁၉ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၊ ၃၊ ၂၀၁၉ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၊ ၃၊ ၂၀၁၉ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၊ ၃၊ ၂၀၁၉ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆၊ ၃၊ ၂၀၁၉ |
| PACAO | SINGAPORE | စက်မှုဆိပ်ကမ်း | ၇၊ ၃၊ ၂၀၁၉ |
| CHERRY VESTA | SINGAPORE | စက်မှုဆိပ်ကမ်း | ၇၊ ၃၊ ၂၀၁၉ |
| ISECAO FORTUNE | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၉၊ ၃၊ ၂၀၁၉ |
| MITRA BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉၊ ၃၊ ၂၀၁၉ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀၊ ၃၊ ၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN SEAL | MOGAS(92 RON) | - | ၂၁၊ ၂၊ ၂၀၁၉ |
| MT.SENNA-7 | LPG GAS(92 RON) | ELITE JETTY | ၂၈၊ ၂၊ ၂၀၁၉ |
| MT.ALESSA | P.Oil(In Bulk) | - | ၁၊ ၃၊ ၂၀၁၉ |
| MT.PHUBAI PATTRA-2 | Diesel | SINGAPORE | ၂၊ ၃၊ ၂၀၁၉ |
| MT.AUVIRGO | P.Oil(In Bulk) | INDONESIA | ၂၊ ၃၊ ၂၀၁၉ |
| MT.GREAT PRINCESS | MOGAS(92 RON) | SINGAPORE | ၂၊ ၃၊ ၂၀၁၉ |
| MT.VIET STAR | P.Oil(In Bulk) | INDONESIA | ၃၊ ၃၊ ၂၀၁၉ |
| MT.CHAO ANOMA | P.Oil(In Bulk) | INDONESIA | ၃၊ ၃၊ ၂၀၁၉ |
| MT.VIET TIN LUCKY | P.Oil(In Bulk) | INDONESIA | ၃၊ ၃၊ ၂၀၁၉ |
| MT.YU HAI | P.Oil(In Bulk) | SINGAPORE | ၃၊ ၃၊ ၂၀၁၉ |
| MT.PHUBAI PATTRA-2 | Diesel | SINGAPORE | ၅၊ ၃၊ ၂၀၁၉ |
| MT.FLY GURNARD | P.Oil(In Bulk) | SINGAPORE | ၅၊ ၃၊ ၂၀၁၉ |
| MT.GLORY STAR | Diesel | SINGAPORE | ၆၊ ၃၊ ၂၀၁၉ |
| MT.GLORY OCEAN | Diesel | SINGAPORE | ၆၊ ၃၊ ၂၀၁၉ |

# ရိဒ်ကုန်သွယ်ရေးစခန်းမှ အိန္ဒိယသို့ ဖရဲတင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၃ သန်းတန်ဖိုး ရှိဖရဲသီးတန် ၁၀၀ ကို အိန္ဒိယနိုင်ငံသို့တင်ပို့ခဲ့ပါတယ်။

ချင်းပြည်နယ်ရှိ ရိဒ်ခေါဒါရ်မြို့မှာ မြန်မာနိုင်ငံနဲ့ အိန္ဒိယနယ်စပ်မြို့ဖြစ်တာကြောင့် လူဝင်/လူထွက်များခြင်း၊ ရိဒ်ရေကန်သို့ အလည်အပတ်ခရီးလာရောက်သူများပြားခြင်းတို့ကြောင့် နွေရာသီကာလနှင့် ပွင့်လင်းရာသီကာလတွင် လူစည်ကားပြီး ဖရဲသီးရောင်းဝယ်မှုဈေးကွက်ဖြစ်ထွန်းလျက်ရှိကြောင်း သိရပါတယ်။ ရိဒ်ခေါဒါရ်ဒေသကို တင်ပို့တဲ့ ဖရဲသီးများမှာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တစ်ဝိုက်မှ ဖြစ်ကြောင်း သိရပါတယ်။



အဆိုပါ သီတင်းပတ်အတွင်း မူဆယ်နဲ့ချင်းရွှေဟော်မှလည်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၀၈ သန်းတန်ဖိုးရှိ ဖရဲသီးတန်ချိန်သုံးသောင်းနီးပါးကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၇၀၅၁ တန်ဖိုးရှိ ဖရဲသီးတန် ၁၀၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ **မော်မော်အောင်**

# မူဆယ်မှ ငရုတ်သီးအစိုရောအခြောက်ပါတင်ပို့

ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၇၆၇၇၄ တန်ဖိုးရှိ ငရုတ်သီးအစို ၄၄၆ တန်ကျော်နဲ့ အမေရိကန်ဒေါ်လာ ၁၀၉၅၀ တန်ဖိုးရှိ ငရုတ်သီးခြောက် ခုနစ်တန်ခွဲကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှငရုတ်သီးအစို ၃၆၂ တန်ကျော်သာ တင်ပို့ခဲ့ပြီး ငရုတ်သီးခြောက် တင်ပို့မှုမရှိခဲ့ပါ။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အဆိုပါ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၄၀၁၆၆ တန်ဖိုးရှိငရုတ်သီးအစို ၂၁၅ တန်ကျော်ကို ထိုင်းနိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ၂၂၉ တန်ကျော်တင်ပို့ ခဲ့လို့ ယခုတစ်ပတ် ၁၄ တန်လျော့နည်းခဲ့ပေမယ့် မြဝတီမှ ငရုတ်သီးအစိုပုံမှန်တင်ပို့မှုရှိတာ တွေ့ရပါတယ်။

**မော်မော်အောင်**

## ကြက်သွန်

# ပဲခူးတိုင်းဒေသကြီး ပြည်ကြက်သွန်နီဈေးကွက်၌ အဝင်များပေမယ့် အရောင်းအဝယ် ထက်ဝက်ခန့်သာရှိ

ပြည်ဈေးကွက်သို့ ယခုတစ်ပတ်တွင် အောင်လံ၊ သရက်၊ တောင်တွင်း၊ ရေနံချောင်း၊ ပခုက္ကူစတဲ့နယ်စုံမှ ကြက်သွန်နီများ တစ်ရက်လျှင် ပိဿာ ၃၀ ဝင် အိတ် ၅၀၀-၅၅၀ ခန့် ဝင်ရောက်လျက်ရှိပြီး တစ်ပတ်လျှင် အိတ် ၃၅၀၀ ခန့်ရှိသည့်အတွက် ဝင်ရောက်မှု များပြားနေကြောင်းသိရပါတယ်။ အဝင်များပေမယ့်အရောင်းအဝယ်မှာ ဝင်ရောက်မှုရဲ့ ထက်ဝက်ခန့်သာအရောင်း အဝယ်ရှိကြောင်း သိရပါတယ်။

ဝင်ရောက်လာသောကြက်သွန်နီများမှာ အရည်အသွေးကောင်းသလို ဈေးနှုန်းမှာလည်း ပွဲရုံများတွင် တစ်ပိဿာကို (ကြီး/လတ်) ကျပ် ၄၀၀-၅၀၀-၅၅၀-၆၀၀၊ (သေး/သေးဆုံး)ကျပ် ၂၅၀-၃၅၀-၃၀၀ နှုန်းတို့ဖြင့် ဈေးနှုန်းချိုသာသော်လည်း စားသုံးသူများမှာ ယခင်လများက ဝယ်ယူစုဆောင်းထားမှု များပြားခဲ့သည့်အတွက် မျှော်မှန်းထားသလို အဝင်ရှိသလောက် အရောင်းအဝယ်မဖြစ်ဘဲ ဝင်ရောက်မှုရဲ့ထက်ဝက်ခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ လက်လီဈေးနှုန်းများ အနေနဲ့ ဈေးအသေးများတွင် ကြီးလတ်အမျိုးအစားမခွဲခြားဘဲ တစ်ပိဿာကို (ကြီး/လတ်) ကျပ် ၇၀၀-၈၀၀-၉၀၀-၁၀၀၀၊ (သေး)ကျပ် ၆၀၀-၆၅၀၊ (သေးဆုံး) ကျပ် ၅၀၀-၅၅၀နှုန်းအသီးသီးရှိသည့်အတွက် ဈေးငြိမ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

# ပခုက္ကူနှင့်ဆိပ်ဖြူကုန်စည်ဒိုင်တို့တွင် ကြက်သွန်နီအရည်အသွေးအလိုက် ဈေးကွာခြားမှုရှိ

ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်ရာ ဒေသများဖြစ်သော ပေါက်၊ဆိပ်ဖြူ၊ ရေပြာ၊ ကမ္မနယ်များမှာ မိုးစိုက် (၃)များ လက်ကျန် နည်းနေပါသည်။ ကြက်သွန်နီအရည်အသွေးကိုလိုက်၍ ဈေးနှုန်းမှာလည်း ကွာခြားလျက်ရှိပါသည်။ ပခုက္ကူကြက်သွန်နီ ကုန်ဝယ်ဒိုင်၏ ကြက်သွန်နီလက်ကားဈေးမှာ ထိပ်စ တစ်ပိဿာလျှင် ကျပ် ၄၅၀-၅၀၀-၅၂၅-၆၀၀ ၊အလတ်စတစ်ပိဿာလျှင် ကျပ် ၃၀၀-၃၅၀-၄၀၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၈၀-၁၀၀-၁၅၀-၂၀၀ ဖြင့် နေ့စဉ်ကုန်ချိန် ၄၀၀၀၀ မှ ၆၀၀၀၀ ကြား ပုံမှန်အရောင်းအဝယ်ဖြစ်နေပါသည်။ ဆိပ်ဖြူကြက်သွန်နီကုန်စည်ဒိုင်၏ နေ့စဉ်ဒိုင်ဖြတ်ဈေးမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၄၂၅-၄၅၀-၄၇၅ ၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၃၀၀ မှ ၃၂၅ ကျပ်၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၁၀၀-၂၀၀-၂၅၀ ဖြင့် နေ့စဉ်ကုန်ချိန် ၂၀၀၀၀ မှ ၄၀၀၀၀ ကြားတွင် အရောင်းအဝယ်ဖြစ်နေပြီး ပခုက္ကူနှင့်ဆိပ်ဖြူမှ ထွက်ရှိသော ကြက်သွန်နီများကို မြန်မာပြည်အောက်ပိုင်းနှင့် အထက်မြန်မာ ပြည်များသို့ အိတ် ၁၅၀ မှ ၅၀၀ ကြားပုံမှန်တင်ပို့နေကြောင်းသိရသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# တရုတ်နိုင်ငံနဲ့ထိုင်းနိုင်ငံသို့ ကြက်သွန်နီ၊ အိန္ဒိယသို့ ကြက်သွန်ဖြူတင်ပို့

ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၈၄ သန်းတန်ဖိုးရှိ ကြက်သွန်နီ ၂၃၇၄ တန်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့သလို မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီမှလည်း အမေရိကန်ဒေါ်လာ ၂၃၂၃၃ တန်ဖိုးရှိကြက်သွန်နီ ၈၈ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ မြဝတီမှ ယခင်တစ်ပတ်က ကြက်သွန်နီ ၁၀၅ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ် ၁၇ တန်လျော့နည်းခဲ့တာ တွေ့ရပါတယ်။မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှလည်း အဆိုပါ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၅၁၈၈ တန်ဖိုးရှိကြက်သွန်ဖြူ ၄၁ တန်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တမူးမှ ၂၂ တန်၊ တာချီလိတ်မှ ထိုင်းနိုင်ငံသို့ တန် ၁၄၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ချင်း

# ဒီတစ်ပတ် ချင်းတန်ချိန် ၁၃၀၀ကျော်တင်ပို့

ဖေဖော်ဝါရီ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၁၃၆၆ ဒသမ ၁၀ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၂၄ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ ၂၅ ဒသမ ၅ တန်၊ ကိုရီးယားနိုင်ငံသို့ သုည ဒသမ ၁ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၃၁၆ ဒသမ၅တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံး တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ချင်း၉၈၃ တန်ကျော် တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန်၃၈၀ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ချင်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၀၅၉၇၅ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**

## ပြောင်း

# တရုတ်နိုင်ငံသို့ ပြောင်း ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၇၀၄ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၃၀၃၇၅ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၂၉၆၇၁ တန်၊ လွယ်ဂျယ်မှ ၆၇၉ တန်နဲ့ ကန်ပိုက်တီမှ ၂၅ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်မှ ပြောင်း ၁၇၂၀၂ တန်သာ တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ် ပြောင်း ၁၃၁၇၃ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မူဆယ်မှ ယခုတစ်ပတ်တွင် ပြောင်းဖူးစေ့အပြင် ပြောင်းဖူးအစို ၁၃ တန်ခွဲကိုလည်း တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အတွင်း ပြောင်းတစ်တန်ဈေးမှာ ၂၈၄၄၄၄ ကျပ် ရှိကြောင်း၊ မူဆယ်သို့ ပြောင်းကားစီးရေ ၈၉၄ စီးဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၄၀၉ စီး ပိုမိုခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ချင်း

# ဒီတစ်ပတ် နနွင်းတန်ချိန် ၁၄၀ကျော်တင်ပို့

ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း နနွင်း ၁၄၁ ဒသမ ၀၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၁၀၅ တန်နဲ့ ရီမင်နိုင်ငံသို့ ၃၃ ဒသမ ၀၄ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နနွင်း၁၅၇ တန်ကျော်တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် ၁၆ တန်ကျော် လျော့နည်းတင်ပို့ခဲ့တယ်လို့သိရပါတယ်။ နနွင်းတစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၅၇၀-၅၇၅ ဝန်းကျင်ရရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၁၀၅၉ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## မန်ကျည်း

# တောင်ငူမြို့ မန်ကျည်းသီးဈေးကွက်

ယခုအချိန်တွင် တောင်ငူမြို့နယ်၌ မန်ကျည်းသီးအသစ်များ ပေါ်လျက်ရှိရာ မန်ကျည်းသီးအဟောင်း အစေ့ထုတ်ပြီး တစ်ပိဿာလျှင် ကျပ် ၁၃၀၀ မှ ကျပ် ၁၅၀၀ အထိ ဖြစ်ကြောင်း၊ မန်ကျည်းသီးအသစ် အစေ့ပါ တစ်ပိဿာလျှင် ကျပ် ၁၀၀၀ မှ ကျပ် ၁၃၀၀ အထိ ဖြစ်ကြောင်း၊ အစေ့ထုတ်ပြီး မန်ကျည်းသီး အသစ် တစ်ပိဿာလျှင် ကျပ် ၂၀၀၀ မှ ကျပ် ၂၅၀၀ အထိဖြစ်ကြောင်း၊ မန်ကျည်းဈေးကွက်မှာ အဝယ်နည်းနေကြောင်း လက်လီလက်ကား ရောင်းချသူတစ်ဦးထံမှ သိရှိရပါသည်။

**သင်းသင်းအေး(တောင်ငူ)**

# ဒီတစ်ပတ် မန်ကျည်းတန်ချိန် ၂၄၀၀ကျော်တင်ပို့

ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၃ ရက်အထိသီတင်းပတ်အတွင်း မန်ကျည်း ၂၄၆၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၁၅၀၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၅၀၊ မလေးရှားနိုင်ငံသို့ ၄၉၈ တန်၊ ပါကစ္စတန်နိုင်ငံသို့ ၆၄၉ တန်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၅၀၊ ထိုင်းနိုင်ငံသို့ ၃၀၄ တန်၊ ဗီယက်နမ်နိုင်ငံသို့ ၇၁၁ တန်နဲ့ ရီမင်နိုင်ငံသို့ တန်ချိန် ၅၀ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မန်ကျည်းတန်ချိန် ၁၅၀၀ ကျော် တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၉၆၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၀၀၄၂၅ ဝင်ငွေ ရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**



## နှမ်း

# မူဆယ်မှ နှမ်းပုံမှန်တင်ပို့ပြီး ချင်းရွှေဟော်မှ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်မှ ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၃၈ သန်း တန်ဖိုးရှိ နှမ်းနက် ၆၄ တန်နဲ့ နှမ်းဖြူ ၁၆ တန်ခွဲ စုစုပေါင်း တန်ချိန် ၈၀ ကျော်ကိုတရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကလည်း ၈၃ တန် တင်ပို့ခဲ့တဲ့အတွက် မူဆယ်မှ နှမ်းတင်ပို့မှု ပုံမှန်ရှိတာတွေ့ရပါတယ်။

ချင်းရွှေဟော်မှလည်း အဆိုပါရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၃၄ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၈၄၇ တန်ကျော်ကို တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နှမ်းအမျိုးအစားတွေကတော့ နှမ်းဖြူ ၇၁ တန်၊ နှမ်းနက် ၄၉၅ တန်ကျော်နဲ့ နှမ်းညို(အခွံချွတ်) တန် ၂၀၀ စုစုပေါင်းတန်ချိန် ၇၆၆ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၅၄၉ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၂၁၇ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာတော့ ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အတွင်း နှမ်းဖြူတစ်တန်လျှင် ၂၁၉၅၅၆ ကျပ်၊ နှမ်းနက်တစ်တန် ၂၉၇၃၃၃၃ ကျပ် ဈေးရှိတယ်လို့ သိရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီမှ အမေရိကန်ဒေါ်လာ ၄၉၅၇၅ တန်ဖိုးရှိ နှမ်းညို ၃၃ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။**မော်မော်အောင်**



# နိုင်ငံတကာပန်းဈေးကွက်အတွင်း ဈေးကွက်ဝေစု ရရှိစေရန်အတွက် အလေးထားသင့်သော မြန်မာ့ပန်းမန်ကဏ္ဍ

[ ခင်လေးယု ]

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံ၏စီးပွားရေးကိုထောက်ပံ့ပေးလျက်ရှိသော စီးပွားရေးအင်အားစုများစွာ ရှိသည်ဖြစ်ရာ ယင်းနိုင်ငံ၏ ပထဝီအနေအထား၊ ရာသီဥတု၊ ယဉ်ကျေးမှု၊ လူဦးရေ၊ နည်းပညာပိုင်ဆိုင်မှုအခြေအနေ၊ လမ်းပန်းဆက်သွယ်နိုင်မှုအခြေအနေနှင့် ရေမြေတောတောင်တည်ရှိမှုတို့အပေါ် မူတည်ကာ နိုင်ငံ၏အဓိကစီးပွားရေးဆောက်တည်မှုအခြေအနေတို့သည် တူညီမှုမရှိကြဘဲ မိမိနိုင်ငံ၏အားသာချက်အပေါ် မူတည် ကွဲပြားလျက်ရှိပေသည်။

အဆိုပါစီးပွားရေးအင်အားစုများစွာအနက် လျင်မြန်စွာကြီးထွားလာလျက်ရှိပြီး တည်ငြိမ်ခိုင်မာလျက်ရှိသော စီးပွားရေးဈေးကွက်ကြီးတစ်ခုမှာ ပန်းများရောင်းဝယ်ဖောက်ကားလျက်ရှိသော နိုင်ငံတကာ ပန်းဈေးကွက်ကြီးပင်ဖြစ်ပါသည်။ ရေမြေအနေအထား မည်မျှပင် ကွာခြားစေကာမူ ပန်းများကိုနှစ်သက်တတ်သော အလေ့အထတစ်ခုကို လူမျိုးတိုင်း၊ နိုင်ငံတိုင်းတွင်တွေ့ရှိရပြီး လူသားမျိုးနွယ်တို့၏အခြေခံကျလှသောအလေ့အထတစ်ခုဟူ၍ပင် တင်စားနိုင်ပါသည်။

နိုင်ငံတကာပန်းဈေးကွက်ကြီးသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၊ ဖွံ့ဖြိုးစနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများပါ ပေါင်းစည်းပါဝင်နေသောဈေးကွက်တစ်ခုပင်ဖြစ်ပါသည်။ ပန်းများကို နှစ်သက်မြတ်နိုးမှုသည် ရှေးယခင်ကတည်း ကပင်ရှိခဲ့သည်ဖြစ်ရာ လူသားများ၏ ယုံကြည်ကိုးကွယ်မှုကို ပြသသောအရာအဖြစ်လည်းကောင်း၊ နှစ်သက်ချစ်ခင်မှုကို ပြသည့်အရာအဖြစ်လည်းကောင်း ဖော်ပြတင်စားသည့်အရာအဖြစ် အသုံးပြုခဲ့ကြသောကြောင့် ပန်းများကို အသုံးပြုမှုသည်ပုံစံအမျိုးမျိုးဖြင့် ဖြစ်တည်ပေါ်ပေါက်လာခဲ့ကာ ဘာသာရေးပွဲတော်များနှင့် လူမှုရေးကိစ္စများတွင် ပန်းများကိုတွင်ကျယ်စွာအသုံးပြုလာခြင်းပင်ဖြစ်သည်။ လက်ဆောင်အဖြစ် ပန်းများကိုပေးသော အလေ့အထကိုလည်း ကမ္ဘာ့နေရာအနှံ့အပြားတွင် လျင်မြန်စွာပင်လက်ခံကျင့်သုံးလာလျက်ရှိပြီး ဆယ်စုနှစ်ကာလအတွင်း ဈေးကွက်ကြီးမားကျယ်ပြန့်လာခဲ့ခြင်းဖြစ်ပါသည်။ စာရေးသူတို့၏ အမိနိုင်ငံတော်သည်လည်း ရေမြေသဘာဝပတ်ဝန်းကျင်၏ အလေးသာမှုများကြောင့် ပန်းအမျိုးအစားစုံလင်စွာ ပေါက်ရောက်နေသော နိုင်ငံတစ်ခုပင်ဖြစ်ပါသည်။ ဘာသာဓလေ့ထုံးစံအမျိုးမျိုးတို့တည်ရှိသည်လည်းဖြစ်ရာ ပန်းများကို အမြတ်တနိုးလှူဒါန်းမှုများလည်း လုပ်ဆောင်လေ့ရှိကြပါသည်။ ထို့မှုမက ပြောင်းလဲလာသည့် ကမ္ဘာ့ဓလေ့ထုံးစံအရလည်း အမှတ်တရနေ့များတွင် ပန်းများပေးခြင်း၊ ပွဲတော်များတွင် ပန်းများဖြင့် အလှဆင်ခြင်းနှင့် လက်ဆောင်အဖြစ် ပန်းများပေးခြင်းများကိုလည်း တွင်တွင်ကျယ်ကျယ်လုပ်ဆောင်လာကြသလိုပြည်တွင်းပန်းဈေးကွက်ကြီးသည်လည်း လျင်မြန်စွာကြီးထွားလျက်ရှိနေပါသည်။ ထို့ပြင် မိမိတို့နိုင်ငံထွက် ပန်းမျိုးစုံကိုလည်း ပြည်ပသို့ တွင်ကျယ်စွာ တင်ပို့နိုင်ရေး ကြိုးပမ်းလျက်ရှိရာ နိုင်ငံတကာပန်းဈေးကွက်အခြေအနေအား အနည်းငယ်ကိုးကား တင်ပြလိုပါသည်။

ပန်းများကို ဈေးကွက်ဝင် ရောင်းဝယ်ဖောက်ကားရာတွင် အဓိကအရေးကြီးသော ကဏ္ဍတစ်ခုမှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုဖြစ်ပါသည်။ ပန်းများကိုတင်ပို့ရောင်းချသောအခါတွင် ထုပ်ပိုးသယ်ဆောင်ရန် လိုအပ်သည်ဖြစ်ရာ ပန်းများသယ်ယူပို့ဆောင်စဉ် ပျက်စီးဆုံးရှုံးမှုမဖြစ်စေရန်နှင့် အချိန်ကြာရှည်စွာသယ်ဆောင်ရန်ခက်ခဲသောပန်းများကြောင့် လမ်းပန်းဆက်သွယ်ရေးချောမွေ့ကောင်းမွန်ရန် အရေးကြီးလှခြင်းပင်ဖြစ်ပါသည်။

ထို့ပြင်လေကြောင်းလမ်းမှ ပန်းများတင်ပို့ကြသောအခါတွင်လည်း ကြာရှည်ခံနိုင်သော သီးခြားထုပ်ပိုးမှုပုံစံများနဲ့ တင်ပို့ကြလေ့ရှိပြီး ယခုနောက်ပိုင်းကာလများတွင် အချိန်ကြာကြာရေနှင့် ကင်းကွာထား၍ မရသော သစ်ခွမျိုးနွယ်ဝင်အပင်များ၊ ဒေစီမျိုးနွယ်ပန်းများနှင့် လီလီပန်းများစသည့်ပန်းမျိုးများအား ခရီးရှည်တင်ပို့နိုင်ရန်အတွက် ပင်စည် ကိုသီးခြားရေထည့်ထားသော ပလတ်စတစ်ဗူးရှည်လေးများ စွပ်၍လည်းကောင်း၊ ရေထည့်ထားသည့် ခွက်ကလေးများတွင် ထည့်၍လည်းကောင်း တင်ပို့လျက်ရှိသည်ကိုတွေ့လာရပါသည်။အဆိုပါနည်းလမ်းဖြင့်တင်ပို့ခြင်းဖြင့် လက်ခံရရှိသူမှအလွယ်တကူချက်ချင်းပြန်လည်ရောင်းချနိုင်ခြင်းနှင့် ပန်းကိုကြာရှည်ခံစေသည့်အပြင် အလုပ်သမား ခများကိုလျှော့ကျစေသောကြောင့် လတ်တစ်လောလူကြိုက်များလျက်ရှိသည်ကိုလည်း တွေ့ရှိရပါသည်။ သို့သော်လည်း အဆိုပါသယ်ယူပို့ဆောင်မှု၏ အားနည်းချက်များမှာ ပန်းများကိုခံနိုင်ရည်ရှိစေရန် အသုံးပြုသည့် ရေပါဝင်သောဗူးများ၏ နေရာယူမှုကြောင့် ထုပ်ပိုးမှုတစ်ခုအတွင်းတွင် ပန်းပါဝင်သည့်ပမာဏမှာ ယခင်ထက် လျော့နည်းသွားမှုပင်ဖြစ်ပါသည်။ ထို့ပြင် ပန်းထုပ်များ၏ အလေးချိန်မှာလည်း ပိုမိုလာသဖြင့် စရိတ်လည်းပိုလာမည်ဖြစ်ပါသည်။ ပန်းစိုက်ပျိုးရာနေရာမှ နောက်ဆုံးရောင်းချမည့်နေရာသို့ရောက်ရှိသည်အထိ ပန်းများကိုလမ်းခရီး အဆင့်ဆင့်သယ်ဆောင်လာရသည်ဖြစ်ရာ ယခုအခါအချို့နိုင်ငံများတွင် သယ်ယူရောင်းချမည့်သူများအနေဖြင့် တစ်ဆင့်ခံရောင်းချသူများထံမှမဟုတ်ဘဲ စိုက်ပျိုးရောင်းချသူများထံသို့ အွန်လိုင်းမှတစ်ဆင့်တိုက်ရိုက်ဆက်သွယ် ဝယ်ယူမှုခြင်းများ လုပ်ဆောင်လာကြပါသည်။ ပန်းများကို စီးပွားဖြစ်ဝယ်ယူသူများမှာ ပန်းများကိုထုပ်ပိုးပို့ဆောင်ပေးသော ဝန်ဆောင်မှုလုပ်ငန်းများမှသော်လည်းကောင်း၊ လက်ကားရောင်းချသူများမှသော်လည်းကောင်း၊ ပန်းအလှဆင်လုပ်ငန်းများမှလည်းကောင်း အဓိကဝယ်ယူလျက်ရှိပါသည်။

နိုင်ငံတကာပန်းဈေးကွက်ကို လေ့လာသုံးသပ်သူများ၏အဆိုအရ ကမ္ဘာ့ပန်းစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းသည် သမားရိုးကျစိုက်ပျိုးထုတ်လုပ်မှုအနေအထားမှ လုပ်အားခဈေးနှုန်းချိုသာသော၊ ရာသီဥတုကောင်းမွန်သောနိုင်ငံများသို့ ပြောင်းရွှေ့ရင်းနှီးမြှုပ်နှံစိုက်ပျိုးလာကြောင်း သိရသည်။ ပန်းစိုက်ပျိုးတင်ပို့မှုကဏ္ဍကို နိုင်ငံ၏ အဓိကပို့ကုန်ကဏ္ဍတစ်ခုအဖြစ် ဖော်ဆောင်ကာ ဈေးကွက်ပိုမိုရရှိရေးနှင့် အမယ်သစ်များတင်ပို့နိုင်ရေးအတွက် စီးပွားရေးမူဝါဒများကိုလည်း ချမှတ်ပြောင်းလဲဆောင်ရွက်လျက်လည်းရှိကြသည်။ ဥပမာအားဖြင့် နယ်သာလန်နိုင်ငံသည် ယခင်ကပန်းများကို သမားရိုးကျ စိုက်ပျိုးထုတ်လုပ်ရောင်းချလျက်ရှိရာမှ စိုက်ပျိုးထုတ်လုပ်မှုကို အရှိန်မြှင့်တင်ကာ နိုင်ငံ၏ စီးပွားရေးတစ်ရပ်အဖြစ်ဖော်ဆောင်၍ ပို့ကုန်ကဏ္ဍသစ်ကိုဖွင့်လှစ်လုပ်ဆောင်ခဲ့ကာ ကမ္ဘာ့ထိပ်တန်းပန်းတင်ပို့ကုန်သွယ်သော နိုင်ငံဖြစ်လာခဲ့ပြီး နိုင်ငံ၏နိုင်ငံခြားဝင်ငွေရရှိမှုကို များစွာအထောက်အကူပြုနိုင်ခဲ့သည်ကို ထင်ရှားစွာတွေ့နိုင်ပါသည်။

နယ်သာလန်နိုင်ငံအနေဖြင့် ယင်းစိုက်ပျိုးထုတ်လုပ်သော ပန်းများကို ဂျပန်နှင့် မြောက်အမေရိကသို့ အဓိကတင်ပို့လျက်ရှိကာ ဂျာမနီ၊ အမေရိကန်၊ ပြင်သစ်၊ အီတလီနှင့် ဆွစ်ဇာလန်နိုင်ငံတို့သည် အဓိကကြီးမားသော ဖောက်သည်များဖြစ်လျက်ရှိပါသည်။ ဥရောပပန်းဈေးကွက်ကို နယ်သာလန်မှ အုပ်စိုးလျက်ရှိသည့်အပြင် အာရှတိုက်၊ အာဖရိကတိုက်စသည့် အခြားတိုက်ကြီးများသို့ ပန်းများကိုအများဆုံးတင်ပို့နေသောနိုင်ငံလည်းဖြစ်နေပါသည်။ နိုင်ငံတကာပန်းဈေးကွက်ကို အဓိကအုပ်စိုးချုပ်ကိုင်ထားသော ထိပ်တန်းနိုင်ငံများမှာ နယ်သာလန်၊ ကိုလံဘီယာ၊ အီကွေဒေါ၊ အီသီရိုးပီးယားနှင့် ကင်ညာနိုင်ငံတို့ဖြစ်သည်ကို ထုတ်ပြန်ချက်များအရတွေ့ရှိရပါသည်။ ကျူးလစ်ပန်းများတင်ပို့ခြင်းသည် နယ်သာလန်နိုင်ငံ၏ ပန်းတင်ပို့မှုတွင် အဓိကငွေဝင်ပေါက်ကြီးဖြစ်နေသကဲ့သို့ပင် ကိုလံဘီယာနိုင်ငံသည် နှင်းဆီပန်းများကို အဓိက အားထားတင်ပို့လျက်ရှိပါသည်။ အီကွေဒေါနိုင်ငံသည် ကိုလံဘီယာနှင့် ယှဉ်ပြိုင်ဘက်နိုင်ငံတစ်ခုဖြစ်လျက်ရှိကာ အရောင်ဆန်းပြားသော အီကွေဒေါနှင်းဆီပန်းများကို လူအများကနှစ်သက်သဖြင့် ရောင်းအားကောင်းလျက်လည်းရှိနေပါသည်။

ကာနေးရှင်းပန်းများကိုမူ အီသီရိုးပီးယားနိုင်ငံမှ အဓိကစိုက်ပျိုးတင်ပို့လျက်ရှိကာ ပူနွေးပြီး ကောင်းမွန်သော ရာသီဥတုကြောင့် ပန်းများ၏သန့်စွမ်းလှပမှုမှာ ကမ္ဘာ့ပန်းလောကတွင် ကျော်ကြားလျက်ရှိပါသည်။ ကင်ညာနိုင်ငံသည် နှင်းဆီပန်းများနှင့် အခြားပန်းများတင်ပို့လျက်ရှိပြီး လှပသောပန်းများ တင်ပို့မှုဖြင့် အာဖရိကဈေးကွက်ကို ထိန်းချုပ်ထားနိုင်သည်ကို တွေ့ရှိရပါသည်။ ဈေးကွက်ဝေစုရရှိမှုကိုလေ့လာကြည့်ရာတွင် နယ်သာလန်နိုင်ငံသည် နိုင်ငံတကာပန်းဈေးကွက်၏ ၅၂ ရာခိုင်နှုန်းကိုလည်းကောင်း၊ ကိုလံဘီယာနိုင်ငံသည် ဈေးကွက်စုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းကိုလည်းကောင်း၊ အီကွေဒေါနိုင်ငံသည် ဈေးကွက်၏ ၉ ရာခိုင်နှုန်းကိုလည်းကောင်း၊ ကင်ညာနိုင်ငံသည် ၇ ရာခိုင်နှုန်းကိုလည်းကောင်း၊ အီသီရိုးပီးယားနိုင်ငံသည် ဈေးကွက်၏ ၂ ရာခိုင်နှုန်းကိုလည်းကောင်း ဈေးကွက်ပိုင်ဆိုင်မှုရှိကြောင်း စစ်တမ်းများအရသိရပါသည်။

မြန်မာနိုင်ငံတွင်မူ ပန်းဈေးကွက်မှာ ပြည်တွင်းသုံးစွဲမှုများပြားကြောင်းနှင့် နေ့စဉ်ပန်းလိုအပ်ချက်မှာ များပြားလှသည့်အတွက် အလားအလာကောင်းမွန်လှသော ဈေးကွက်ကြီးတစ်ခုဖြစ်နေကြောင်းကို နယ်သာလန်နိုင်ငံ၏ သုတေသနတွင် ဖော်ပြထားသည်။ ဘုရားကပ်လှူခြင်း၊ ပွဲလမ်းသဘင်များတွင် ပန်းများဖြင့် အလှဆင်လေ့ရှိခြင်းတို့ကြောင့်ပန်းသုံးစွဲမှုများပြားသည်ဖြစ်ရာ စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည်နှင့်အညီ ဈေးကွက်ကြီးမားကာ နေ့စဉ်လိုအပ်ချက်တစ်ခုဖြစ်သည့်ပန်းများကို အထူးစိုက်ပျိုးခြင်းဖြင့် လယ်ယာကဏ္ဍကို လုပ်ဆောင်သင့်ကြောင်းကိုလည်း နယ်သာလန်နိုင်ငံမှ ပြုလုပ်သောသုတေသနကဆိုသည်။

သို့ရာတွင် ပန်းစိုက်ပျိုးသူတောင်သူများအတွက် ငွေကြေးကဏ္ဍအခက်အခဲများနှင့် နည်းပညာအခက်အခဲများရှိနေသည်ကို တွေ့ရှိရကြောင်း၊ ပန်းများကိုခူးဆွတ်ခြင်းနှင့် ထိန်းသိမ်းမှုနည်းလမ်းများကို အဆင့်မြှင့်တင်သင့်ကြောင်း၊ အပင်ပျိုးထောင်မှု၊ စိုက်ပျိုးမှု၊ စောင့်ရှောက်မှု၊ ခူးဆွတ်မှု၊ ထိန်းသိမ်းတင်ပို့မှုနှင့် ဈေးကွက်ရှာဖွေမှုတို့ကို အဆင့် မြှင့်တင်ပေးနိုင်ပါက မြန်မာနိုင်ငံ၏ အမျိုးအစားစုံလင်လှသော ပန်းကဏ္ဍသည် တစ်ခေတ်ဆန်းလာနိုင်ကြောင်းကိုလည်း သုံးသပ်ထားသည်ကိုတွေ့ရပါသည်။ ထို့ပြင် ဈေးကွက်နှင့်သက်ဆိုင်သော ကဏ္ဍကို သုံးသပ်ဖော်ပြရာတွင်လည်း စိုက်ပျိုးသူများအနေဖြင့် လက်ရှိတွင် လက်ကားရောင်းချသူများကိုသာ အဓိကအားထားနေသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံ၏ ပန်းလက်ကားဈေးကွက်ကြီးသည် ပန်းရောင်းဝယ်ဖောက်ကားမှုအတွက် အဓိကကဏ္ဍတစ်ခုအဖြစ်နေရာယူကြောင်းနှင့် ပန်းများကိုထိန်းသိမ်းသည့် အအေးခန်းစနစ်မရှိသည်ကိုတွေ့ရှိရကြောင်းကိုလည်း ဖော်ပြထားသည်။ပန်းစိုက်ပျိုးထုတ်လုပ်မှုစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းခန့်ကို ဘာသာရေးဆိုင်ရာအတွက် အသုံးပြုကြပြီး မင်္ဂလာပွဲများတွင် ပန်းများကိုအများအပြားအသုံးပြုခြင်းများရှိကြောင်းကိုလည်း အဆိုပါ သုတေသနက ဆိုထားပါသည်။

စာမျက်နှာ - ၂၇ သို့

## ဒီတစ်ပတ် ဓာတ်ဆီအဝင်ပိုပြီး ဒီဇယ်အဝင်လျော့

ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၃ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၂၀၀၁၂၄၈ တန်ဖိုးရှိ ဓာတ်ဆီ ၇၅၃၉၇ ဒသမ ၈၁ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၉၅၄၆၄၄၃ တန်ဖိုးရှိဒီဇယ် ၅၇၁၆၂ ဒသမ ၈၉ တန်၊ စုစုပေါင်း ၁၃၂၅၆၀ ဒသမ၇၀တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။ယခင်သီတင်းပတ်က ဓာတ်ဆီတန်ချိန် ၁၃၁၅၀ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် ၆၂၂၄၀ ကျော်ပိုမိုတင်သွင်းခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၉၇၇၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၄၀၆၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီအဝင်ပိုပြီးဒီဇယ်အဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၆၄၄ တန်ဖိုးရှိ ဒီဇယ်၉၀၃ဒသမ၈၁တန်တင်ပို့ခဲ့ပြီး တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၅၂၄၅၆၃ တန်ဖိုးရှိ ဒီဇယ် ၁၀၀၀ ဒသမ ၈၁၉ တန်နဲ့ အမေရိကန်ဒေါ်လာ ၃၀၈၈၂၂ တန်ဖိုးရှိ ဓာတ်ဆီ ၆၉၃ ဒသမ ၄၅တန်၊ မြဝတီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ၁၂၄၈၁၈၃ တန်ဖိုးရှိ ဓာတ်ဆီ ၂၄၉၃ ဒသမ ၁၈ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

## တရုတ်နိုင်ငံသို့ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၅၂ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၀၉၁ တန်ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၉၂၁ တန်ကျော်နဲ့ နှိုင်းယှဉ်ပါကတန် ၁၇၀ ပိုမိုခဲ့ပြီး တန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၀၅ သန်းပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်တွင် ငါးမျိုးစုံ၊ ခရု၊ ပုစွန်ဖွဲ့တင်ပို့မှုပိုမိုခဲ့လို့ ယခုလို တန်ချိန်ရော တန်ဖိုးပါ ပိုမိုရကြောင်း၊ တစ်ဘက်နိုင်ငံဈေးအနေဖြင့် ကဏန်းတစ်တန်လျှင် ယွမ် ၆၂၅၀၀၊ ငါးရှဥ့်တစ်တန်လျှင် ယွမ် ၃၁၀၀၀ ရှိကြောင်း မူဆယ်ရေထွက်ကုန်ဒိုင်မှ သတင်းရရှိပါတယ်။ **မော်မော်အောင်**

## မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ရဲ့ ရက်သတ္တပတ်ကုန်သွယ်မှု

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ် ရေးဇုန်မှ ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အထိ ရက်သတ္တပတ်အတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၅၆၈ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၂၈၀ သန်းဖြင့်ဆောင်ရွက်ခဲ့ပါသည်။ ယခုတစ်ပတ်ကုန်သွယ်မှုမှာ ယခင်တစ်ပတ်၏ကုန်သွယ်မှု ပမာဏထက် အမေရိကန် ဒေါ်လာ ၁၇ ဒသမ ၈၄၀ သန်းပိုမိုခဲ့ပါသည်။

ပို့ကုန်ပိုင်းတွင် ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ဖရဲ၊ သခွားမွှေး၊ ရွှေဖရုံသီး၊ သကြား၊ ကြံ၊ ကြက်သွန်နီ၊ ဝဥခြောက်၊ ငရုတ်သီး(အစို)၊ ပြောင်းဖူး(အစို)၊ လက်ဖက်ခြောက်နှင့်ပရ ဆေးကုန်ကြမ်းများတင်ပို့ခဲ့ပြီး သွင်းကုန်ပိုင်းတွင် လယ်ထွန်စက်များ၊ စက်ဘီး၊ ဆိုင်ကယ်နှင့်မော်တော်ယာဉ်အပိုပစ္စည်း များ၊ ဓာတုဗေဒပစ္စည်းများ၊ ဓာတုဗေဒချည်ခင်များ၊ တာယာ နှင့်ကျွတ်များ၊ လျှပ်စစ်မီးသီးနှင့် မီးချောင်းများ၊ နို့မှုန့်၊ အချို မှုန့်၊ ဆပ်ပြာနှင့်အလှကုန်ပစ္စည်းများ တင်သွင်းခဲ့ကြောင်း သိရပါသည်။

ပြင်ပငွေလဲနှုန်းအနေဖြင့် ယခင်တစ်ပတ်တွင် တစ်ဒေါ်လာ ၁၅၁၉ ကျပ်၊ တစ်ဒေါ်လာ ၆ ဒသမ ၇၇၆ ယွမ်၊ ကျပ် ၁၀၀ လျှင် သုည ဒသမ ၄၅၁ ယွမ်နှုန်းရှိခဲ့ပြီး ယခုတစ်ပတ်တွင် တစ်ဒေါ်လာ ၁၅၁၉ ကျပ်၊ တစ်ဒေါ်လာ၆ ဒသမ ၇၂၈ ယွမ်၊ ကျပ် ၁၀၀ လျှင် သုည ဒသမ ၄၅၀ ယွမ်နှုန်းရှိကြောင်း တွေ့ရပါသည်။

**မော်မော်အောင်**

## Energy NYMEX 1-3-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 57.66 | 0.44 | 0.77 |
| Brent Crude Futr (USD/bbl) | 66.93 | 0.62 | 0.94 |
| Gasoline Rbob Fut (Cent/gal) | 176.80 | 1.57 | 0.90 |
| Natural Gas Futr (USD/MMBtu) | 2.80 | -0.02 | -0.60 |
| Heating Oil Futr (Cent/gal) | 204.60 | 1.87 | 0.92 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 25 -Febuary | 15.96 | 2746.40 | 1890.59 | 6472.93 | 847.00 |
| 26 -Febuary | 15.84 | 2717.31 | 1881.56 | 6515.24 | 855.00 |
| 27 -Febuary | 15.82 | 2737.81 | 1879.35 | 6498.27 | 858.00 |
| 28 -Febuary | 15.70 | 2750.15 | 1882.22 | 6519.65 | 862.00 |
| 1 - Febuary | 15.54 | 2779.69 | 1876.49 | 6496.07 | 869.00 |

## ပြည်တွင်းငွေလဲနှုန်း ဈေးကျခဲ့တဲ့ ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် ဖေဖော်ဝါရီလအတွင်း ဈေးငြိမ်နေခဲ့ရာမှ ဖေဖော်ဝါရီနောက်ဆုံးပတ်တွင် ကျပ် ၁၅၀၀ ဝန်းကျင်သို့ ဈေးနှုန်းကျဆင်းလာခဲ့ပြီး ဖေဖော်ဝါရီလအတွင်း အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့ကြောင်း စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို ဖေဖော်ဝါရီ တတိယပတ်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၂၈ကျပ်သတ်မှတ်ခဲ့ရာမှ ဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် ၁၅၁၁ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

အမေရိကန်-တရုတ်နှစ်နိုင်ငံကြား ကုန်သွယ်ရေးတင်းမာမှု လျော့ကျလာနိုင်ရန် အလားအလာကောင်းလာခြင်း၊ အမေရိကန်စီးပွားရေးလောကအတွင်း ဒေါ်လာငွေကြေးမှာအားကောင်းနေပြီး အစုရှယ်ယာဈေးနှုန်းများကျဆင်းနေခြင်း၊ ထို့ပြင် ပြည်တွင်းဈေးကွက်တွင်လည်းရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာရန် နှေးကွေးနေခြင်းတို့အပြင် ပြည်တွင်းရွှေဈေးမှာအမြင့်တန်းတွင်သာ ဆက်လက်တည်ရှိနေခြင်းကြောင့် ဒေါ်လာဈေးဆက်လက်ကျဆင်းနိုင်ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဖေဖော်ဝါရီ၂၅ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၁၅ကျပ်၊ ဝယ် ဈေး ၁၅၁၀ကျပ်မှဖေဖော်ဝါရီ ၂၇ရက် တွင် ရောင်းဈေး ၁၅၀၅ကျပ်၊ဝယ်ဈေး ၁၅၀၀ကျပ်သို့ရောက်ရှိခဲ့ပြီး မတ် ၁ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၀၈ကျပ်၊ ဝယ်ဈေး ၁၅၀၂ဖြင့် အရောင်းအဝယ်ရှိခဲ့ကြောင်း စုံစမ်းသိရှိရသည်။ **သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေး ပြန်လည်ကျဆင်းလာခဲ့

ပြည်တွင်းရွှေဈေးနှုန်းသည် ဖေဖော်ဝါရီ တတိယပတ်အတွင်း စံချိန်တင်မြင့်တက်ခဲ့ရာမှ ဖေဖော်ဝါရီနောက်ဆုံးပတ်တွင်တော့ ဈေးနှုန်းပြန်လည်ကျဆင်းလာခဲ့ကြောင်းသတင်းရရှိသည်။ ဖေဖော်ဝါရီတတိယပတ်အတွင်း ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၇၈၀၀၀ဖြင့်ရှိခဲ့ရာမှ ဖေဖော်ဝါရီနောက်ဆုံးပတ်တွင် ကျပ် ၁၀၆၅၅၀၀သို့ရောက်ရှိလာကြောင်း သိရသည်။

“ရွှေဈေးက ဆက်တိုက်ဆက်ကျတယ်။ တစ်ခါကျရင် အလုံးအရင်းနဲ့ကျတက်လို့ ရွှေကိုင်ထားတဲ့သူတွေလည်း သတိထားရမယ့်အချိန်ဖြစ်လာပြီ။ ဈေးကွက်ထဲမှာ အတက်ရှိရင် အကျရှိရမယ်ဆိုတဲ့သဘောတရားရှိပေမယ့် ကျလာတဲ့အချိန်မှာလည်း အကျမနာအောင် ကိုယ့်ဘက်က စိတ်ချရအောင်လုပ်ထား နိုင်မှတန်ကာကျမယ်။ ဈေးက မဖြစ်နိုင်တဲ့အထိ တက်သွားတာဆိုတော့ ထပ်ကျလာလိမ့်ဦးမယ်လို့လည်း မြင်တယ်”ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဖေဖော်ဝါရီ ၂၅ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၇၅၅၀၀ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၂၈ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၇၀၀၀၀သို့ ကျဆင်းခဲ့ပြီး မတ်လ ၁ရက်တွင် ကျပ် ၁၀၆၅၅၀၀ဖြင့် အရောင်းအဝယ်ရှိခဲ့ ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း ဖေဖော်ဝါရီ ၂၅ရက်က ရွှေတစ်အောင်စလျှင် ၁၃၃၀ အမေရိကန်ဒေါ်လာရှိခဲ့ရာမှ ဖေဖော်ဝါရီ ၂၇ရက် တွင် တစ်အောင်စလျှင် ၁၃၂၆ အမေရိကန်ဒေါ်လာသို့ ကျဆင်းခဲ့သလို မတ်၁ရက်တွင်လည်း ရွှေတစ်အောင်စလျှင် ၁၃၁၂အမေရိကန်ဒေါ်လာအထိ ထပ်မံကျဆင်းခဲ့ကြောင်းသိရသည်။ **သန်းထိုက်အောင်**

## Securitiesကုမ္ပဏီကိုယ်စားလှယ် လိုင်စင်စာမေးပွဲ ဒီဇင်ဘာတွင်ပြုလုပ်မည်

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ(Securities Company)ကိုယ်စားလှယ်လုပ်ငန်းလိုင်စင်အရည်အချင်းစစ်စာမေးပွဲကို စတုတ္ထအကြိမ်အဖြစ် ယခုနှစ် ဒီဇင်ဘာလတွင် ပြုလုပ်မည်ဖြစ်ရာ အရည်အချင်းစစ်စာမေးပွဲဖြေဆိုလိုသူများအနေဖြင့် ကြိုတင်ပြင်ဆင်နိုင်ရန် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) မှ အသိပေးထုတ်ပြန်ထားသည်။

ထို့ပြင် SECMမှ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီလုပ်ငန်းလိုင်စင်အတွက် အရည်အချင်းစစ်စာမေးပွဲများကို ကျင်းပပြုလုပ်ပေးနေကြောင်း၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ ကြီးမှူးကျင်းပပြုလုပ်ခဲ့သည့် တတိယအကြိမ် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကိုယ်စားလှယ်လုပ်ငန်းလိုင်စင်စာမေးပွဲအောင်မြင်သူများအား လုပ်ငန်းလိုင်စင်ပေးအပ်သည့် အခမ်းအနားကို ဖေဖော်ဝါရီလဆန်းတွင် ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ လုပ်ငန်းလိုင်စင်ရရှိသူများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြေငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသာမက လိုင်စင်စည်းကမ်းများကိုပါ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအဖြစ် KBZ Stirling Coleman၊ Myanmar Securities Exchange Centre၊ CB Securities၊ AYA Trut၊ KTz Ruby Hillနှင့် UAB Securitiesတို့မှလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

March 1, 2019
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.41 |
| BDT | Bangladesh Taka | 84.14 |
| CAD | Canada Dollars | 1.32 |
| CNY | China Yuan Renminbi | 6.70 |
| EUR | Euro | 0.88 |
| H KD | Hong Kong Dollars | 7.85 |
| I NR | India Rupees | 70.93 |
| I DR | Indonesia Rupiahs | 14118.14 |
| JPY | Japan Yen | 111.77 |
| MYR | Malaysia | 4.07 |
| PKR | Pakistan Rupees | 139.70 |
| PHP | Philippines Pesos | 51.79 |
| RUB | Russia Rubles | 65.76 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1124.74 |
| LKR | Sri Lanka Rupe | 179.70 |
| THB | Thailand Baht | 31.70 |
| GBP | United Kingdom Pounds | 0.75 |
| VND | VietnamDon | 23215.52 |

*Source:xe.com*

## World Gold Price

February- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 25 | 1335 | 1333 | 1333 |
| 26 | 1331 | 1329 | 1329 |
| 27 | 1330 | 1328 | 1329 |
| 28 | 1322 | 1320 | 1319 |
| 1 | 1314 | 1312 | 1313 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 25-2- 2019 | 1077.50 | 1077.00 |
| 26-2- 2019 | 1074.00 | 1073.50 |
| 27-2- 2019 | 1066.50 | 1066.50 |
| 28-2- 2019 | 1067.50 | 1067.10 |
| 1-3- 2019 | 1065.50 | 1065.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီလ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 25 | 6.70 | 31.29 | 84.01 | 71.06 |
| 26 | 6.69 | 31.30 | 84.13 | 71.09 |
| 27 | 6.68 | 31.39 | 84.10 | 71.31 |
| 28 | 6.68 | 31.49 | 84.12 | 71.17 |
| 1 | 6.70 | 31.70 | 84.14 | 70.93 |

## ဘိလပ်မြေ

# ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၁၀၀တင်သွင်း

ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၉၆၀၀ တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၁၀၀ ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှသာ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန် ၄၅၆၀ ကျော်တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၄၄၀၀ ကျော်တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ဖေဖော်ဝါရီလ ၁၆ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၆၂၂၀ တန်ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၉၈၆၀ ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၆၃၆၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။ ဒီတစ်ပတ်မှာတော့ ဘိလပ်မြေများဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၅၅၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ-လက်သစ်) ၅၁၂၅ ကျပ်၊ ကြံ့နှစ်ကောင်(အနီ) ကျပ်၅၃၀၀၊ ကြံ့နှစ်ကောင် (အစိမ်း) ကျပ် ၄၈၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အေသုံးလုံးက ကျပ် ၁၀၀၊ ကြံ့နှစ်ကောင်က ကျပ် ၂၀၀ဈေးကျပြီး ခရောင်းဘိလပ်မြေက ကျပ် ၃၀၀၊ အယ်လ်ဖာဘိလပ်မြေက ကျပ် ၂၀၀ ဈေးမြင့်ကာ ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၅၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၇၀၀၊ အယ်လ်ဖာ ကျပ် ၄၈၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်း ကျပ် ၅၀၀၀၊ အပါချီကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်က ပုံမှန်ရှိတယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ ကြံ့ဘိလပ်မြေက ကျပ် ၁၀၀၊ အပါချီ ဘိလပ်မြေက ကျပ် ၁၀၀ ဈေးမြင့်ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၉၀၀၊ကြံ့ကျပ် ၄၉၀၀၊ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ် ၄၉၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့သိရပါတယ်။ ဒီတစ်ပတ် အပါချီက ကျပ် ၂၀၀ ဈေးမြင့်ပြီး ကမ္ဘောဇဘိလပ်မြေက ပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။ အပါချီဘိလပ်မြေက ဈေးကွက်ထဲလူကြိုက်များတာကြောင့် တခြားဘိလပ်မြေတွေထက် ရောင်းအားပိုကောင်းတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၇၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၀၀၀၊ ကမ္ဘောဇ ကျပ် ၄၀၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

# ဒီတစ်ပတ် မြေသြဇာတန်ချိန် ၇၀၀၀ ကျော်ဝင်

ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၄၃၄၈၉၆ တန်ဖိုးရှိ မြေသြဇာ ၇၁၅၄ ဒသမ ၀၀၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၇၀၂ တန်၊ အင်ဒိုနီးရှားနိုင်ငံမှ ၆ တန်၊ အီရန်နိုင်ငံမှ တန်ချိန် ၁၀၀၀၊ ကိုရီးယားနိုင်ငံမှ ၃၄၆၄ ဒသမ ၆၉ တန်၊ နော်ဝေနိုင်ငံမှ ၄၉၃ ဒသမ ၉၈ တန်၊ ထိုင်းနိုင်ငံမှ ၁၂၇၇ ဒသမ ၃၃၃ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၁၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ အမိုးနီးယားဆာလဖိတ်၊ ယူရီးယား၊ ကွန်ပေါင်း(၁၆း၁၆း၈)၊ ကွန်ပေါင်း (၁၅း၁၅း၁၅)၊ အာမို၊ ပိုတက်ဆီယမ်ဆာလဖိတ်နဲ့ အော်ဂဲနစ်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မြေသြဇာတန်ချိန် ၁၈၈၀၀ကျော်တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၁၆၄ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

# မြေသြဇာဈေးကွက်အရောင်းအေး

ဖေဖော်ဝါရီလ ၁၆ ရက်မှ ၂၂ ရက်အထိ နယ်စပ်လမ်းမှမြေသြဇာအဝင်မှာ တန်ချိန် ၈၃၁၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၁၄၁၃၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၅၈၁၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ တောင်ကြီးနဲ့ မကွေးမှာ အရောင်းအေးပြီး မော်လမြိုင်မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** နွေစပါးအတွက်နဲ့ ဟင်းသီးဟင်းရွက် စိုက်ခင်းများအတွက် အဝယ်ရှိတာကြောင့် အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။အရင် တစ်ပတ်ကျော်လောက်ထဲကဈေးငြိမ်နေတာ ဒီတစ်ပတ်မှာလည်း ဈေးဆက်ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အကြီး (ထိုင်း)မြင်းပျံ ကျပ်၃၁၅၀၀၊ ပုလဲ-မြန်မာ (အမ်ပီအီး) ကျပ် ၂၈၅၀၀၊ ပုလဲ-မြန်မာ (ရွှေတောင်-တရုတ်) ကျပ် ၂၉၀၀၀၊ ကွန်ပေါင်း(အစိမ်း) (၁၅း၁၅း၁၅) ကျပ်၅၀၀၀၀၊ ကွန်ပေါင်း (ရွှေကောမတ်) (ထိုင်း)ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း (၁၆း၁၆း၈)(မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၅၀၀၀၊ ပိုတက်(မြန်မာသြဘာ)ကျပ် ၃၅၀၀၀၊တီစူပါ (၁၂း၁၃) (မြားကမ္ဘာ) ကျပ်၁၃၅၀၀၊ ပိုတက်(အာမို) ကျပ် ၃၁၅၀၀နဲ့အရောင်းအဝယ် ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်တီစူပါ(၁၀း၁၀း၅)ကကျပ် ၃၀၀၊ ဓာတ်ဆားကကျပ် ၅၀၀၊ ယူရီးယား (ယူအေအီး)က ကျပ် ၅၀၀၊ ရွှက်ဖျန်းက ကျပ် ၅၀၀ဈေးကျကာ မြားကမ္ဘာက ကျပ် ၁၀၀ ဈေးမြင့်ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၃၂၀၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၇၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၇၇၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၀၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၈၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၉၅၀၀၊ယူရီးယား (ယူအေအီး)ကျပ် ၂၉၅၀၀၊ မြားကမ္ဘာကျပ် ၁၇၄၀၀၊ရွက်ဖျန်းကျပ် ၃၀၀၀၊ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါကျပ် ၆၀၀၀ ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ရာသီစိုက်ချိန်လည်း မဟုတ်တာကြောင့် မြေသြဇာအရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ယူရီးယား-ပုလဲ ဈေးကျခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ မြေသြဇာဈေးအားလုံးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၇၈၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၀၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ်၃၈၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၈၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၇၅၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၇၅၀၀၊ ဇာမနီကျပ် ၁၉၃၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၉၃၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၀၅၀၀၊ တီစူပါ ကျပ် ၂၄၀၀၀၊ တောင်သူမ ကျပ် ၁၈၈၀၀ ၊ တက်တိုးကျပ် ၂၂၃၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့

ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၃ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၇၈၇၄၈ တန်ဖိုးရှိ နို့ဆီ ၃၄၂ ဒသမ ၉၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှု လမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံမှ ၂၁၈ ဒသမ ၈၈ တန်နဲ့ မလေးရှားနိုင်ငံမှ ၁၂၄ဒသမ ၀၂ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့တံဆိပ်များမှာ အိုကေ နဲ့ Hawk တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က နို့ဆီတန်ချိန် ၂၁၀ ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၃၀ ကျော်ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

အမေရိကန်ဒေါ်လာ ၆၄၈၆၇၃ တန်ဖိုးရှိ နို့မှုန့် ၂၂၈ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် နယူးဇီလန်နိုင်ငံမှသာ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က နို့မှုန့်တန်ချိန် ၃၀၀ ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၇၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့ခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၂ မှ ၂၂/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၂ မှ ၁၅/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၂၂·၄၀ | ၁၆·၆၅ | (+) ၅·၇၅ |
| ၂။ | လွယ်ဂျယ် | - | - | - |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | ၀၀·၀၀ | - | (+) ၀၀·၀၀ |
| ၅။ | တာချီလိတ် | ၁၀၀၀၀·၀၀ | ၇၈၀၀·၀၀ | (+) ၂၂၀၀·၀၀ |
| ၆။ | မြဝတီ | - | - | - |
| ၇။ | ကော့သောင်း | ၅၀·၀၀ | - | (+) ၅၀·၀၀ |
| ၈။ | မြိတ် | ၆၀၇၅·၀၀ | ၂၀၅၀·၀၀ | (+) ၄၀၂၅·၀၀ |
| | စုစုပေါင်း | ၁၆၂၂၇·၄၀ | ၉၈၆၆·၆၅ | (+) ၆၃၆၀·၇၅ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၂ မှ ၂၂/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၂ မှ ၁၅/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၄၀၉၆·၉၅ | ၆၁၃၃·၀၀ | (-) ၂၀၃၆·၀၅ |
| ၂။ | လွယ်ဂျယ် | ၂၇·၅၀ | - | (+) ၂၇·၅၀ |
| ၃။ | ချင်းရွှေဟော် | ၂၀၉၃·၀၀ | ၂၈၈၇·၇၅ | (-) ၇၉၄·၇၅ |
| ၄။ | ကန်ပိုက်တီ | ၈၀၆·၀၀ | ၁၂၀·၀၀ | (+) ၆၈၆·၀၀ |
| ၅။ | မြဝတီ | - | ၂၀၀၁·၂၁ | (-) ၂၀၀၁·၂၁ |
| ၆။ | ကော့သောင်း | - | - | - |
| ၇။ | မြိတ် | ၁၅၀·၀၀ | - | (+) ၁၅၀·၀၀ |
| ၈။ | ရိဒ် | ၁၁၀၀·၀၀ | ၂၈၀၀·၀၀ | (-) ၁၇၀၀·၀၀ |
| ၉။ | တမူး | ၄၅·၀၀ | ၁၉၀·၀၀ | (-) ၁၄၅·၀၀ |
| | စုစုပေါင်း | ၈၃၁၀·၄၅ | ၁၄၁၃၁·၉၆ | (-) ၅၈၁၃·၅၁ |

ခင်မိုးသူ

# အညာဒေသစိမ်းလန်းစိုပြည်ရေးနှင့်ဝင်ငွေအခွင့်အလမ်း ရရှိရေးအတွက် ဆီးပင်များ တိုးချဲ့စိုက်ပျိုးကြပါစို့

အညာဒေသတို့တွင်သဘာဝအလျောက်ပေါက်သော ဆီးအရိုင်းပင်များမှ ထွက်သည့်ဆီးသီးများသည် ဆီးသီးရာသီတွင် ဆီးသီးတစ်တင်း ကျပ် ၂၈၀၀ မှကျပ် ၃၆၀၀ အထိ ဈေးကောင်းပေးကာ မကွေးဒေသအတွင်းရှိ ဆီးပွဲရုံများမှဝယ်ယူနေသည့်အတွက် အညာဒေသဆီးစိုက်ပျိုးသူတောင်သူများ ဝင်ငွေအခွင့်အလမ်းများရှိကြသည်ဟု ဆီးစိုက်တောင်သူများထံမှ သိရသည်။

ယခုနှစ်ဆီးအချဉ်သီးအစိုတစ်တင်းကျပ် ကျပ် ၂၅၀၀ မှ ကျပ် ၂၈၀၀၊ ဆီးအခြောက်တစ်တင်း ကျပ် ၃၆၀၀ တစ်ပတ်လည် ဈေးရှိပြီး ယမန်နှစ်က ဆီးဈေးထက်ပိုဈေးမြင့်တက်လာသည်။ ယမန်နှစ်က ဆီးသီးအထွက်အမ်းပြီး မိုးနည်းပါးခြင်း၊ သီးလုံးညှပ်ခြင်း၊ ဆီးဝတ်ဆံ ဈေးမကောင်းခြင်းတို့ကြောင့်ဆီးဈေးမှာ တစ်တင်း ကျပ် ၁၅၀၀ မှ ကျပ် ၂၀၀၀ ရှိခဲ့ကြသည်။ ယမန်နှစ်က ဆီးဝတ်ဆံတစ်ပိဿာ ကျပ် ၇၀၀၀ ကျော်သာဈေးရှိသည်။ ၂၀၁၉ ဆီးရာသီတွင် ဆီးဝတ်ဆံဈေးတစ်ပိဿာ တစ်သောင်းကျော် ကျပ် ၂၀၀၀၀ အတွင်း ဈေးကွက်ပေါက်ဈေးခန့်မှန်း ရနိုင်သည်။ ဆီးတစ်တင်း သုံးထောင်ကျပ်ပေးနေတော့ ဆီးဝတ်ဆံဈေးကောင်းလို့ ဆီးသီးဈေးကောင်းတာပေါ့ဟု ကျောက်ပန်းတောင်းမှ ဆီးသီးရောင်းချလာသူ တောင်သူဦးဇော်က ပြောပြသည်။

မကွေးတိုင်း မန္တလေးတိုင်း၊ စစ်ကိုင်းတို့တွင် ဆီးအချဉ်ပင် အရိုင်းပင်များအား ဒေသခံတောင်သူများ မိမိတို့ယာခင်း၊ လယ်ကွင်းခရိုးအစပ်များတွင်လေကာပင်အဖြစ်လည်းကောင်း သီးသန့်ဆီး စိုက်ခင်းအဖြစ်လည်းကောင်း စိုက်ပျိုးလေ့ရှိကြသည်။ ဆီးအပင်၁၀ပင်ရှိသည်ဆိုပါက ဆီးတစ်ပင် ၅တင်းနှုန်းထွက် ပျမ်းမျှထားပါက ဆီးအပင်ဆယ်ပင်အထွက်တင်း ငါးဆယ်ဖြင့် တွက်သောဆီးသီးဖိုး အနည်းဆုံးကျပ် တစ်သိန်းအပိုဝင်ငွေရရှိစေနိုင်သည်ဟု မကွေးမြို့နယ်ကြာကန်ရွာမှ ဆီးတောင်သူတစ်ဦးက ပြောပြသည်။

ဆီးရိုင်းအပင် ၁၀၀ ရှိပါကတင်း၅၀၀ကို ကျပ်၁၀ သိန်းကျော်ရှိနိုင်ပေသည်။ ဆီးဝတ်ဆံများအား တရုတ်တိုင်းရင်းဆေးများ ဖော်စပ်ရာတွင် သည်းခြေဆေး၊ နှလုံးအားတိုးဆေး နှလုံးသွေးကြောကျဉ်းရောဂါကာကွယ်ဆေး စသည်ဖြင့် တရုတ်ရိုးရာ တိုင်းရင်းဆေးဘက်တမယ်အဖြစ် အသုံးပြုလေ့ရှိသည်။ အညာဒေသထွက် မြန်မာ့ဆီးသီးများအား ဆီးခွဲစက်ဖြင့်ခွဲကာ ဆီးဖတ်၊ ဆီးခွဲခြမ်း၊ ဆီးမှုန့်၊ ဆီးဝတ်ဆံဟူ၍ ခွဲကာ ဆီးဖတ်၊ ဆီးမှော်အဖျဉ်းများအား မြေဆွေးပြုလုပ်ရန်ကိုလည်းကောင်း၊ ဆီးမှုန့်အားဆီးယို၊ ဆီးထန်းလျက်လုပ်ငန်းသုံးအဖြစ်လည်းကောင်း၊ ဆီးခွဲခြမ်းအား လောင်စာထင်းအဖြစ်လည်းကောင်း၊ ဆီးဝတ်ဆံအား ပြည်ပဈေးကွက် တရုတ်ကနှစ်စဉ် ဝယ်ယူ လေ့ရှိသည်။

တရုတ်ဈေးကွက်တွင် ဆီးဝတ်ဆံဈေးကွက် ဝယ်လိုအားမြင့်လာပါက ဆီးသီးဈေးကောင်းလာသည်။ ဆီးကောင်းကောင်း တစ်တင်းကို စက်ဖြင့် ကြိတ်ခွဲပါက ဆီးဝတ်ဆံ ၂၇ ကျပ်သား ခန့်ထွက်သည်။ ဆီးပွဲရုံများမှ ဆီးတစ်တင်း ၅ စိတ်သားကိုတစ်တင်းဟူ၍ သတ်မှတ်ဝယ်ယူလေ့ရှိကြသည်ဟု ဆီးပွဲရုံနှင့်တွဲကာ ဆီးခွဲစက်ထောင်ပြီး နှစ်ပတ်လည် ဆီးလုပ်ကိုင်သူ ဝါရင့်လုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

ဆီးစိုက်ပျိုးခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း အထောက်အကူပြုစေပါသည်။ ဆီးအရိုင်းပင်မွေးမြူစိုက်ပျိုးထားသော တောင်သူများနှင့်တွေ့ဆုံရာ တွင်မည်သည့်ဓာတ်မြေဩဇာမှ အသုံးပြုခြင်းမရှိကြောင်း သိရသည်။ အလားတူပင် မည်သည့်ဓာတုပိုးသတ်ဆေးရွက်ဖျန်းအားဆေးကိုမျှ အသုံးမပြုကြောင်း သိရသည်။

မန်ကျည်းခုတ်တို ဆီးခုတ်ပျိုဟုရှေးလူကြီးများ ပြောစကားအရ တစ်ဆင့်စကားကြားရမှတ်သားရသည်။ ဆီးမအိုအောင် လိုအပ်က ကိုင်းဖြားကိုင်းနားခုတ်မိမိနေအိမ် တဲယာစပ် နွားမဝင်နိုင်အောင် ဆူးခရိုး လုပ်နိုင်သည်ဟုဆိုသည်။ အော်ဂဲနစ်စိုက်ပျိုးရေးတွင် ဆီးရွက်အစိုအခြောက်များအားမီးမရှို့ဘဲ နှမ်းခင်းမြေပဲခင်းများ၌ဖြန့်ကာ ယာထဲချပြီးဖုန်းသွားအောင်ထယ်ဖြင့်လည်းကောင်း၊ ထွန်စက်၁၆သွားဖြင့် လိုက်ပေးပါက မြေဆီလွှာကောင်းစေသည်။ ယင်းသို့ ပြုလုပ်ခြင်းအားဖြင့် မြေပေါ်မြေအောက် သက်ရှိဇီဝမျိုးစုံကြွယ်ဝစေသည်။ မြေဆီလွှာအတွင်းရှိ အဏုဇီဝပိုးများ၏စွမ်းဆောင်ရည် (Soil Microbes Activities) ပိုမိုတိုးတက်ကောင်းမွန်လာစေသည်ဟု အော်ဂဲနစ်စိုက်ပျိုးရေးပညာရှင်များ၏အဆိုအရသိရသည်။

အချုပ်အားဖြင့်ဆိုရသော်အညာဒေသထွက် ဆီးအရိုင်းအချဉ်ပင်မှထွက်သောဈေးကွက်ဝင်တရုတ်မှအများဆုံးဝယ်ယူသော ဆီးဝတ်ဆံသည် အဆိပ်အတောက်ကင်းစင်ပြီး စားသုံးသူများ၏ကျန်းမာရေးအတွက် လုံခြုံစိတ်ချရသောထွက်ကုန်ဖြစ်ကြောင်း အထူးပြောပြစရာပင်မလိုတော့ပါ။ ဆီးစိုက်ပျိုးခြင်းကြောင့် ဓာတ်မြေဩဇာပိုးသတ်ဆေး အသုံးမပြုခြင်းကြောင့် ငွေကုန်ကြေးကျ မရှိပါ။ ဆီးသီးကောက်ခသာ ကုန်ကျစရိတ်ရှိသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူဖြစ်စေခြင်း၊ ကရိကထမများခြင်း၊ အရိပ်ရစေခြင်း၊ လောင်စာထင်းရစေခြင်း၊ ဆီးသီးမှ ဝင်ငွေနှစ်ခြင်းရရှိစေခြင်း၊ စားသောက်ကုန် ဆီးဖျော်ရည်၊ ဆီးတော်ဖီလုပ်ငန်း၊ ဆီးယိုလုပ်ငန်း၊ ဆီးပေါင်းထုပ်လုပ်ငန်း၊ ဆေးဖက်ဝင်ဆီးဝတ်ဆံတစ်မျိုးရရှိပေရာ ထန်းသီး၊ မန်ကျည်းတို့ပေါ်ရာ အညာမြေတွင် ဆီးပင်စိုက်ပျိုးရေးအလေးပေး ဆောင်ရွက်သင့်ပါကြောင်း စိုက်ပျိုးရေး စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစိမ်းလန်းစိုပြည်ရေး ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတည်းဟူသော ရလဒ်ကောင်းများရှိစေရန် အညာမြေစိမ်းလန်းစိုပြည်ရေးနှင့်ဝင်ငွေတိုးစေဖို့ ဆီးစိုက်ပျိုးကြပါစို့ဟုတိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း။

**ဝင်းမောင် (မကွေး)**

## မူဆယ်မှ ပရဆေးကုန်ကြမ်း ပိုမိုတင်ပို့

ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၇၆ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၇ မျိုး တန်ချိန် ၁၈၀၀ ကျော်ကိုတရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ သီဟိုဠ်စေ့၊ နေလဲစေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ ကြောင်လျှာစေ့၊ ကြောင်ပန်းစေ့၊ ဆီးသီး၊ ဆီးဆန်၊ ဆီးသီးခြောက်၊ ဝဥခြောက်၊ နံ့စားပြောင်း၊ နန္တွင်းတက်၊ နန္တွင်းခေါင်း၊ ပီလောပီနံမှုန့်၊ ကွမ်းသီးခွံ၊ ကွမ်းစားဂမုန်းနဲ့ ချဉ်ပေါင်ဖာလာ(အခွံပါ/မပါ) တို့ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ၇၅၄ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်တစ်ထောင်ကျော် ပိုမိုတင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။ **မော်မော်အောင်**

## ထိုင်းနိုင်ငံသို့ ကော်ဖီစေ့တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၁၁၀၀ တန်ဖိုးရှိ ကော်ဖီစေ့တန်ချိန် ၃၀ ကို ထိုင်းနိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တာချီလိတ်မှ ကော်ဖီစေ့တင်ပို့မှုမရှိဘဲ ဖေဖော်ဝါရီလဆန်းပိုင်းကလည်း တန် ၃၀ တင်ပို့ခဲ့ပါတယ်။ မြန်မာနိုင်ငံထွက် အထူးတန်းကော်ဖီကို ၂၀၁၆ခုနှစ်က အမေရိကန်သို့ တင်ပို့ခဲ့ပြီး ဂျပန်၊ တရုတ်၊ ဆွစ်ဇာလန်နဲ့ အာရှနိုင်ငံများသို့လည်း ကော်ဖီဈေးကွက် ချဲ့ထွင်နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံကော်ဖီစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ သတင်းရရှိပါတယ်။ **မော်မော်အောင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၁-၃-၂၀၁၉)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၆၀၀ | ၅၆၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၅၀ | ၁၇၅၀ | □ |
| မန္တလေး | ၆၀၀၀ | ၆၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ပဲခူး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၆၀၀၀ | ၆၃၀၀ | △ | ၇၀၀၀ | ၇၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၅၇၀၀ | ၅၅၀၀ | ▽ | ၆၀၀၀ | ၆၀၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB)ဈေးနှုန်း

၁-၃-၂၀၁၉ US$/Ton

| အမျိုးအစား | ဖေဖော်ဝါရီတတိယပတ် | ဖေဖော်ဝါရီစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၄၉.၅၀ | ၅၄၆.၅၀ | ▽ |
| RBD P.Olein | ၅၅၉.၅၀ | ၅၅၂.၀၀ | ▽ |
| RBD P.Stearin | ၅၄၁.၅၀ | ၅၄၂.၀၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁-၃-၂၀၁၉ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၄၁.၄၇ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၆၀ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၂၀ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၇၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၂.၇၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၃.၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၃၉ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၈၉.၄၇၉ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁-၃-၂၀၁၉နေ့ (CIF ဈေး Cloud Point 8 ˚C Max 585 ဒေါ်လာနှင့် USD ဈေး ၁၅၀၈ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁-၃-၂၀၁၉နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၀၈ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# o w ü V a j y m u o n i

[ သိန်းမြင့်ဝေ ]

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုသင်တန်းကျောင်း (Trade Training Institute-TTI) ကို ၂၀၁၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ ရန်ကုန်ပို့ကုန်သွင်းကုန်ရုံး၌ ဖွင့်လှစ်ထားပါသည်။ အဓိကအားဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ကုန်သွယ်နိုင်မည့် ပို့ကုန်လုပ်ငန်းရှင်နှင့် သွင်းကုန်လုပ်ငန်းရှင်များကို မွေးထုတ်ပေးရန် ရည်ရွယ်ပါသည်။ ပို့ကုန်သွင်းကုန် လုပ်ငန်းလုပ်ကိုင်လိုသူများ၊ ကုန်သွယ်မှုနှင့် ဆက်စပ်နေသော လုပ်ငန်းရှင်နှင့် ကုမ္ပဏီဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းတစ်ခုခု စတင်လုပ်ကိုင်ရန် Line of Business ရွေးချယ်နေသူများ၊ မြန်မာ့ကုန်သွယ်ရေးနှင့် စီးပွားရေးကို လက်တွေ့ကျကျ နားလည်လေ့လာလိုသူများ တက်ရောက်သင့်သော သင်တန်းတစ်ခု ဖြစ်ပါသည်။**

**အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်း (International Trade Basic Course) ကို ရုံးပိတ်ရက် ဖြစ်သော စနေ၊ တနင်္ဂနွေတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိလည်းကောင်း၊ ရုံးဖွင့်ရက်ဖြစ်သော တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် နံနက် ၉နာရီခွဲမှ ၁၂ နာရီခွဲထိလည်းကောင်း ၄ လ ကြာသင်ကြားပို့ချလျက်ရှိပါသည်။ ဒီပလိုမာ သင်တန်းဖွင့်လှစ်ရန်လည်း ပြင်ဆင်လျက်ရှိပါသည်။ သင်တန်းနှင့်ပတ်သက်သည့် တုံ့ပြန်သံများကို မျှဝေလိုသောကြောင့် သင်တန်းတက်ရောက်အောင်မြင်ခဲ့ကြသည့် သင်တန်းသား၊ သင်တန်းသူအချို့၏ ပြောကြားသံများကို စုစည်းဖော်ပြလိုက်ပါသည်။**



"ကျွန်တော့်နာမည်ကတော့ ကျော်သက်ဦး ဖြစ်ပြီး အထက်တန်းရှေ့နေတစ်ဦးဖြစ်ပါတယ်။ ကုန်သွယ်မှု သင်တန်းကျောင်း (Trade Training Institute-TTI) တွင် ၂၀၁၈ ခုနှစ်၊ ဧပြီလ (၂၁) ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၃၀) ရက်နေ့အထိ ဖွင့်လှစ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်း အပတ်စဉ်(၁၁) (International Trade Basic Course Batch - 11) ကို တက်ရောက်ခဲ့ပါတယ်။ သင်တန်းတွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနဲ့ စီးပွားရေးပညာရပ်ဆိုင်ရာ သဘောတရားများ၊ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံဒေသတွင်းနိုင်ငံများနှင့် ဥရောပနိုင်ငံများ စသည့် နိုင်ငံတကာကုန်သွယ်ရေးပေါ်လစီ၊ လုပ်ထုံးလုပ်နည်းများကို ဌာနဆိုင်ရာအရာရှိများ၊ သံရုံးနှင့် ပြင်ပအဖွဲ့အစည်းများမှ နိုင်ငံခြားပညာရှင်များက လာရောက်၍ ဆွေးနွေးပို့ချပေးကြပါတယ်။ ထိုသို့ စာတွေ့ပို့ချရုံသာမကဘဲ လက်တွေ့ လုပ်ဆောင်လျက်ရှိသောနေရာများဖြစ်သည့် သီလဝါအထူးစီးပွားရေး စက်မှုဇုန်၊ ထိုင်း-မြန်မာ နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်နှင့် တက်ခ်ခရိုင်ရှိ စက်ရုံများသို့လည်း လေ့လာရေးအဖြစ် သွားရောက်လည်ပတ်ကာ အနီးကပ်လေ့လာခွင့်ရရှိခဲ့ပါတယ်။ ဒေသန္တရဗဟုသုတများ လွန်စွာရရှိခဲ့ပါ တယ်။

ဒီသင်တန်းကိုတက်ရောက်ခဲ့ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ စီးပွားရေးရှေ့နေတစ်ဦးအနေဖြင့် မြန်မာနိုင်ငံ၏ တည်ဆဲနှင့် ပြင်ဆင်၊ အသစ်ပြဋ္ဌာန်းသော စီးပွားရေးဆိုင်ရာဥပဒေများနှင့် ယင်းတို့၏ လုပ်ထုံးလုပ်နည်းများ၊ သဘောသဘာဝများကို စဉ်ဆက်မပျက်လေ့လာခွင့်ရရှိစေရန်နှင့် မိမိ၏အမှုသည်အပြင် နိုင်ငံအတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း အကြံဉာဏ်ကောင်းများ ပေးနိုင်ရန်ဖြစ်ပါတယ်။

ငွေကြေးကုန်ကျမှု များစွာမကျသင့်ဘဲ ပေးရတဲ့တန်ဖိုး၊ အချိန်နှင့် ပြန်လည်ရရှိခဲ့သည့် အကျိုးကျေးဇူးများမှာ နှိုင်းယှဉ်၍ မရနိုင်ပါ။ လာရောက်လေ့လာသင်ယူကြသော သင်တန်းသားများမှာလည်း နယ်ပယ်အသီးသီးမှ လုပ်ငန်းရှင်၊ ကုမ္ပဏီဝန်ထမ်းနှင့် ပညာရှင်များ ပါဝင်နေသည့်အတွက် လူမှုရေးဆိုင်ရာ အသိုက်အဝန်းအသစ်တစ်ခု ဖြစ်ပေါ်ခဲ့ပါတယ်။ အတွေ့အကြုံမတူညီမှုများ အပြန်အလှန်ရရှိစေ၍ ရင်းနှီးပျော်ရွှင်စွာ လေ့လာသင်ယူခဲ့ရပါတယ်"



"ကျွန်မကတော့ TTI Batch (4) Weekend Program မှ သင်တန်းသူ ဒေါ်ခိုင်ခိုင်ဖြစ်ပြီး လက်ရှိ Cosco Shipping Lines Myanmar Co.,Ltd. မှာ Deputy Manager အဖြစ် တာဝန်ထမ်းဆောင်နေပါတယ်။

ရှေ့အပတ်စဉ်တွင် တက်ရောက်ခဲ့သော မိတ်ဆွေများ၏ တက်ရောက်သင့်သော သင်တန်းကောင်း တစ်ခုဖြစ်ကြောင်း တိုက်တွန်းမှု၊ မိမိကိုယ်တိုင်လည်း Shipping Industry နှင့် ဆက်စပ်ပြီး Trading ပိုင်းကို နားလည်ချင်တာကြောင့် ဒီသင်တန်းကို တက်ရောက်ဖြစ်ခဲ့ပါတယ်။

ကဏ္ဍအသီးသီးမှာရှိတဲ့ ဝါရင့်ပညာရှင်ဆရာ၊ ဆရာမများနဲ့ ဌာနဆိုင်ရာမှ အရာရှိကြီးများရဲ့ အဖိုးတန်တဲ့ ပို့ချမှုတွေ၊ Knowledge Sharing၊ လုပ်ငန်းခွင် လက်တွေ့အသုံးချနိုင်သော ဗဟုသုတများ၊ သိလိုသည်များကို ပွင့်လင်းမြင်သာစွာ မေးမြန်းနိုင်ခဲ့ပါတယ်။ ပို့ကုန်သွင်းကုန်လုပ်ငန်းများ လုပ်ကိုင်ပုံ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် ငွေပေးချေမှုနည်းလမ်းများ၊ ဆိပ်ကမ်းရှင်းလင်းရေးနှင့် MACCS လုပ်ငန်းစဉ်၊ အကောက်ခွန်နှင့် အာမခံဆိုင်ရာလုပ်ငန်းများ၊ Global Supply Chain စသည်ဖြင့် Subjects ကောင်းများစွာ လေ့လာသင်ကြားခွင့်ရရှိခဲ့ပါတယ်။

တစ်ဦးချင်းအနေဖြင့် သွားရောက်လေ့လာရန် မလွယ်ကူသော မြဝတီ Trade Zone၊ Yangon Stock Exchange၊ သီလဝါဆိပ်ကမ်းနှင့် စက်မှုဇုန်၊ ဘုရင့်နောင်ကုန်စည်ဒိုင်နှင့် အထည်ချုပ်လုပ်ငန်းများကိုလည်း သင်တန်းကျောင်းရဲ့ ကောင်းမွန်တဲ့ အစီအစဉ်တွေနဲ့ သွားရောက်လေ့လာနိုင်ခဲ့ပါတယ်။ ကုမ္ပဏီအသီးသီးနဲ့ ကိုယ်ပိုင်လုပ်ငန်းနယ်ပယ်တို့မှ သူငယ်ချင်းများစွာနဲ့လည်း Network ကောင်းတစ်ခု တည်ဆောက်နိုင်ခဲ့ပါတယ်"



"ကျွန်တော်ကတော့ TTI Batch (4) Weekend Program သင်တန်းတွင် တက်ရောက်ခဲ့သော သင်တန်းသား ဦးတင်လင်း ဖြစ်ပါတယ်။

TTI သင်တန်းတွင် လာရောက်၍ သင်ကြားပေးသော ဆရာကြီးများနှင့် စီးပွားရေးပညာရှင်များဟာ မိမိတို့ရဲ့ အတွေ့အကြုံဗဟုသုတများနှင့် ရှေ့ဆက်ဆောင်ရွက်သင့်သော လမ်းစဉ်များကို ပို့ချတဲ့အတွက် သင်တန်းသား/သူများအတွက် များစွာအကျိုးရှိပါတယ်။

သင်တန်းတွင် ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ဘဏ်လုပ်ငန်းများ၊ Export and Import လုပ်ငန်းများအတွက် အကောက်ခွန်နှင့် ပတ်သက်သော အကြောင်းအရာများ (MACCS, HS Code)၊ အခွန်အခဥပဒေများ၊ Myanmar Companies Act၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး (FDA) သင်ခန်းစာများနှင့် အခြားသော သင်ခန်းစာများကိုပါ သင်ကြားပေးပါတယ်။

ကုန်သွယ်မှုလုပ်ငန်းများအတွက် လေ့လာရေးခရီးစဉ်အဖြစ် သီလဝါ၊ SEZ၊ MITT ဆိပ်ကမ်း၊ မြဝတီကုန်သွယ်ရေးစခန်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်အသင်း၊ ငါး၊ ပုစွန်အအေးခန်းစက်ရုံ၊ အထည်ချုပ်စက်ရုံများကိုပါ လေ့လာခွင့်ရသည့်အတွက် ပြည်တွင်း၊ ပြည်ပကုန်သွယ်မှု အကြောင်းများကိုပါ သိရှိခွင့်ရရှိခဲ့ပါတယ်။

သင်တန်းကို ရုံးဖွင့်ရက်တွင်သာမက ရုံးပိတ်ရက်များကိုပါ ထပ်မံဖွင့်လှစ်ပေးတဲ့အတွက် ကုမ္ပဏီဝန်ထမ်းများအတွက်ပါ တက်ရောက်ခွင့်ရရှိသည့်အပြင် မိတ်ဆွေအသစ်များပါ ထပ်မံတိုးပွားလာသောကြောင့် မိမိတို့လုပ်ငန်းအတွက် များစွာအကျိုးရှိပါတယ်။

TTI သင်တန်းမှ ထူးချွန်သော သင်တန်းသား/သူများအားလုံးကို ပြန်လည်စိစစ်၍ အခါလားလျော်စွာ ဂျပန်နိုင်ငံသို့ လေ့လာခွင့်ရရှိသည့်အတွက် TTI သင်တန်းသို့တက်ရောက်ကြပါရန် အသိပေးဖိတ်ခေါ်အပ်ပါတယ်"



"ကျွန်တော်ကတော့ International Trade Basic Course Batch - 11 ကို တက်ရောက်ခဲ့တဲ့ အောင်ဇော်ထွန်း ဖြစ်ပါတယ်။ ဒီသင်တန်းကို ရှေ့အပတ်စဉ်တစ်ခုက သူငယ်ချင်းတစ်ဦးရဲ့ တိုက်တွန်းချက်နဲ့ တက်ရောက်ဖြစ်ခဲ့ပါ တယ်။

တစ်နိုင်တစ်ပိုင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခုကို စတင်ဖို့ကြိုးစားနေတဲ့ ကျွန်တော့်အတွက် ဒီသင်တန်းကနေ လုပ်ငန်းတစ်ခုလုပ်ဆောင်ဖို့ ဘာတွေလုပ်ရမလဲ ဘာတွေလိုအပ်သလဲဆိုတာတွေကို အများကြီးသိခဲ့ရပါ တယ်။ Company တစ်ခုတည်ထောင်ဖို့အတွက် လုပ်ဆောင်ရမယ့် အကြောင်းအရာတွေ၊ သွင်းကုန်ပို့ကုန်နဲ့ ပတ်သက်ပြီး လုပ်ဆောင်ရမယ့် အကြောင်းအရာတွေ၊ လုပ်ငန်းနဲ့ ပတ်သက်တဲ့ အခွန်ဆောင်ရမယ့် လုပ်ငန်းစဉ်တွေ၊ ပြန်လည်ရရှိမယ့် အကျိုးအမြတ်တွေကိုလည်း အများကြီး သိရှိခဲ့ရပါတယ်။

ဒီသင်တန်းကနေပြီးတော့ Global Supply chain and Value chain ပို့ချချက်တွေ၊ စီးပွားရေးနဲ့ သက်ဆိုင်တဲ့ ဌာနဆိုင်ရာ ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးတို့ရဲ့ သင်ကြားပို့ချချက်တွေ၊ စီးပွားရေးတက္ကသိုလ်၊ ကျောင်းတွေက ကထိကနဲ့ ပညာရှင်များစွာတို့ရဲ့ လာရောက်သင်ကြားမှုတွေဟာ အသိပညာရေး ဗဟုသုတရေး များစွာတိုးတက်သိရှိခဲ့ရပါတယ်။

သင်တန်းကာလအတွင်း သွားရောက်လေ့လာခွင့်ရခဲ့တဲ့ သီလဝါအထူးစီးပွားရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နဲ့ မဲဆောက်စက်မှုဇုန်၊ ပျဉ်းမပင်စက်မှုဇုန်၊ Yangon Stock Exchange အစရှိတဲ့ နေရာတွေကို သွားရောက်လေ့လာခွင့်ရရှိပြီး မရှင်းလင်းတာတွေ မသိတာတွေကို လေ့လာမေးမြန်းခွင့်ရရှိခဲ့ပါတယ်"

# မြန်မာ့သနပ်ခါးပွဲတော်များနှင့် ဒေသထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲသို့ စားသုံးသူရေးရာ ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း တက်ရောက်

မကွေးတိုင်းဒေသကြီးရှိ မြိုင်မြို့နယ်၊ ရေစကြိုမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်၊ ရွှေဘိုမြို့နယ်တို့တွင် ဖေဖော်ဝါရီ ၁၉ ရက်(တပို့တွဲလပြည့်နေ့)အား မြန်မာသနပ်ခါးနေ့ ဖြစ်ပေါ်ရေး၊ မြန်မာ့သနပ်ခါး ရေရှည်တည်တံ့ရေးနှင့် သနပ်ခါးဈေးကွက်ခိုင်မြဲရေးတို့အတွက် မြန်မာ့သနပ်ခါး ယဉ်ကျေးမှုပွဲတော်အသီးသီးကို ကျင်းပပြုလုပ်ခဲ့သည်။



မြိုင်မြို့ သနပ်ခါးပွဲတော်အခမ်းအနားတွင် ဆွမ်းလောင်းလှူခြင်း၊ ရွှေမြင်းတင်မြတ်စွာဘုရားကြီးအား သနပ်ခါးမီးဖြင့်ပူဇော် ခြင်း၊ လှပျိုဖြူများက သနပ်ခါးလိမ်းခြယ်ခြင်း၊ စတုဒီသာကျွေးမွေးခြင်းနှင့် ညပိုင်းတွင် စာပေဟောပြောပွဲကျင်းပခြင်းစသည့် အစီအစဉ်များဖြင့် ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင် မောင်းသည် ရေစကြိုမြို့နယ်၊ ရွာထောင်ကျေးရွာတွင် ကျင်းပသည့် သနပ်ခါးပွဲတော်သို့တက်ရောက်ခဲ့ပြီး ပွဲတော်မုခ်ဦးဆိုင်းဘုတ်ဖွင့်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါသည်။ ထို့နောက် ပွဲတော်ကျင်းပမည့် ဝင်းအတွင်း ခင်းကျင်းပြသထားသည့် သနပ်ခါးပြခန်းများ၊ သနပ်ခါး ထုတ်ကုန်ပြခန်းများအား လေ့လာကြည့်ရှုခဲ့ပါသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဆင်ကြို့ကျေးရွာရှိ လိုတရသာရကွန် ရွှေဂူမြတ်စွာဘုရားကြီး၏ နှစ်(၉၀၀)ပြည့်ပွဲတော် မုဒ်ဦးအား ဖွင့်လှစ်ခြင်းနှင့် ဒေသထွက်ကုန် ဈေးရောင်းပွဲတော်သို့တက်ရောက်ခဲ့ပါသည်။ အဆိုပါဈေးရောင်းပွဲတော်တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနက ခင်းကျင်းပြသသည့် စားသုံးသူရေးရာပြခန်းနှင့် ဒေသထွက်ကုန်ဈေးရောင်းခန်းကို ပါဝင်ပြသရောင်းချရာ ပြခန်းအား ခရိုင်ဌာနဆိုင်ရာများနှင့် စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများပါဝင်လျက် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခြင်း၊ ဘုရားပွဲတော်မုခ်ဦးအား နိုင်ငံတော်သံဃာ့မဟာနာယက ဥက္ကဋ္ဌ ဆရာတော်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်ဌာနဆိုင်ရာများနှင့်အတူ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ဒေသထွက်ကုန် ဈေးရောင်းပွဲတော်တွင် သစ်သားပရိဘောဂပစ္စည်းများ၊ ဝါးဖြင့်ပြုလုပ်သော ထုတ်ကုန်ပစ္စည်းများ၊ ဒေသတွင်း ပြုလုပ်သည့် သံထည်ပစ္စည်းများ၊ မုန့်ဆိုင်များ၊ အဝတ်အထည်ဆိုင်များ အပါအဝင် ဆိုင်ခန်း စုစုပေါင်း ၁၁၀ ခန့် ရောင်းချလျက်ရှိကြောင်း သိရှိရပါသည်။

ထို့နောက် နေ့လယ်ပိုင်းတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းသည် စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးနှင့် ဝန်ထမ်းများ လိုက်ပါလျက် အရာတော်မြို့နယ် သနပ်ခါးပွဲတော်ကျင်းပမည့် ခန်းမသို့ ရောက်ရှိကာ အရာတော်မြို့နယ် သနပ်ခါးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍သနပ်ခါး ပွဲတော် ကျင်းပမည့် အစီအစဉ်များ၊ ပွဲတော်ကျင်းပရသည့် ရည်ရွယ် ချက်များနှင့် သနပ်ခါးဈေးကွက် ရေရှည်ခိုင်မာရေး ဆောင်ရွက်သင့် သည့် အခြေအနေများအား ဆွေးနွေးခဲ့ပါသည်။

အရာတော်မြို့နယ် သနပ်ခါးပွဲတော်တွင် သနပ်ခါးပါးတို့ပွဲ ကျင်းပခြင်း၊ စတုဒီသာကျွေးမွေးခြင်း၊ သနပ်ခါးယဉ်ကျေးမှုနှင့်ပတ်သက်သည့် စာပေဟောပြောပွဲများ ကျင်းပခြင်းစသည့် အစီအစဉ်များဖြင့် ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ညနေ ၅ နာရီအချိန်တွင် ရွှေဘိုမြို့သို့ ရောက်ရှိကာ ရွှေဘိုမြို့နယ် သနပ်ခါးအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အသင်း၏ ဆောင်ရွက်နေမှုအခြေအနေများ၊ သနပ်ခါးပွဲတော် ကျင်းပမည့်အခြေအနေများနှင့် ပတ်သက်၍ မေးမြန်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် ရွှေတန်ဆာဘုရားအား သနပ်ခါးမီးပူဇော်ခြင်းတွင် ပါဝင်ပူဇော်ခဲ့ပြီး သနပ်ခါးယဉ်ကျေးမှုဆိုင်ရာ စာပေဟောပြောပွဲသို့ တက်ရောက်ခဲ့ပါသည်။ ထိုသို့ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ မြိုင်၊ ရေစကြို၊ အရာတော်၊ ရွှေဘိုစသည့် မြို့နယ် လေးမြို့နယ်တွင် သနပ်ခါးပွဲတော်များ ကျင်းပနိုင်ရေးအတွက် Hlevetas အဖွဲ့အစည်းနှင့် ဒေသတွင်း သနပ်ခါးထုတ်ကုန်များ ထုတ်လုပ်သည့်လုပ်ငန်းများက ပံ့ပိုးကူညီပေးခဲ့ပြီး သနပ်ခါးအသင်းအဖွဲ့များက ဦးစီးဆောင်ရွက်ကာ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်၊ မြို့နယ်ရုံးများက ပါဝင်ကူညီ၍ ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**အောင်ဆန်းလင်း**(DOCA)

# မွန်ပြည်နယ်တွင် တိုက်ရိုက်ရောင်းချခြင်း ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ အများပြည်သူထံ သဘောထားရယူ ဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

တိုက်ရိုက်ရောင်းချခြင်းဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍အများပြည်သူထံသဘောထားရယူ ဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၂ ရက်ကမော်လမြိုင်မြို့၊ ကမ်းနားလမ်း ဟိုတယ်၌ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါ ဆွေးနွေးပွဲသို့မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီးတို့မှ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ဥပဒေပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ၅၀ ဦးခန့်တက်ရောက်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲ ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်က တိုက်ရိုက်ရောင်းချခြင်းဥပဒေ (မူကြမ်း) ရေးဆွဲထားရှိမှု အခြေအနေများအား ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍စားသုံးသူရေးရာဦးစီးဌာန၊ ဦးစီးအရာရှိဦးထက်ဝင်းအောင်က တိုက်ရိုက် ရောင်းချခြင်းဥပဒေ (မူကြမ်း) ပထမပိုင်းကို ရှင်းလင်းဆွေးနွေးခဲ့ရာ တက်ရောက်လာသူများမှ အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး တိုက်ရိုက်ရောင်းချခြင်းဥပဒေ (မူကြမ်း) ဒုတိယပိုင်းကို စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိရင်စနိုင်းမွန်က ဆက်လက်ရှင်းလင်းဆွေးနွေးခဲ့ရာ တက်ရောက်လာသူများမှ အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများမှ မေးမြန်း ဆွေးနွေးခြင်းအား ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမြင့်ချိုနှင့် ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်တို့မှ ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ဥပဒေ (မူကြမ်း) တစ်ရပ်လုံးနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးခြင်းနှင့် ဆွေးနွေးပွဲရလဒ်များကို ဖော်ထုတ်သုံးသပ်မှုများ လုပ်ဆောင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုး (မွန်)**




# စိုက်ပျိုးရေးအခြေခံထုတ်ကုန်နည်းပညာဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၉)ကျင်းပ

စိုက်ပျိုးရေး အခြေခံထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာ ဆပ်ကော်မတီ၏ (၁/ ၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ ရက်က ရန်ကုန်မြို့ အမှတ် (၆)၊ ကမ္ဘာအေးဘုရားလမ်းရှိသုတေသနနှင့်တီထွင်ဆန်းသစ်မှု ဦးစီးဌာနတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးကို စိုက်ပျိုးရေး အခြေခံထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာကော်မတီ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီး ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း၊ နည်းပညာကော်မတီ အတွင်းရေးမှူး ဦးမြင့်ဝေ၊ နည်းပညာကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။ ညှိနှိုင်းအစည်းအဝေး၌ Working Group အစည်းအဝေးမှ ဝဥ၊ သီဟိုဠ်စေ့နှင့် ချင်းတို့၏ မြန်မာစံချိန် စံညွှန်း(မူကြမ်း) များ အပြီးသတ်ညှိနှိုင်းဆွေးနွေးပြီး နည်းပညာ ဆပ်ကော်မတီသို့ တင်ပြလာသည့်အတွက် ၎င်းစံချိန်စံညွှန်း မူကြမ်းများကို သက်ဆိုင်ရာဌာနများ အသင်းအဖွဲ့များမှ ကော်မတီဝင်များ ပူးပေါင်း၍ စံချိန်စံညွှန်းလုပ်ငန်းကော်မတီသို့ဆက်လက်တင်ပြနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေး အတည်ပြုချက်ရယူမှုများ ပြုလုပ်ခဲ့ကြပါသည်။

စိုက်ပျိုးရေးအခြေခံထုတ်ကုန် နည်းပညာ ဆပ်ကော်မတီအနေနှင့် မြန်မာစံချိန်စံညွှန်းများ စဉ်ဆက်မပြတ်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်ပပို့ကုန်အလားအလာရှိသောသီးနှံများကို ဦးစားပေး ရေးဆွဲလျက်ရှိရာ ISO 712 နဲ့ သီးနှံ ၂၀ မျိုး၊ စုစုပေါင်း ၂၂ မျိုးတို့အား မြန်မာစံချိန်စံညွှန်းများရေးဆွဲရန် လျာထား ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ISO 712 နဲ့ သီးနှံ ၁၄ မျိုး၊ စုစုပေါင်း ၁၅ မျိုးကို မြန်မာစံချိန် စံညွှန်း ရေးဆွဲပြီးဖြစ်၍ အများပြည်သူသဘောထား မှတ်ချက်တောင်းခံနိုင်ရေး စံချိန်စံညွှန်းလုပ်ငန်းကော်မတီသို့ တင်ပြထားပြီးဖြစ်ပါသည်။ ၎င်း အပြင် နည်းပညာဆပ်ကော်မတီက ရေးဆွဲခဲ့သည့် မြန်မာ့ဆန်နှင့် အချို့သော ပဲစေ့အမျိုးအစား စံချိန်စံညွှန်းများကို အမျိုးသားစံချိန်စံညွှန်းကောင်စီမှ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ မန်ကျည်းသီး၊ ပဲပုပ်စေ့၊ နေကြာတို့၏ မြန်မာ့စံချိန်စံညွှန်း မူကြမ်းများကို Working Group မှ ထပ်မံရေးဆွဲရန် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံမှ ထုတ်လုပ်သော စိုက်ပျိုးရေးအခြေခံထုတ်ကုန်များသည် စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်တင်ပို့ ရောင်းချမှသာ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ပြီး ဈေးကောင်းရရှိမည်ဖြစ်ပါသည်။ အဆိုပါ နည်းပညာဆပ်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးက ဆွေးနွေးအတည်ပြုခဲ့သည့် ဝဥ၊ ချင်းနှင့် သီဟိုဠ်စေ့ စံချိန်စံညွှန်းများအား သက်ဆိုင်ရာဌာနများနှင့်အသင်းအဖွဲ့များသို့ သဘောထားမှတ်ချက် တောင်းခံရယူရန်နှင့် သဘောတူညီချက်ရရှိပါက စံချိန်စံညွှန်းလုပ်ငန်းကော်မတီသို့ ဆက်လက် တင်ပြသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**သန့်စင် (သတင်းနည်းပညာ/ အရည်အသွေး)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၄၆ နိုင်ငံရှိပြီး၊ ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Australia နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၈ ဒသမ ၃၀ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဗီယက်နမ်၊ တရုတ်၊ ပါကစ္စတန်၊ နီပေါ၊ ထိုင်ဝမ်၊ သီရိလင်္ကာ၊ တောင်အာဖရိက၊ ရုရှား၊ ကူဝိတ်၊ ကင်ညာ၊ အီဂျစ်နှင့် ဘရာဇီး စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၀ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် စင်ကာပူ၊ ယူကရိန်း၊ ချီလီ၊ ပိုလန်၊ ဆွီဒင်နှင့် ကာဂျစ္စတန် စသည့် နိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၆ နိုင်ငံသာရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁ ဒသမ ၃၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မလေးရှားနိုင်ငံတွင် ၅ ဒသမ ၁၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၈၀ ရာခိုင်နှုန်း တို့အသီးသီး ဈေးနှုန်းများမြင့်တက်ခဲ့ကာ၊ စင်ကာပူနိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလျက်ရှိပြီး ကျန်အာဆီယံနိုင်ငံတို့တွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၄၃ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ကနေဒါနိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၃ ဒသမ ၃၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဗီယက်နမ်၊ တရုတ်၊ ပါကစ္စတန်၊ နီပေါ၊ သီရိလင်္ကာ၊ တူရကီ၊ ရုရှား၊ ကင်ညာ၊ ကူဝိတ်နှင့် အီဂျစ်စသည့်နိုင်ငံများအပါအဝင် ၆၁ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ယူကရိန်း၊ ဆွစ်ဇာလန်၊ ဒိန်းမတ်၊ ဆွီဒင်၊ ချီလီ၊ ပိုလန်နှင့် ဖင်လန် စသည့်နိုင်ငံတို့အပါအဝင် ၉ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံတွင် သုည ဒသမ ၉၀ ရာခိုင်နှုန်းတို့ အသီးသီးဈေးနှုန်းများမြင့်တက်ခဲ့ကာ ကျန်ရှိသော အာဆီယံသုံးနိုင်ငံတို့တွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာ တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် ၁ လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၀ | ၀.၅၆ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၈ | ၀.၈၂ |
| ၃ | ထိုင်း | လီတာ | ၁.၀၇ | ၀.၈၃ |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၃ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၀ ဖြင့်လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၂ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၂ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၃ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၈ ဖြင့်လည်းကောင်း ရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၃ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၀ ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၈ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် ၁၀၀ မှတ် ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ မှတ်၊ ဧည့်မထ ၂၅ မှတ်နှင့် ပေါင်းဆန်အမျိုးအစားများ ဈေးတက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံ၏ ဧည့်မထ ၅ မှတ်နှင့်ဧည့်မထ ၂၅ မှတ်ဆန်တို့၏ ဈေးနှုန်းများ အနည်းငယ်ဈေးကျခဲ့ကြောင်း သိရှိရပါသည်။ ပါကစ္စတန်နိုင်ငံတွင်လည်း ဧည့်မထ ၅ မှတ်ဆန်မှာ ဈေးနှုန်းအနည်းငယ် မြင့်တက်ခဲ့ပြီး ဧည့်မထ ၂၅ မှတ်မှာဈေးငြိမ်နေကြောင်း၊ အိန္ဒိယနိုင်ငံတွင်လည်း ဧည့်မထ ၂၅ မှတ်ဆန်နှင့် ပေါင်းဆန်အမျိုးအစားများမှာ ဈေးနှုန်းတည်ငြိမ်နေကြောင်း လေ့လာသိရှိရပါသည်။

ဆန်ဈေးကွက်နှင့်စပ်လျဉ်းသည့် ပြည်ပသတင်းများ အနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ ဇန်နဝါရီလ ဆန်တင်ပို့မှုမှာ အနည်းငယ်ကျဆင်းလာခဲ့ပြီး ယခင်လတွင် ဥရောပသမဂ္ဂ (အီးယူ)က ကမ္ဘောဒီးယားဆန်အပေါ် အခွန်စတင် စည်းကြပ်ခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ပို့ကုန်လုပ်ငန်းရှင်များက ပြောကြားကြပါသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ယခင်လတွင် နိုင်ငံတကာဈေးကွက်သို့ ဆန်တင်ပို့ခဲ့ရာ နှစ်အလိုက် နှိုင်းယှဉ်ချက်အရ ငါးရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကမ္ဘောဒီးယား ဆန်ပို့ကုန်လုပ်ငန်း ဝန်ဆောင်မှုဌာန၏ အစီရင်ခံစာအရ သိရှိရပါသည်။ ယခင်လတွင် တရုတ်နှစ်သစ်ကူးနှင့် ဗီယက်နမ် နှစ်သစ်ကူးပွဲတော်များရှိနေသည့်အတွက် အဝယ်အေးနေခဲ့ပြီး အီးယူ၏အခွန်သက်ရောက်မှုကြောင့် ပြည်ပမှဆန်အမှာနည်းလာကြောင်း သိရှိရပါသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ လက်တွေ့ကြုံတွေ့နေရသည့် အခြေအနေများကြောင့် ဆန်တင်ပို့မှု အနည်းငယ်ကျဆင်းခဲ့သော်လည်း ဥရောပဝယ်လက်များမှာ အခွန်မစည်းကြပ်မီက ဆန်မှာယူထားခြင်းဖြစ်သဖြင့် ဥရောပသို့ဆန်တင်ပို့မှုမှာ ယခုအချိန်တွင် များပြားနေဆဲဖြစ်ကြောင်း၊ အီးယူ၏ အခွန်သက်ရောက်မှုကို ဖေဖော်ဝါရီလနှင့်နောက်ပိုင်းလများတွင် အမှန်တကယ်ခံစားရမည်ဖြစ်ကြောင်း၊ ဆန်လုပ်ငန်းအနေဖြင့် အီးယူအပြင် အခြားဈေးကွက်များ ရှာဖွေရမည်ဖြစ်ပြီး နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိရန် ထုတ်လုပ်မှုစရိတ်များ လျှော့ချရမည်ဖြစ်ကြောင်း သိရှိရပါသည်။ ဥရောပဝယ်လက်များမှာ ကမ္ဘောဒီးယားဆန်အစား ထိုင်းနှင့် ဗီယက်နမ်လုပ်ငန်းများထံမှ ဆန်ကို ပြောင်းလဲဝယ်ယူလာသည်ကို တွေ့ရှိရကြောင်း၊ ကမ္ဘောဒီးယားသည် ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာ့ဈေးကွက်သို့ ဆန် ၆၂၆၂၂၅ တန် တင်ပို့ခဲ့ရာ ၂၀၁၇ ခုနှစ်ထက် ၁ ဒသမ ၅ ရာခိုင်နှုန်း လျော့ကျလာခဲ့ကြောင်း ကမ္ဘောဒီးယားဆန်စပါးအသင်း၏ ဒုတိယဥက္ကဋ္ဌ Hun Lak က ပြောကြားခဲ့သည်ကို သိရှိရပါသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဆန်တင်သွင်းမှုဖြေလျှော့ရေး ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်၍ ယခုနှစ်ဆန်တင်သွင်းမှုသည် စံချိန်တင်အမြင့်ဆုံးအဖြစ် တန်ချိန်လေးသန်းအထိ ရောက်ရှိလာနိုင်ကြောင်း သိရှိရပါသည်။ အမျိုးသားစားနပ်ရိက္ခာအာဏာပိုင် အဖွဲ့ (NFA) သည် ကုန်သည်များနှင့် သွင်းကုန်လုပ်ငန်းများထံမှ ဆန်တင်သွင်းရန် လျှောက်ထားမှု ၂၀၀ ကျော်အထိ လက်ခံရရှိထားကြောင်း NFA အကြီးအကဲ Tomas Escarez က တနင်္လာနေ့က ပြောကြားခဲ့သည်ကိုသိရှိရပါသည်။

လျှောက်ထားမှုများအရ စုစုပေါင်းတင်သွင်းမည့် ဆန်ပမာဏမှာ တန်ချိန် နှစ်သန်းအထိရှိပြီး ၎င်းအနက် ၂၀ ရာခိုင်နှုန်းမှာ ပြည်တွင်းသို့ရောက်ရှိပြီးဖြစ်ကြောင်း သိရှိရပါသည်။ ထို့ပြင် ဖိလစ်ပိုင်သွင်းကုန်လုပ်ငန်း AgriNurture Inc (ANI) နှင့် ဗီယက်နမ်အကြီးဆုံးဆန်ပို့ကုန်လုပ်ငန်း Vinafood II တို့အကြား ဆန်စာချုပ်မှတစ်ဆင့် ယခုနှစ်တွင် ဆန်ပမာဏများစွာ တင်သွင်းမည်ဟု ANI ၏ ဥက္ကဋ္ဌနှင့်စီအီးအိုဖြစ်သူ AgriNurture Inc က Inquirer သတင်းဌာနသို့အတည်ပြု ပြောကြားခဲ့သည်ကို သိရှိရပါ သည်။

ပြည်တွင်းဆန်သတင်းများအနေဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကုန်သည်စက်မှုအသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများသည် ဖေဖော်ဝါရီလ ၁၈ ရက်မှ ၂၃ ရက်အထိ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်တွင်ပြုလုပ်သည့် The 2nd China Myanmar Economic Corridor Forum သို့ တက်ရောက်ခဲ့ကြသည်ကို သိရှိရပါသည်။ အဆိုပါဖိုရမ်တွင် မြန်မာနိုင်ငံမှထွက်ရှိသည့် ဆန်၊ ဆန်ကွဲများနှင့် တရုတ်နိုင်ငံမှ ထွက်ရှိသည့်ကုန်ပစ္စည်းများ ဖလှယ်နိုင်ရေးအတွက် တရုတ်နိုင်ငံ၊ ကူမင်းမြို့ အခြေစိုက်ကုမ္ပဏီတစ်ခုနှင့် အပြန်အလှန်ကုန်ပစ္စည်း ဖလှယ်နိုင်ရေးအတွက် အလွတ်သဘော တွေ့ဆုံဆွေးနွေးခဲ့ကြပြီး သဘောတူညီမှု နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှသိရှိရပါသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံအစိုးရအကြား ကုန်ပစ္စည်းဖလှယ်နိုင်ရေးအတွက် MoU ကို မတ်လအတွင်း ရေးထိုးရန်စီစဉ်နေခြင်းဖြစ်ပြီး ယင်းနားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံဘက်မှ ဆန်၊ သကြား၊ ပြောင်း၊ လယ်ယာထွက်ကုန်များတင်ပို့ပြီး အပြန်အလှန်အားဖြင့် တရုတ်နိုင်ငံမှ လယ်ယာသုံးစိုက်ပျိုးရေးသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်း၊ သံနှင့် သတ္တုပစ္စည်းများကို ပြန်လည်တင်သွင်းမည်ဖြစ်ကြောင်းသိရှိရပါသည်။

အဆိုပါဆွေးနွေးပွဲတွင် ယခု ၂၀၁၉ ခုနှစ်အတွင်း ဆန်တန်ချိန် လေးသိန်းအထိ ဘိန်းအစားထိုး (ကိုတာ) စနစ်ဖြင့် တရားဝင်တိုးမြှင့်တင်ပို့ခွင့်ရရှိရန် ညှိနှိုင်းတွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ထို့ပြင် ဆန်ကွဲကိုလည်း မြန်မာနိုင်ငံမှ ရောင်းသူနှင့် တရုတ်နိုင်ငံမှ ကုန်ဝယ်သူတို့အကြား အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ တရားဝင်လိုင်စင်လျှောက်ကာ အခွန်ပေးဆောင်ပြီး ရောင်းဝယ်နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံအနေဖြင့် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ ဆန်နှင့်ဆန်ကွဲ များတရားဝင်တင်ပို့မှုကို အားပေးမည်ဖြစ်ပြီး တရားမဝင်တင်ပို့မှုများကို ထိထိရောက်ရောက် အရေးယူသွားမည်ဟု အဆိုပါဖိုရမ်တွင် အသိပေးပြောဆိုခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရှိရပါသည်။

စာမျက်နှာ ၁၇ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၄ | ဗီယက်နမ် | လီတာ | ၀.၇၆ | ၀.၆၄ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၁ | ၁.၂၇ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၇ | ၀.၈၀ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၂ | ၀.၈၃ |
| ၉ | လာအို | လီတာ | ၁.၁၆ | ၀.၉၃ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် Global Petrol Prices Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀ နှင့် ဒီဇယ်ဆီ ၁ လီတာ တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံ အလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၅၀ ဒေါ်လာနှုန်းဖြင့် ၁၄ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၅၆ ဒေါ်လာနှုန်းဖြင့် ၁၈ နိုင်ငံမြောက်တွင်ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် စက်သုံးဆီ ဈေးနှုန်းသက်သာသောနိုင်ငံများတွင် ပါဝင်ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများစာရင်းကို ၁ လီတာ ဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓါတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓါတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | Zimbabwe | လီတာ | ၃.၃၄ |
| ၂ | ဆူဒန် | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၂.၁၄ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Monaco | လီတာ | ၁.၉၈ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | Wallis and Futuna | လီတာ | ၁.၈၉ |
| ၅ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၁.၈၆ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | Zimbabwe | လီတာ | ၃.၁၅ |
| ၂ | ဆူဒန် | လီတာ | ၀.၀၉ | Monaco | လီတာ | ၁.၉၀ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | နော်ဝေ | လီတာ | ၁.၈၄ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | ဟောင်ကောင် | လီတာ | ၁.၈၁ |
| ၅ | အီကွေဒေါ | လီတာ | ၀.၂၇ | Wallis and Futuna | လီတာ | ၁.၈၁ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ ၁ လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၃ | ၀.၉၂ |
| ၂ | ဂျပန် | လီတာ | ၁.၂၂ | ၁.၀၆ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၄ | ၀.၉၇ |

Oil-Price. Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ်ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-


## ကြယ်စင်(တန့်ဆည်မြေ)

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂၂.၂.၂၀၁၉ | စည် | ၅၆.၉၆ |
| ၂ | ၂၅..၂.၂၀၁၉ | စည် | ၅၅.၄၈ |
| ၃ | ၂၆.၂.၂၀၁၉ | စည် | ၅၅.၅၀ |
| ၄ | ၂၇.၂.၂၀၁၉ | စည် | ၅၆.၉၄ |
| ၅ | ၂၈.၂.၂၀၁၉ | စည် | ၅၇.၂၂ |

source : http://www.oil-price.net/

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်းပြောင်းလဲမှုများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့ရွှေဈေးသည် ဖေဖော်ဝါရီ ၂၀ ရက်တွင် တစ်အောင်စလျှင် ကန်ဒေါ်လာ ၁၃၄၅ ရှိရာမှ ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင် တစ်အောင် စလျှင် ၁၃၂၅ ဒေါ်လာသို့ ပြန်လည်ကျဆင်းလာခဲ့ပါသည်။ ပြည်တွင်း ဈေးကွက်တွင်လည်း ရွှေဈေးနှုန်းမှာ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကမ္ဘာ့ရွှေဈေးမြင့်တက်ခဲ့မှုနှင့်အတူ အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၀၈၇၅၀၀ ဖြစ်ပေါ်ခဲ့ရာမှ ယခုဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် ကမ္ဘာ့ရွှေဈေးမှာ ပြန်လည်ကျဆင်းလာခဲ့သည့်အတွက် အခေါက်ရွှေတစ်ကျပ်သားလျှင် ၁၀၇၀၀၀၀ ကျပ်သို့ပြန်လည်ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။ ဈေးနှုန်းပြန်လည် ကျဆင်းလာခဲ့သော်လည်း ပြည်တွင်းရွှေဈေးမှာ အမြင့်ဈေးတွင် ရှိနေဆဲဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ပြည်တွင်းရွှေဈေးနှုန်းများ မြင့်တက်နေသော်လည်း ပြည်တွင်း ရွှေအရောင်းအဝယ်မှာ ပုံမှန်ပင်ရှိနေကြောင်း၊ ရွှေဈေးမှာ ခန့်မှန်းရခက်ခဲနေပြီး ပြည်တွင်းရွှေဈေးသည် ကမ္ဘာ့ရွှေဈေးပေါ်မူတည်၍ ပြောင်းလဲနိုင်ကြောင်း အဓိကရွှေဈေးကွက်ဖြစ်သော ရွှေဘုံသာဈေးကွက်အတွင်းမှ သိရှိရပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းများ မြင့်တက်နေသော်လည်း အမေရိကန်ဒေါ်လာတန်ဖိုးမှာ ကျဆင်းလျက်ရှိနေပြီး ပြင်ပငွေကြေးဈေးကွက်အတွင်း ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၁၉ ကျပ် ပေါက်ဈေးရှိခဲ့သော်လည်း ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၅၀၉ ကျပ် ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၂.၂၀၁၉ | ၁၀၅၉၅၀၀ | ၁၃၂၀ |
| ၂ | ၂.၂.၂၀၁၉ | ၁၀၅၈၅၀၀ | ၁၃၁၈ |
| ၃ | ၃.၂.၂၀၁၉ | ၁၀၅၉၀၀၀ | ၁၃၁၈ |
| ၄ | ၅.၂.၂၀၁၉ | ၁၀၆၃၅၀၀ | ၁၃၁၂ |

စာမျက်နှာ ၁၆ သို့


## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင်ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့်ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင်ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ( ၂၀-၂-၂၀၁၉ ) ရက်နေ့ တွင် အမေရိကန်ဒေါ်လာ ၃၆၃ ဒသမ ၂၅ ပေါက်ဈေးရှိခဲ့ရာမှ ဈေးအနည်းငယ် ပြန်လည်ကျဆင်းလာခဲ့ပြီး (၂၇-၂-၂၀၁၉ ) ရက်နေ့ တွင် သကြားဖြူ ( White Sugar ) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၄ ဒသမ ၃၅ ဖြစ်ပေါ် ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ နောက်ဆုံးပတ်အတွင်း တရုတ်နိုင်ငံ တွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၉၈ ဖြစ်ပေါ်ခဲ့ပြီး၊ အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ ဒေါ်လာ ၂၆၂၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၃၉၀-၄၀၀၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၅၇-၅၆၅ ဖြစ်ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက တရုတ် နှင့် ပါကစ္စတန်နိုင်ငံတို့၏ သကြားဈေးနှုန်းများမှာ အနည်းငယ်မြင့်တက်ခဲ့ပြီး အိန္ဒိယနိုင်ငံနှင့် အမေရိကန်နိုင်ငံများတွင် ဈေးနှုန်းအနည်းငယ် ကျဆင်းလျက်ရှိကြောင်း သိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသ ပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၅၀ ဖြစ်ကြောင်း လေ့လာ သိရှိရပါသည်။

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 27-Feb-19 | 13.03 cts/lb | 13.00 cts/lb | 354.35 $/T | 16.07 cts/lb |
| 26-Feb-19 | 12.94 cts/lb | 13.00 cts/lb | 351.60 $/T | 15.95 cts/lb |
| 25-Feb-19 | 13.12 cts/lb | 12.99 cts/lb | 354.80 $/T | 16.09 cts/lb |
| 22-Feb-19 | 13.39 cts/lb | 12.98 cts/lb | 363.65 $/T | 16.49 cts/lb |
| 21-Feb-19 | 13.29 cts/lb | 12.93 cts/lb | 360.20 $/T | 16.34 cts/lb |
| 20-Feb-19 | 13.46 cts/lb | 12.90 cts/lb | 363.25 $/T | 16.48 cts/lb |
| 19-Feb-19 | 13.33 cts/lb | 12.85 cts/lb | 362.00 $/T | 16.42 cts/lb |
| 18-Feb-19 | 13.21 cts/lb | 12.82 cts/lb | 360.25 $/T | 16.34 cts/lb |
| 15-Feb-19 | 13.09 cts/lb | 12.80 cts/lb | 356.90 $/T | 16.19 cts/lb |
| 14-Feb-19 | 12.54 cts/lb | 12.76 cts/lb | 344.35 $/T | 15.62 cts/lb |
| 13-Feb-19 | 12.44 cts/lb | 12.78 cts/lb | 346.80 $/T | 15.73 cts/lb |
| 12-Feb-19 | 12.77 cts/lb | 12.83 cts/lb | 334.35 $/T | 15.17 cts/lb |
| 11-Feb-19 | 12.62 cts/lb | 12.85 cts/lb | 332.90 $/T | 15.10 cts/lb |
| 8-Feb-19 | 12.74 cts/lb | 12.88 cts/lb | 339.15 $/T | 15.38 cts/lb |
| 7-Feb-19 | 12.79 cts/lb | 12.91 cts/lb | 341.75 $/T | 15.50 cts/lb |
| 6-Feb-19 | 12.96 cts/lb | 12.92 cts/lb | 346.05 $/T | 15.70 cts/lb |
| 5-Feb-19 | 12.89 cts/lb | 12.94 cts/lb | 345.95 $/T | 15.69 cts/lb |
| 4-Feb-19 | 12.91 cts/lb | 12.97 cts/lb | 345.75 $/T | 15.68 cts/lb |
| 1-Feb-19 | 12.69 cts/lb | 12.97 cts/lb | 343.25 $/T | 15.57 cts/lb |

Source: www.isosugar.org




Source: www.isosugar.org

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ နောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်မူဆယ်ဒေသ၌ သကြားတစ်တန်လျှင်ပျမ်းမျှဈေးမှာ အမေရိကန် ဒေါ်လာ ၆၅၀ သာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၉၈ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၄၈ ဒေါ်လာဈေးနှုန်းကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၄ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၈ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင်

စာမျက်နှာ ၁၆ သို့

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ယခုတစ်ပတ်တွင် ပြည်တွင်းစက်သုံးဆီဈေးနှုန်းသည် တစ်ပတ်အတွင်း တစ်လီတာလျှင် ကျပ် ၂၀ (တစ်ဂါလန် ကျပ် ၁၀၀ ခန့်) ထက်မနည်း မြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း မြင့်တက်ခြင်းကြောင့် ပြည်တွင်းစက်သုံးဆီဈေးသည် ဖေဖော်ဝါရီလ ၁၅ ရက်မှစ၍ တစ်ကျော့ပြန် ပြန်လည်မြင့်တက်ခဲ့ပြီး ရန်ကုန်အထိုင်ဈေးကွက်ရှိ ပြည်တွင်းစက်သုံးဆီ အရောင်းဆိုင် အများ စုတွင် ဖေဖော်ဝါရီ ၂၄ ရက်က အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၇၂၀၊ အောက်တိန်း-95 တစ်လီတာလျှင် ၈၁၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၉၁၀ နှင့် ပရီမီယံဒီဇယ်တစ်လီတာလျှင် ကျပ် ၉၂၀ နှုန်းဖြင့် ရောင်းချခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါ ဈေးနှုန်းများသည် ဖေဖော်ဝါရီ ၁၇ ရက်ကထက် အောက်တိန်း-92၊ အောက်တိန်း-95 နှင့် ဒီဇယ်ဆီနှစ်မျိုးတို့တွင် တစ်လီတာလျှင် ၂၅ ကျပ်စီ မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ စက်သုံးဆီဆိုင်များအပြင် ရန်ကုန်ဈေးကွက်၌ ဈေးလျှော့ရောင်းချနေသည့် YP စက်သုံးဆီဆိုင်များသည်လည်း ဆက်တိုက်ဈေးမြင့်တက်ခဲ့ပြီး တစ်ပတ်အတွင်း တစ်လီတာလျှင် ၂၀ ကျပ် နှုန်းခန့်မြင့်တက်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရှိရပါသည်။ ဖေဖော်ဝါရီလ ၂၈ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ် တစ်လီတာလျှင် ကျပ် ၉၂၀၊ ပရီမီယမ် ဒီဇယ် တစ်လီတာလျှင် ကျပ် ၉၃၀၊ အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၇၃၀၊ အောက်တိန်း-95 တစ်လီတာလျှင် ၈၂၅ ကျပ် ရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်းများမှာ ဥရောပနိုင်ငံ များတွင် သုည ဒသမ ၈၀ ရာခိုင်နှုန်း၊ ဩစတြေးလျနိုင်ငံတွင် ၈ ဒသမ ၃၀ ရာခိုင်နှုန်း၊ အာရှနိုင်ငံများတွင် သုည ဒသမ ၂၀ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံတွင် ၂ ဒသမ ၃၀ ရာခိုင်နှုန်းနှင့် ကနေဒါနိုင်ငံတွင် ၃ ဒသမ ၉၀ ရာခိုင်နှုန်းတို့ အသီးသီး ဈေးနှုန်းမြင့်တက်ခဲ့ကာ တောင်အမေရိကနိုင်ငံတွင် သုည ဒသမ ၁ ရာခိုင်နှုန်းဈေးနှုန်းများ ကျဆင်းခဲ့ပြီး အာဖရိကနိုင်ငံတွင် ဈေးနှုန်းတည်ငြိမ်နေကြောင်း လေ့လာသိရှိရပါသည်။ အာရှဒေသနိုင်ငံများဖြစ်သော မြန်မာ၊ ကမ္ဘော ဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဗီယက်နမ်၊ တရုတ်၊ ပါကစ္စတန်၊ နီပေါနှင့် သီရိလင်္ကာနိုင်ငံများ၏ ဈေးနှုန်းများမှာ တည်ငြိမ်နေပြီး မြန်မာနိုင်ငံအတွင်းရှိမြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းအနည်းငယ် မြင့်တက်နေကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဓါတ်ဆီ | | | | | ဒီဇယ်ဆီ | | | | |
| | | ဖေဖော်ဝါရီ ၂၂ | ဖေဖော်ဝါရီ ၂၅ | ဖေဖော်ဝါရီ ၂၆ | ဖေဖော်ဝါရီ ၂၇ | ဖေဖော်ဝါရီ ၂၈ | ဖေဖော်ဝါရီ ၂၂ | ဖေဖော်ဝါရီ ၂၅ | ဖေဖော်ဝါရီ ၂၆ | ဖေဖော်ဝါရီ ၂၇ | ဖေဖော်ဝါရီ ၂၈ |
| ၁ | မြစ်ကြီးနား | ၃၈၂၀ | ၃၈၃၄ | ၃၈၃၄ | ၃၈၃၄ | ၃၈၃၄ | ၄၃၉၇ | ၄၄၄၂ | ၄၄၄၂ | ၄၄၄၂ | ၄၄၄၂ |
| ၂ | လားရှိုး | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၇၀၀ | ၃၇၀၀ | ၃၇၀၀ | ၃၇၀၀ | ၃၇၀၀ | ၄၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၈၆၀ | ၄၈၆၀ | ၄၈၆၀ | ၄၈၆၀ | ၄၈၆၀ | ၅၄၀၀ | ၅၄၀၀ | ၅၄၀၀ | ၅၄၀၀ | ၅၄၀၀ |
| ၄ | တောင်ကြီး | ၃၅၅၀ | ၃၆၅၀ | ၃၆၅၀ | ၃၆၅၀ | ၃၆၅၀ | ၄၂၅၀ | ၄၃၅၀ | ၄၃၅၀ | ၄၃၅၀ | ၄၃၅၀ |
| ၅ | လွိုင်ကော် | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ |
| ၆ | ဘားအံ | ၃၃၉၈ | ၃၄၂၀ | ၃၄၈၈ | ၃၄၈၈ | ၃၄၈၈ | ၄၂၃၀ | ၄၂၅၃ | ၄၃၂၀ | ၄၃၂၀ | ၄၃၂၀ |
| ၇ | မော်လမြိုင် | ၃၈၂၅ | ၃၈၂၅ | ၃၈၂၅ | ၃၈၇၀ | ၃၈၇၀ | ၄၂၅၂ | ၄၂၅၂ | ၄၂၅၂ | ၄၃၂၀ | ၄၃၂၀ |
| ၈ | ထားဝယ် | ၃၈၅၀ | ၃၇၈၀ | ၃၇၈၀ | ၃၇၈၀ | ၃၇၈၀ | ၄၁၈၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ |
| ၉ | မြိတ် | ၃၅၁၀ | ၃၅၁၀ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၄၀၅၀ | ၄၀၅၀ | ၄၀၉၅ | ၄၀၉၅ | ၄၀၉၅ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၁၃၇ | ၄၁၃၇ | ၄၁၈၂ | ၄၁၈၂ | ၄၁၈၂ |
| ၁၁ | ပုသိမ် | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၅၀ | ၃၆၅၀ | ၄၁၆၀ | ၄၁၆၀ | ၄၁၆၀ | ၄၂၀၀ | ၄၂၀၀ |
| ၁၂ | စစ်တွေ | ၄၁၂၀ | ၄၁၂၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၉၂၀ | ၃၉၂၀ | ၄၀၄၀ | ၄၀၄၀ | ၄၀၄၀ |
| ၁၃ | ဟားခါး | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၄၃၁၀ | ၄၃၁၀ | ၄၃၁၀ | ၄၃၁၀ | ၄၃၁၀ |
| ၁၄ | မုံရွာ | ၃၅၀၀ | ၃၃၀၀ | ၃၅၀၀ | ၃၃၀၀ | ၃၃၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ |
| ၁၅ | မန္တလေး | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၁၅၀ |
| ၁၆ | ပခုက္ကူ | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၃၅၀ | ၃၃၅၀ | ၃၃၅၀ | ၃၃၅၀ | ၃၃၅၀ |
| ၁၇ | မကွေး | ၃၄၀၀ | ၃၄၀၀ | ၃၄၅၀ | ၃၄၅၀ | ၃၄၅၀ | ၄၃၄၀ | ၄၃၄၀ | ၄၃၄၀ | ၄၃၄၀ | ၄၃၄၀ |
| ၁၈ | ပြည် | ၃၅၅၀ | ၃၅၅၀ | ၃၅၅၀ | ၃၅၅၀ | ၃၅၅၀ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ |
| ၁၉ | ပဲခူး | ၃၃၂၀ | ၃၃၉၀ | ၃၃၉၀ | ၃၃၉၀ | ၃၃၉၀ | ၄၀၅၅ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ |
| ၂၀ | ဖျာပုံ/မနား | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ |
| ၂၁ | နေပြည်တော် | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ |
| ၂၂ | ကလေး | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |

Source : DOCA-Domestic

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၄၈ ကျပ်နှုန်းရှိပြီး ဧည့်မထ ဆန်တစ်အိတ်လျှင် ကျပ် ၂၅၀၀၀ ခန့် ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ဆန်အဓိကတင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့်တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀ သန်း၊ ဘင်္ဂလားဒေ့ရှ် သုည ဒသမ ၆၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၇၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၄ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၆၀၀ သန်း၊ EU ၂ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား သုည ဒသမ ၈၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၃၀၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီ ကို သုည ဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုည ဒသမ ၇၅၀ သန်း၊ နိုင်ဂျီရီးယား ၂ ဒသမ ၂၀၀ သန်း၊ ဖိလစ်ပိုင် ၂ ဒသမ ၃၀၀ သန်း၊ ဆော်ဒီအာရေဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ သန်း၊ UAE သုည ဒသမ ၉၀၀ သန်း၊ US သုည ဒသမ ၉၀၀ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၂ ဒသမ ၈ သန်း တင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှ ရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်း အတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖေဖော်ဝါရီ ၂၂ မှ ၂၈ ရက် အတွင်းဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၂၂.၂.၂၀၁၉ | ၂၅.၂.၂၀၁၉ | ၂၆.၂.၂၀၁၉ | ၂၇.၂.၂၀၁၉ | ၂၈.၂.၂၀၁၉ |
| ၁ | ဧယာ | ၅ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၁၈၀၀ | ၂၁၈၀၀ |
| ၂ | ဧယာ | ၁၀ | ၂၁၅၀၀ | ၂၁၅၀၀ | ၂၁၅၀၀ | ၂၁၃၀၀ | ၂၁၃၀၀ |
| ၃ | ဧယာ | ၂၅ | ၁၉၄၀၀ | ၁၉၂၀၀ | ၁၉၃၀၀ | ၁၉၃၀၀ | ၁၉၂၀၀ |
| ၄ | ဧယာ | ၃၅ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၈၉၀၀ | ၁၈၉၀၀ | ၁၈၈၀၀ |
| ၅ | ဧည့်မထ | ၅ | ၂၁၇၀၀ | ၂၁၇၀၀ | ၂၁၇၀၀ | ၂၁၇၀၀ | ၂၁၅၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၂၁၂၀၀ | ၂၁၂၀၀ | ၂၁၃၀၀ | ၂၁၃၀၀ | ၂၁၀၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၁၉၄၀၀ | ၁၉၃၀၀ | ၁၉၃၀၀ | ၁၉၃၀၀ | ၁၉၂၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၈၉၀၀ | ၁၈၉၀၀ | ၁၈၈၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များ ရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါး မြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ်၂၄၅၀ ဖြင့် အမြင့်ဆုံး ဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး ဘားအံမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၉၅၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။


မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကအား ထားသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင် ကြုံတွေ့နေရလျက်ရှိပါသည်။ မြန်မာ့လယ်ယာကဏ္ဍတွင်လည်း စိန် ခေါ်မှုယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်တွေ့ကြုံနေရပြီး တောင်သူများမှာလည်း ဆုံးရှုံးနစ်နာမှုများစွာနှင့် ကြုံတွေ့ရလျက်ရှိရာ ခိုင်မာသည့် ဈေးကွက်သစ်များရှာဖွေနိုင်ရန် အရေးတကြီးလုပ်ဆောင်နိုင်ရန် လိုအပ်နေပြီဖြစ်ပါသည်။ နိုင်ငံတကာဆန်စပါးဈေးကွက်ကြီးများမှလည်း အပြိုင်အဆိုင် ဈေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း အထွက်နှုန်း၊ နည်းပညာ၊ သုတေသန၊ အရည်အသွေးနှင့် ဈေးကွက်ရှာဖွေမှုအပိုင်းများကို အရှိန်အဟုန် မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရန် ပိုမိုတွန်းအားပေးလုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ၁ ဒသမ ၈၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလနောက်ဆုံးပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျပြောင်းလဲမှုများရှိသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | ဧည့်မထဆန် (ကျပ်/ပြည်) | | | | |
|---|---|---|---|---|---|---|
| | | ၂၂.၂.၂၀၁၉ | ၂၅.၂.၂၀၁၉ | ၂၆.၂.၂၀၁၉ | ၂၇.၂.၂၀၁၉ | ၂၈.၂.၂၀၁၉ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ |
| ၃ | ကျိုင်းတုံ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၄ | တောင်ကြီး | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၅ | လွိုင်ကော် | ၁၈၀၀ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ |
| ၆ | ဘားအံ | ၉၅၀ | ၉၅၀ | ၉၅၀ | ၉၅၀ | ၉၅၀ |
| ၇ | မော်လမြိုင် | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၈ | ထားဝယ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၉ | မြိတ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၀ | ရန်ကုန် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၁ | ပုသိမ် | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၁၂ | စစ်တွေ | ၁၀၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၃ | ဟားခါး | ၂၄၅၀ | ၂၄၅၀ | ၂၄၅၀ | ၂၄၅၀ | ၂၄၅၀ |
| ၁၄ | မုံရွာ | ၁၈၅၀ | ၁၈၅၀ | ၁၈၅၀ | ၁၈၅၀ | ၁၈၅၀ |
| ၁၅ | မန္တလေး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၆ | ပခုက္ကူ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၇ | မကွေး | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၈ | ပြည် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၉ | ပဲခူး | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၂၀ | ဖျာပုံ/မနား | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၂၁ | နေပြည်တော် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၂၂ | ကလေး | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |

Source-DOCA-Domestic



Italy Standard
Imported and Distributed by
Zin U Cho Trading &
Construction Co.,Ltd
E-mail - zyc.trading@gmail.com
Facebook - Zin U Cho Trading & Construction
• အိမ်အလှဆင်ပစ္စည်းများ
• ဘိလပ်မြေအချောကိုင်နှင့် ဆေးမှုတ်စက်
• ရေချိုးခန်းသုံးပစ္စည်းများ
• မီးပစ္စည်းများ
• လုံခြုံရေးသုံးပစ္စည်းများ




PREMIER COFFEE
မတူညီမှုတွေအများကြီးထဲကမှ ကျွန်တော်တို့ အားလုံး
သဘောတူတာတစ်ခုရှိတယ်
အဲ့ဒါ PREMIER COFFEE ပေါ့။




Fizz® TR
Iron, Folic Acid, Zinc Sulphate Capsule
Increases birth weights of the new borns
Prevents neural tube defects by 72% - 100%
Supplements the increased nutritional needs during lactation
Improves in pregnancy outcome
Has simple one daily dose
Ensures all these three important nutrient Iron, Folic Acid and Zinc for proper growth of your unborn baby
FIZZ TR
A Drug For Ultimate Nourishment of Your Womb
Manufactured by:
The White Horse Pharmaceuticals
Better Quality Always
Dhaka, Bangladesh
Distributed by:
Top Winner Trading Co., Ltd.



ကြီးပွားအောင်မြင်ရန်
မြဝတီဘဏ်နှင့်
ဆက်သွယ်ဆောင်ရွက်ပါ
MYAWADDY BANK LIMITED
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
မြဝတီဘဏ်(ရုံးချုပ်)
အမှတ်-၁၅၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်
ပါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
Ph :(01) 2301367, 2301368, 2301452, 2301378
Fax:(01) 2301395, 2301450, 2301402, 2301418
မှန်သည် မြန်သည် မြဝတီ
သင်၏နောင်ရေး
အကျိုးစီးပွား
မြဝတီဘဏ်မှာ ငွေစုထား
Email : mwdbankygn@mptmail.net.mm
Website : www.mwdbank.com.mm



ရွှေသွင်းစရာမလိုဘဲ
ရွှေလိုဝင်းတဲ့ မျက်နှာအသားအရေ
Shwe Tha Zin Co., Ltd.
bwin GOLD
(မျက်နှာသစ်ဆပ်ပြာခရင်မ်)
တို့ပိုင်ဆိုင်တဲ့ တို့ယုံကြည်ချက်

# မြန်မာနိုင်ငံ၏ Ease of Doing Business Ranking တိုးမြှင့်ရေးအတွက် Registering Property Indicator၏ အရေးပါမှုနှင့် ဆောင်ရွက်နေမှုအခြေအနေများ

**ယခင်တစ်ပတ်မှအဆက်**

Registering Property နှင့်ပတ်သက်၍ အမှတ်ရရှိနိုင်မှုအပိုင်းတွင် Quality of Infrastructure ၌ Cadastral Map နှင့် Land Registration ၊ Transparency ၌ သတင်းအချက်အလက်များ ထုတ်ပြန်ပေးခြင်း၊ Secure Transaction နှင့်ပတ်သက်သော Legal Framework၊ Property Rights နှင့် ပတ်သက်၍ အမျိုးသား/အမျိုးသမီး၊ အိမ်ထောင်ရှိသူ/မရှိသူ အခွင့်အရေးတန်းတူ ရရှိရေး စသည့်အချက်များကိုကြည့်၍ အမှတ်ပေးသည်။ Infrastructure Reliability နှင့် ပတ်သက်၍ (၈)မှတ် ရရှိနိုင်သည်။ Land Registry တွင် fully digital record ဖြင့် ဆောင်ရွက်နိုင်ပါက (၂)မှတ် ရရှိနိုင်မည်ဖြစ်ရာ Scanned ပြုလုပ်နိုင်က(၁)မှတ်၊ Electronic Database အတွက် (၁) မှတ်ဖြစ်သည်။ Paper Format ဖြင့်ဆောင်ရွက်ပါက အမှတ်မရရှိနိုင်ပေ။ ဌာနဆိုင်ရာများအကြား (သို့မဟုတ်) Agency များအကြားတွင် online ကို အသုံးပြုဆောင်ရွက်ခြင်းရှိ-မရှိ၊ online တွင် လုပ်ငန်းစဉ်များအတွက် ကုန်ကျစရိတ်၊ အချိန်ကုန်ကျမှုအပိုင်းကို ဖော်ပြထားခြင်းရှိ-မရှိ၊ Complaint များအတွက် filing ဆောင်ရွက်ထားမှုအခြေအနေ၊ Land Transaction နှင့်ပတ်သက်၍ Statistics အခြေအနေများကလည်း အမှတ်ရရှိနိုင်ပေသည်။ အကြီးဆုံး စီးပွားရေးမြို့တော်ရန်ကုန်မြို့၌ Land Registry တွင် Formally registered ဆောင်ရွက်ထားပါက (၂)မှတ် ရရှိနိုင်သည်။ Geographic Coverage နှင့်ပတ်သက်၍ အဓိကစီးပွားရေးမြို့တော်၏ land registration coverage ရာခိုင်နှုန်း၊ Land Dispute Resolution နှင့်ပတ်သက်၍ Legal Framework ၊ Good Practice များအနေဖြင့် computerized registries ဆောင်ရွက်ခြင်း၊ information နှင့် procedures တို့ကို online မှ ရရှိဆောင်ရွက်နိုင်ခြင်း၊ သွက်လက်မြန်ဆန်သော procedure များ ဆောင်ရွက်ပေးနိုင်ခြင်း၊ fixed transfer fees သတ်မှတ်ပေးနိုင်ခြင်းနှင့် effective time limits ဆောင်ရွက်ပေးနိုင်ခြင်း စသည့်အချက်များကလည်း အမှတ်ရရှိနိုင်ပေသည်။

ကမ္ဘာ့ဘဏ်၏အစီရင်ခံစာတွင် လုပ်ငန်းလုပ်ကိုင်ရာတွင် ကြာမြင့်ချိန်နှင့်ပတ်သက်၍ တိုင်းတာရာ၌ စာရွက်စာတမ်းမပြည့်စုံ

[ မြတ်လှဲ ]

ကြန့်ကြာမှုကို ထည့်သွင်းမစဉ်းစားဘဲ အမှန်တကယ် ရုံးလုပ်ငန်းစဉ်ကြာမြင့်မှုကိုသာ တိုင်းတာကြောင်းနှင့် ကုန်ကျစရိတ်နှင့်ပတ်သက်၍ တိုင်းတာရာတွင်လည်း တရားဝင်ပေးဆောင်ရသော စရိတ်ကိုသာ ထည့်သွင်းတိုင်းတာကြောင်းဖော်ပြထားသည်။ အစိုးရဌာနများအနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သော်လည်း ပြည်သူများမှ အမှန်တကယ်သိရှိပြီး ပူးပေါင်းပါဝင်ရန်လိုအပ်သည်။ အဆိုပါပြုပြင်ပြောင်းလဲမှုများကို ပုဂ္ဂလိကကဏ္ဍကသိရှိပြီး ကမ္ဘာ့ဘဏ်က ပေးပို့သည့် စစ်တမ်းမေးခွန်းလွှာများကို မှန်မှန်ကန်ကန် ဖြေဆိုနိုင်ရန်အတွက် public awareness ကို ကြိုတင်၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးမှသာ အဆင့်နှင့်ရမှတ်များ တိုးတက်လာမည်ဖြစ်သည်။

Registering Property Indicator တိုးမြှင့်ရန်အတွက် အစိုးရဌာနများ၏ လုပ်ဆောင်နေမှုများကို စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် သိရှိပြီး ကမ္ဘာ့ဘဏ်၏ မေးမြန်းခြင်းများအပေါ် အဓိပ္ပာယ်ကောက်ယူမှု လွဲမှားခြင်းမရှိဖြေကြားရန် အရေးကြီးသည်။ အဖြေမှားခြင်း၏ အကျိုးဆက်သည် မြန်မာနိုင်ငံအတွက် အမှတ်ရရှိမှုမရှိဘဲ အဆင့်တိုးမြှင့်ခြင်းရှိမည် မဟုတ်ပေ။ ဤကဲ့သို့ နိမ့်ကျနေခြင်းက မြန်မာနိုင်ငံသို့ ရင်းနှီး မြှုပ်နှံမှုများဝင်ရောက်မှုကို နှောင့်နှေးစေပါသည်။ Questionnaires ဖြေဆိုသောအခါတွင် မြန်မာနိုင်ငံ၏ ပကတိစီးပွားရေးအခြေအနေကို တိတိကျကျသိရှိရန်လိုသည်။ မိမိဖြေဆိုသော Indicator နှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေသောလုပ်ငန်းစဉ်များ၊ အချိန်နှင့် ကုန်ကျစရိတ်များကို သိရှိအောင် လေ့လာသင့်သည်။ မသေချာပါက Information Center များတွင် မေးမြန်းနိုင်သည်။ Ease of Doing Business website ဖြစ်သော www.trade.gov.mm နှင့် ဝန်ကြီးဌာနများ၏ website များတွင်လည်း ဝင်ရောက်လေ့လာနိုင်သည်။

ဌာနအသီးသီးတွင် လက်ရှိဆောင်ရွက်နေသော လုပ်ငန်းအဆင့်များ၊ ကြာမြင့်ချိန်၊ ကုန်ကျစရိတ်၊ အဆင့်များ အနည်းဆုံးဖြစ်စေရန် ပြင်ဆင်လျှော့ချခြင်းကို ပြည်သူတို့က အမှန်တကယ်သိရှိပြီး လက်တွေ့လုပ်ငန်းခွင်အကျိုးခံစားမှုရရှိစေရန် ရည်ရွယ်၍ Registering Property Indicator အထောက်အကူပြုအဖွဲ့၊ မြေနှင့်အဆောက်အအုံလွှဲပြောင်းမှု မှတ်ပုံတင်ခြင်းလုပ်ငန်းတွင် လက်တွေ့ဆောင်ရွက်နေသော အိမ်ခြံမြေအကျိုးဆောင်များ၊ ရှေ့နေများ၊ သက်ဆိုင်သူများနှင့် အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့တွင် ဇန်နဝါရီလ ၂၆ ရက်က ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲမှတစ်ဆင့် ဌာနဆိုင်ရာ အသီးသီး၏ ပြုပြင်ပြောင်းလဲ ဖြေလျှော့ပေးမှုများကို ပြည်သူလူထုကသိရှိပြီး ကမ္ဘာ့ဘဏ်က ကွင်းဆင်းစစ်တမ်း ကောက်ယူသောအခါ မှန်မှန်ကန်ကန် ဖြေကြားပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ကမ္ဘာ့ဘဏ်ကနှစ်စဉ်ထုတ်ပြန်သော Doing Business အစီရင်ခံစာများမှာ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းလုပ်ဆောင်မှုအဆင့်ကို အဆင့်(၁၀၀)အောက် ရောက်ရှိရေး ရည်မှန်းချက်ထား၍ နိုင်ငံတော်သမ္မတရုံးက ၂၀၁၆ခုနှစ် အောက်တိုဘာ ၁၄ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာထုတ်၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဆောင်ရွက်လျက်ရှိရာ Ease of Doing Business Ranking တိုးမြှင့်ရေးအတွက် Indicator တစ်ခုချင်းစီအလိုက် ရမှတ်များ တိုးမြှင့်ရန် ဆောင်ရွက်ကြရမည်ဖြစ်၍ Indicator အလိုက် တာဝန်ယူဆောင်ရွက်နေသူများသည် နိုင်ငံတကာတွင် ရမှတ်တိုးမြှင့်ရေးအတွက် လုပ်ဆောင်နေမှုများကို စံနမူနာယူလေ့လာသုံးသပ်ကာ မိမိနိုင်ငံတွင်ပြုပြင်ပြောင်းလဲမှုများကို ၂၀၁၉ ခုနှစ် မေလ မတိုင်မီ ဖော်ဆောင်ရမည်ဖြစ်သည်။ ဆင်းရဲမှုလျှော့ချရန်အတွက် စီးပွားရေး လုပ်ကိုင်ရန် လွယ်ကူခြင်းသည် အလွန်အရေးကြီးသော အခန်းကဏ္ဍဖြစ်သည့်အပြင် နိုင်ငံ၏ စီးပွားရေး တိုးတက်ခြင်းအတွက်လည်း များစွာအရေးပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် အထူးအလေးထား ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်သူများဖြစ်သော Stakeholder များ အနေဖြင့်လည်း အားတက်သရော ပူးပေါင်းပါဝင်ကူညီ လုပ်ဆောင် ပေးပါရန် တိုက်တွန်းလိုက်ရပါသည်။

■

## ပဋိဇီဝဆေးအန္တရာယ်ဘေးမှ စားသုံးသူများကာကွယ်ရေး

ပဋိဇီဝဆေးဆိုသည်မှာ ရောဂါဖြစ်စေသည့် အဏုဇီဝပိုးမွှားများကို သေစေနိုင်သော ပြန့်ပွားမှုကို တိုက်ဖျက်သော ဂုဏ်သတ္တိရှိသည့် ဓာတု၊ ဇီဝထုတ်ကုန် တစ်မျိုးဖြစ်ပါသည်။ မွေးမြူရေးလုပ်ငန်းများတွင် တိရစ္ဆာန်ရောဂါများကို ကုသရန်နှင့် ကြီးထွားနှုန်းကောင်းမွန်စေရန် ပဋိဇီဝဆေးများကို အသုံးပြုကြပါသည်။ အရည်အသွေးမပြည့်မီသော ဆေးဝါးများကြောင့် လိုအပ်သော ဆေးချိန်ပမာဏ ပြည့်မီခြင်းမရှိဘဲ အမှန်တကယ်သုံးစွဲသင့်သည့် ကုထုံးထက်လျော့နည်းသည့် ပမာဏကို နည်းနည်းချင်း သုံးစွဲခြင်းသည် ပဋိဇီဝဆေး လွဲမှားစွာ သုံးစွဲခြင်းတစ်ခုဖြစ်ပါသည်။ အဆိုပါဆေးဝါးများကို ရောဂါကာကွယ်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများတွင် အလွန်အကျွံ အသုံးပြုခြင်းနှင့် လွဲမှားစွာ အသုံးပြုခြင်းတို့ကြောင့် ပဋိဇီဝဆေး ယဉ်ပါးမှုအန္တရာယ်ဖြစ်ပေါ်လာရပါသည်။ ထိုအန္တရာယ်ဆိုသည်မှာ ထိရောက်စွာ ကုသနိုင်သည့် အာနိသင်လျော့နည်းလာသောပြဿနာနှင့် ဆေးမတိုးသည့် ဇီဝပိုးမွှားများ အရေအတွက် တိုးပွားလာပြီး နောက်ဆက်တွဲအနေဖြင့် အစားအစာများမှတစ်ဆင့် ပိုးမွှားများသည် လူသို့ကူးစက်ခံရခြင်းဖြစ်သည်။ ကုန်သွယ်မှုနှင့် ကူးသန်းသွားလာမှုများမှတစ်ဆင့် ဆေးယဉ်ပါးသော ရောဂါပိုးများ ကမ္ဘာ့နေရာအသီးသီးကို ပျံ့နှံ့လာနိုင်ပါသည်။

ထိုပဋိဇီဝဆေး ယဉ်ပါးမှုသည် ကမ္ဘာလုံးဆိုင်ရာ အန္တရာယ်ဖြစ်သည့်အတွက် စားသုံးသူအားလုံး၏ အခြေခံအခွင့်အရေးများကို အလေးထားကာကွယ်ပံ့ပိုးပေးမှုများ တိုးတက်လာစေရန်ရည်ရွယ်၍ ၂၀၁၆ ခုနှစ် ကမ္ဘာ့စားသုံးသူ အခွင့်အရေး များနေ့အတွက် ထိုအကြောင်းအရာကို [Antibotic Resistance: Antibiotics off the Menu] ဟူ၍ ဦးတည်ချက် ချမှတ်ခဲ့ပါသည်။ အသားတိုးဆေးတွေ၊ ရောဂါကာကွယ်ဆေးတွေ စနစ်တကျအသုံးပြုခြင်း မရှိသော ကြက်၊ ဝက်၊ နွား မွေးမြူရေးလုပ်ငန်းတွေ၊ အသားထုတ်လုပ်တဲ့ကုမ္ပဏီတွေ၊ အမြန်စာအဓိက ရောင်းချတဲ့ဆိုင်တွေကိုကြပ်မတ်ပေးဖို့တိုက်တွန်းကြတဲ့ လှုပ်ရှားမှုတွေ ဆောင်ရွက်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံကလည်း 'ပဋိဇီဝဆေး အန္တရာယ်ဘေး အစားအစာမှ ဖယ်ရှားပေး'ဟု မြန်မာလိုထုတ်ပြန်၍ စားသုံးသူရေးရာဦးစီးဌာနက အထိမ်းအမှတ် အခမ်းအနား ကျင်းပပြီး လူတွေမှာ ရောဂါတစ်ခုခုဖြစ်လာလို့ ဆေးကုသရင် ဆေးမတိုးတော့ဘဲ ဆေးယဉ်ပါးသည့် ပြဿနာ ဖြစ်ပေါ်လာနိုင်ကြောင်း ပြည်သူ့ကျန်းမာရေးအတွက် အသိပညာပေး ဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကလည်း ဆောင်ရန်ရှောင်ရန် အသိပညာပေး စာစောင်များ ဖြန့်ဝေပေးပြီး ဆေးဝါးခုခံမှုဖြစ်ပေါ်ခြင်း လုပ်ငန်းများအတွက် ဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းထားပါတယ်။ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တိရစ္ဆာန်ပိုင်ရှင်များအနေဖြင့်လည်း ပဋိဇီဝဆေးများကို တိရစ္ဆာန် ဆေးကုဆရာဝန်၏ ညွှန်ကြားချက်ဖြင့် သုံးစွဲရန်၊ သတ်မှတ်ထားသည့် ဆေးပမာဏ၊ အချိန်ကာလကို လိုက်နာရန်၊ ရောင်းချခွင့်ရရှိထားသူများထံမှ မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ ဝယ်ယူသုံးစွဲရန်ဆိုတဲ့အချက်များကို အလေးထား လိုက်နာခြင်းဖြင့် ပဋိဇီဝဆေးအန္တရာယ်ကနေ စားသုံးသူများကို အကာအကွယ်ပေးနိုင်ပါစေဟု တင်ပြလိုက်ပါသည်။

**ရီလင်းထွန်း (မုံရွာ)**

# ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲက ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများစွာ ပေးပါလိမ့်မည်

|မောင်လွင်ပြင်|

ချင်းပြည်နယ်သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ခြင်းမရှိသေးသည့် ပြည်နယ်ဖြစ်သည်ဟု ချင်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးကိုယ်စား အေးချမ်းမြန်မာ အင်စတီကျူမှုဝါဒရေးရာ အကြံပေး ပုဂ္ဂိုလ်ဆလိုင်းအိုက်ဇက်ခင်က ဆိုသည်။ ချင်းပြည်နယ်သည် လက်ရှိအထိ ရင်းနှီးမြှုပ်နှံမှုမရှိသေးသော ပြည်နယ် (Zero Investment) အဖြစ် ချင်းပြည်နယ်အစိုးရအဖွဲ့ကလည်း လက်ခံထားသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် တာဝန်ရှိသူများလည်း လက်ခံထား၏။ ထို့ကြောင့် ချင်းပြည်နယ်တွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန် ချင်းပြည်နယ်အစိုးရက ဦးဆောင်လှုပ်ရှားနေသည်။ အစောပိုင်းကာလတွင်ပြည်နယ်အစိုးရနှင့် ဆွေးနွေးညှိနှိုင်းပြီး ချင်းပြည်နယ်ဒေသန္တရစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ အစီရင်ခံစာကိုလည်း ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ရေးဆွဲ ထုတ်ပြန်ထားသည်။ ယင်းအစီရင်ခံစာတွင် ချင်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကိုဖော်ပြထားသည်။ ထို့ပြင် ချင်းပြည်နယ်၌ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် အလားအလာ များစွာ ရှိနေသည်ကိုလည်း ဖော်ပြထားသည်။ သို့ဖြစ်ရာ ချင်းပြည်နယ်တွင် ရင်းနှီးမြှုပ်နှံရေးဖိတ်ခေါ်မှု တိုးချဲ့ ဆောင်ရွက်ရမည်ဖြစ်သည်။

ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်သည့်အနေဖြင့် ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲကို လာမည့် မတ်လထဲတွင် ရန်ကုန်မြို့၌ ကျင်းပမည်ဟုသိရ၏။ ယင်းပြပွဲကျင်းပမည်ဖြစ်ကြောင်းကို ဖေဖော်ဝါရီ ၁၉ ရက် က ပြုလုပ်သော ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန သတင်းစာရှင်းလင်းပွဲတွင် တာဝန်ရှိသူတို့ ပြောကြားခြင်းဖြစ်သည်။ ယင်းပြပွဲကျင်းပရခြင်းသည် ချင်းပြည်နယ်၌ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ရင်းနှီးမြှုပ်နှံသူတို့ ပိုမိုသိရှိရန် ရည်ရွယ်သည်။ ပြည်နယ်အတွင်းရှိစီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များအကြား ချိတ်ဆက်ဆောင်ရွက်နိုင်ရန်လည်း ရည်ရွယ်သည်။ ထို့ပြင် ဒေသထွက်ကုန်များ ပိုမိုမြှင့်တင်နိုင်ရေးအတွက်လည်း ရည်ရွယ်သည်ဟု သိရသည်။ ချင်းပြည်နယ်ထွက်ကုန်ပြပွဲကို အစီအစဉ်သုံးမျိုးဖြင့် ကျင်းပမည်ဖြစ်၏။ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဆွေးနွေးပွဲ၊ စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်းချိတ်ဆက်ခြင်းနှင့် ဒေသထွက်ကုန်ပြပွဲ ခင်းကျင်းခြင်းစသည့် အစီအစဉ်သုံးမျိုးဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲတွင် တင်ပြချက်ငါးခု ဆွေးနွေးရန် လျာထားသည်ဟု သိရ၏။ ထို့ပြင် ရင်းနှီးမြှုပ်နှံမှု စကားဝိုင်းကိုလည်း ထည့်သွင်းထားသည်။ စီးပွားရေးလုပ်ငန်းရှင်အချင်းချင်း ချိတ်ဆက်ခြင်း အစီအစဉ်ကိုလည်း တစ်ဆက်တည်း ပြုလုပ်သွားမည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ၊ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးရှိ ရင်းနှီးမြှုပ်နှံသူများနှင့် ပြည်နယ်အတွင်းရှိ လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးနိုင်မည်လည်း ဖြစ်သည်။

ချင်းပြည်နယ်ထုတ်ကုန်ပြပွဲသို့ တက်ရောက်ရန် နိုင်ငံခြားသံရုံးအသီးသီးက သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပစီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပဘဏ်များ၊ စီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ကြားရန် စီစဉ်ထားပြီး ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲများသို့ တက်ရောက်သူအင်အား ၅၀၀ ခန့် ရှိနိုင်မည် ခန့်မှန်းထား၏။ ဒေသထွက်ကုန်ပြပွဲဖြစ်သဖြင့် ချင်းရိုးရာအထည်များ၊ ဒေသထွက်သစ်သီးဝလံများ၊ ကော်ဖီ၊ နွားနောက်သားခြောက်နှင့် အခြားထွက်ကုန်များ ခင်းကျင်းပြသသွားမည်။ ချင်းရိုးရာ အကအလှ သဘာဝများဖြင့်လည်း ဖျော်ဖြေမည်ဟု သိရသည်။ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲကို ရန်ကုန်မြို့ တွင် မတ် ၁၆ နှင့် ၁၇ ရက်တို့တွင် ကျင်းပရန် အကြမ်းဖျင်းလျာထားပြီး ဆွေးနွေးပွဲ တက်ရောက်ချင်သူများ chinstate fair2019.com သို့ မတ် ၁၁ ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်းလည်း သိရသည်။ ရန်ကုန်မြို့တွင် မည်သည့်နေရာ၊ အဆောက်အအုံ၌ ကျင်းပမည်ဆိုသည်ကိုတော့ ထပ်မံထုတ်ပြန်သွားမည် ဖြစ်သည်။ (ဖေဖော်ဝါရီ ၂၃ ရက်ထုတ် ကြေးမုံသတင်းစာ ဖော်ပြချက်အရ ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ၌ကျင်းပမည်ဟု သိရသည်။)

ချင်းပြည်နယ်သည် လက်ရှိကာလအထိ Zero Investment State ရင်းနှီးမြှုပ်နှံမှု မရှိသေးသော ပြည်နယ်တစ်ခုဖြစ်သော်လည်း ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်း များစွာ ရှိနေသည်။ ချင်းပြည်နယ်သည် ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ အခွန်ကင်းလွတ်ခွင့် ခုနစ်နှစ်ပေးထားသော ဇုန် (က) စာရင်းတွင် ထည့်သွင်းထားသည့် ပြည်နယ်ဖြစ်သည်။ ယခုအခါ ၂၀၁၉ ခုနှစ်ကစပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန်လည်း မျှော်မှန်းထားသည်။ ချင်းပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှု မရှိသေးဟုဆိုသော်လည်း ဟိုတယ်လုပ်ငန်းတွင် နိုင်ငံသား ရင်းနှီးမြှုပ်နှံမှု တစ်ခုတော့ ရှိသည်။ ကျပ်သန်း ၈၀၀ တန် ဟိုတယ်လုပ်ငန်း လုပ်ကိုင်ရန် ပြည်တွင်းကုမ္ပဏီတစ်ခုအား ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ခွင့်ပြုပေးထားသည်။ ချင်းပြည်နယ် ဖလမ်း (ဆူရ်ဘုန်) လေယာဉ်ကွင်းသစ် တည်ဆောက်ရေးစီမံကိန်းသည်လည်း ရာခိုင်နှုန်း ၅၀ ပြီးစီးနေပြီး လာမည့် ၂၀၂၀ နှစ်ကုန်ပိုင်းတွင်း လေယာဉ်များ ဆင်းသက်နိုင်တော့မည် ဖြစ်သည်။ ချင်းပြည်နယ်တွင် သဘာဝအခြေခံ ခရီး သွားလုပ်ငန်းများ ဖော်ဆောင်စရာ များစွာရှိနေသည်။ သဘာဝ ပတ်ဝန်းကျင် အနေအထားကို အရင်အတိုင်း ခံစားသွားလာလည်ပတ် ချင်သူကမ္ဘာလှည့်ခရီးသွားများအတွက် ဆွဲဆောင်နိုင်သည့် ခရီးစဉ်များ ဖော်ထုတ်နိုင်သည်။ ခရီးသွားလုပ်ငန်းအပြင် စိုက်ပျိုးရေး လုပ်ငန်းများသည်လည်း အလားအလာကောင်းများရှိသည်။ ချင်းပြည်နယ်တွင်း သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်ပြီး ပြည်ပနိုင်ငံများ သို့ အရည်အသွေးမီတင်ပို့နိုင်မည်။ ယခုအခါ အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး သယ်ယူပို့ဆောင်ရေး စီမံကိန်းသည်လည်း ခရီးအတော်ရောက်နေပြီ ဖြစ်သည်။

ချင်းပြည်နယ်ထွက်ကုန်များ ကုန်ထုတ်လုပ်ငန်းများက ထွက်ရှိမည့် ကုန်စည်များ ကုလားတန်မြစ်ကြောင်းကို အသုံးပြုပြီး စစ်တွေ ရေနက်ဆိပ်ကမ်းမှတစ်ဆင့် ဘင်္ဂလားပင်လယ်အော်ကို ဖြတ်ကျော်ကာ အိန္ဒိယနိုင်ငံအရှေ့ပိုင်းမြို့ကြီးများသို့ တင်ပို့ကုန်သွယ်နိုင်သည်။ ထို့ပြင် ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများ၊ အရှေ့အလယ်ပိုင်းနိုင်ငံများနှင့်လည်း ကုန်ကူးသန်းရောင်းဝယ်နိုင်မည်။ ချင်းပြည်နယ်ထွက် ထွက်ကုန်ပစ္စည်းများ ဈေးကွက်ဝင်ရန် အရည်အသွေးပိုင်းကို ရင်းနှီးမြှုပ်နှံသူများက မြှင့်တင်ထုတ်လုပ်နိုင်ဖို့သာ လိုသည်။ အမှန်တော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ချင်းပြည်နယ်တွင် လာရောက် ရင်းနှီးမြှုပ်နှံရေးနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရေးသည် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးရေကြောင်း ပို့ဆောင်ရေးစီမံကိန်း၏ အကျိုးရလဒ်ကို မူတည်ပြီး ဖိတ်ခေါ်ထားခြင်းဖြစ်သည်။ ယင်းစီမံကိန်းသည် ဖွံ့ဖြိုးမှုအနည်းဆုံးဖြစ်နေသော ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနယ်စပ်ခြင်း ထိစပ်နေသော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် အခရာကျနေသည်။ ချင်းပြည်နယ် ပလက်ဝမြို့ကို အခြေခံပြီး အိန္ဒိယနိုင်ငံ မီဇိုရမ် ပြည်နယ်နှင့် ဆက်သွယ်ရေးပလက်ဝ မြစ်ကူးတံတားနှင့် ပလက်ဝ- မီဇိုရမ် ကားလမ်းများလည်း ဖောက်လုပ်ဖို့ စီစဉ်နေသည့် အတွက် ချင်းပြည်နယ်သည် ရင်းနှီးမြှုပ်နှံမှု ရေခံမြေခံကောင်းလာမည် ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု ရေခံမြေခံကောင်းရေးသည် အခြေခံ အဆောက်အအုံများ တည်ရှိမှုအပေါ်လည်း မူတည်သည်။ ယခု ကုလားတန်မြစ်ကြောင်း စီမံကိန်းနှင့်အတူ ချင်းပြည်နယ်တွင် အခြေခံ အဆောက်အအုံများ တည်ရှိမှုအပေါ်လည်း မူတည်သည်။ ယခု ကုလားတန်မြစ်ကြောင်း စီမံကိန်းနှင့်အတူ ချင်းပြည်နယ်အတွင်း အခြေခံ အဆောက်အအုံများ တည်ဆောက်ရေး၊ လမ်း၊ တံတားများ ဖောက်လုပ်ရေးတို့လည်း တစ်ပါတည်း ဆောင်ရွက်နေသည် သိရ၏။

ရင်းနှီးမြှုပ်နှံမှု ရေခံမြေခံကောင်းရေးတွင် အဓိကကျသည်မှာ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးဖြစ်သည်။ ယခုအခါ ချင်းပြည်နယ်အစိုးရသည် ပြည်နယ်အတွင်း ရေအားလျှပ်စစ် ထုတ်လုပ်နိုင်သည့်နေရာကိုးနေရာကို ချပြထားပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများ လာရောက်ရင်းနှီးနိုင်ကြောင်း ဖိတ်ခေါ်ထားသည်။ ကုလားတန်မြစ်၊ မဏိပူရမြစ်၊ လေးမြို့မြစ်တို့တွင် ရေအားလျှပ်စစ်ဓာတ်ထုတ်နိုင်သည့် အရင်းအမြစ်များ ရှိသည်ဆို၏။ ထို့ပြင် ချင်းပြည်နယ်တွင် တည်ရှိသည့် တောင်တန်းအချို့တွင် လုံးဝမထုတ်လုပ်ရသေးသည့် ကြေးနီ၊ ခရိုမိုက်စသည့် ဓာတ်သတ္တုသိုက်များလည်း ရှိနေ၍ သတ္တုတူးဖော်ရေးလုပ်ငန်းကိုလည်း လာရောက် ရင်းနှီးမြှုပ်နှံနိုင်ကြောင်း ပြည်နယ်အစိုးရက ဖိတ်ခေါ်ထားသည်ကိုတင်ပြလိုက်ရပါသည်။

(စာရေးသူ၏ အဘော်သာဖြစ်သည်)



# မြန်မာနိုင်ငံယှဉ်ပြိုင်မှု ဥပဒေနှင့် နည်းဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မုံရွာကုန်စည်ဒိုင်တို့မှ ပူးပေါင်းကျင်းပသော စီးပွားရေးလုပ်ငန်းရှင်များသို့ ယှဉ်ပြိုင်မှု ဥပဒေနှင့် နည်းဥပဒေများအကြောင်း ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို မုံရွာကုန်စည်ဒိုင်၌ ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပပြု လုပ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၉၇ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါရှင်းလင်းပွဲ၌ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကုန်သွယ်ရေးဦးစီးဌာန၊ ယှဉ်ပြိုင်မှု မူဝါဒဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်မေငြိမ်းခိုင်က ယှဉ်ပြိုင်မှုဥပဒေနှင့် နည်းဥပဒေ အကြောင်း ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံတွင် ယှဉ်ပြိုင်မှုဥပဒေကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်က ပြဋ္ဌာန်းခဲ့ပြီး၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်တွင် စတင်အာဏာသက်ဝင်ကာ အခန်းပေါင်း ၁၃ ခန်း၊ ပုဒ်မပေါင်း ၅၆ ခု ပါဝင်ပါကြောင်း၊ ယှဉ်ပြိုင်မှုဥပဒေ ပြဋ္ဌာန်းပြီးသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှာ ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ မလေးရှား၊ ဘရူနိုင်း၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် လာအိုနိုင်ငံတို့ ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ နည်းဥပဒေများကို အတည်ပြု ထုတ်ပြန်ခွင့်ပြုခဲ့၍ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက်က ထုတ်ပြန်ခဲ့ပါကြောင်း၊ စီးပွားရေးဆိုင်ရာ ယှဉ်ပြိုင်မှုကြောင့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူသူ အရေအတွက်၊ ဈေးကွက်ဝေစုနှင့် ဈေးကွက်လွှမ်းမိုးနိုင်မှုတို့ကို ပိုမိုရရှိစေနိုင်ပါကြောင်း၊ နိုင်ငံဖြတ်ကျော်၍ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်လာကြသဖြင့် အမျိုးမျိုးသောပြိုင်ဆိုင်သည့် အပြုအမူများကို ကျင့်သုံးလာကြပါကြောင်း၊ ဈေးကွက်စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံ တွေ့ကြရပြီး နောက်ဆက်တွဲ ဆိုးကျိုးများစွာကိုလည်း ခံစားလာရကာ စိန်ခေါ်မှုများနှင့် ဆိုးကျိုးများသည် ဈေးကွက်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များသာမက စားသုံးသူများထံသို့ ရောက်ရှိပြီး ဆုံးရှုံးထိခိုက်မှုများစွာ ကြုံတွေ့ခံစားရမည်ဖြစ်ပါကြောင်း၊ ယှဉ်ပြိုင်မှုရှိခြင်းကြောင့် ကုန်စည်နှင့် ဝန်ဆောင်မှု အသစ်အဆန်းတီထွင်မှုများ ပေါ်ပေါက်လာခြင်း၊ ကုန်ထုတ်လုပ်နိုင်စွမ်းအားနှင့် ယှဉ်ပြိုင်နိုင်မှု စွမ်းအားများ တိုးတက်လာခြင်း၊ ထိရောက်ကောင်းမွန်သော စီးပွားရေးပတ်ဝန်းကျင်ကောင်း တစ်ခုဖြစ်ပေါ်လာနိုင်ခြင်း၊ စားသုံးသူများ ရွေးချယ်ပိုင်ခွင့်များ ပိုမိုရရှိလာပြီး အရည်အသွေးကောင်း ကုန်စည်များကို ဈေးနှုန်း သက်သာစွာဖြင့် ဝယ်ယူနိုင်ခြင်း၊ ကောင်းမွန်သော ဝန်ဆောင်မှုများ ရရှိလာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါကြောင်း၊ ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးတို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် ဆင်းရဲမှုလျှော့ချရေးတို့အတွက် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ တရားမျှတမှု မရှိသောယှဉ်ပြိုင်မှုဆိုင်ရာ အပြုအမူများမှာ စားသုံးသူများ အထင်လွဲမှားစေရန် ဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ငန်း လျှို့ဝှက်ချက်ကို ပေါက်ကြားစေခြင်း၊ စီးပွားရေးလုပ်ကိုင်သူ အချင်းချင်း အနိုင်အထက်ပြုခြင်း၊ အခြားစီးပွားရေး လုပ်ငန်း၏ နာမည်ဂုဏ်သတင်းကို ပျက်ပြားစေခြင်း၊ အခြားစီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို နှောင့်ယှက်ခြင်း၊ မျှတမှုမရှိသော ယှဉ်ပြိုင်မှုအလို့ငှာ ကြော်ငြာခြင်းနှင့် အရောင်းမြှင့်တင်ခြင်း၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအကြား ခွဲခြားဆက်ဆံခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ် အောက်လျှော့နည်းသော ဈေးနှုန်းဖြင့် ဖြစ်စေ/ဆိပ်ကမ်းရောက် တန်ဖိုးအောက် လျှော့နည်းသော ဈေးနှုန်းဖြင့်ဖြစ်စေ ဈေးကွက်အတွင်း ရောင်းချခြင်းတို့ဖြစ်ပါကြောင်း၊ ယှဉ်ပြိုင်မှုကို ချိုးဖောက်သော သဘောတူညီချက်များမှာ ဈေးနှုန်းညှိနှိုင်း သတ်မှတ်ခြင်း၊ လေလံ/တင်ဒါညှိနှိုင်းရယူခြင်း၊ ထုတ်လုပ်မှုကန့်သတ်ခြင်း၊ ဈေးကွက်ခွဲဝေရယူခြင်းနှင့် စီးပွားရေးလုပ်ငန်းအချင်းချင်း ပေါင်းစည်းမှု/ဝယ်ယူမှုတို့ ဖြစ်ပါကြောင်း၊ ယှဉ်ပြိုင်မှုဥပဒေပါ တားမြစ်ချက်များကို ချိုးဖောက်ပါက ငွေဒဏ်အနိမ့်ဆုံးကျပ်တစ်သိန်းမှ အမြင့်ဆုံး သိန်း ၁၅၀ အထိဖြစ်စေ၊ ထောင်ဒဏ်အနည်းဆုံး သုံးလမှ အများဆုံးသုံးနှစ်ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေချမှတ်ခြင်းခံရမည်ဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အခမ်းအနားတက်ရောက်လာသူအချို့၏ သိရှိလိုသည့် မေးမြန်းချက်များကိုပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သန်းသန်းတင် (မုံရွာ)**

## သံတောင်ကြီး၊ ဘောဂလိဒေသမှ ပေါ်ဦးပေါ်စ ဒညင်းသီး ဈေးကောင်းရ

တောင်ငူမြို့မဈေးနှင့် ညောင်လေးပင်ဈေးတို့တွင် ဈေးကွက်ဖြစ်နေသော သံတောင်ကြီး၊ ဘောဂလိဒေသမှ ပေါ်ဦးပေါ်စ ဒညင်းသီးဈေးကွက်မှာ ဒညင်းသီးအကြီး အလုံး ၁၀၀ လျှင် ကျပ် ၁၂၀၀၀ ခန့်၊ အလတ်အလုံး ၁၀၀ လျှင် ကျပ် ၁၀၀၀၀ ခန့်နှင့် အနု (အသေး) အလုံး ၁၀၀ လျှင် ၈၀၀၀ ကျပ်ခန့် ဈေးနှုန်းရှိနေကြောင်း ဒညင်းသီးရောင်းဝယ်သူတစ်ဦးထံမှ သိရှိရပါသည်။ ဒညင်းသီးစိုက်ပျိုးသူများအနေဖြင့် ဒီယခုနှစ်တွင် မနှစ်ကထက်ဈေးကောင်းရရှိသောကြောင့် ဒညင်းသီးစိုက်ပျိုးသူများအနေဖြင့် အဆင်ပြေကြောင်း သိရှိရပါသည်။

**ခိုင်ခိုင်ရီ (သာယာဝတီ)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဘယ်လ်တာ (၂၀၁၁) | ယာယီ | ၂၃၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | မတ်(ခ်) တူး (၂၀၀၃) | J | ၂၈၀ သိန်း | ၃.၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၂၆၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | အေဒီဗင် (၂၀၁၁) | ယာယီ | ၂၃၀ သိန်း | ၁.၅ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၅။ | ဝစ်ရှ် (၂၀၁၂) | ယာယီ | ၄၃၅ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | နွတ် (ချ်) (၂၀၀၈) | J | ၃၀၀ သိန်း | ၂.၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဟောက်စီ (၂၀၀၃) | D | ၂၁၅ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | မစ်ဆူဘီရှီ/အာပီအာ | K | ၃၆၀ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား | - | ၁၂၀ သိန်း | |

## ရော်ဘာဈေး တက်ရိပ်ပြ

ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှအမေရိကန်ဒေါ်လာ ၂ ဒသမ ၃၂၈ သန်းတန်ဖိုးရှိ ရော်ဘာ ၁၈၀၄ တန်နီးပါးတင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS-3 အမျိုးအစား ၁၂၅၇ တန်နဲ့ MSR-20 အမျိုးအစား ၂၀၄ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား တန်ချိန် ၃၄၂ တန်ကျော်တင်ပို့ခဲ့ပြီးယခင်တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၄၄ တန်လျော့ကျခဲ့ကြောင်း သိရှိရပါတယ်။ ယခုတစ်ပတ်မှာ မြန်မာ-ထိုင်းနယ်စပ်မှ ရော်ဘာ တင်ပို့မှုမရှိကြောင်းနှင့် မူဆယ်ကုန်စည်ရဲ့ ရော်ဘာဈေးမှာ RSS-3 အမျိုးအစား တစ်တန်လျှင်ကျပ် ၁၇ ဒသမ ၂၈၉ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးထက် ဈေးအနည်းငယ်တက်ကြောင်း သိရပါတယ်။

ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းတစ်ပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၀၅ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၃၃၆၉ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ နိုင်ငံအလိုက်တင်ပို့မှုများမှာ တရုတ်နိုင်ငံသို့ Synthetic Rubber အမျိုးအစား ၁၄၃၂ တန်၊ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစား တန်ချိန် ၁၃၀၀၊ RSS-5 အမျိုးအစား တန်ချိန် ၂၀၀၊ MSR-20 အမျိုးအစား တန်ချိန် ၁၄၀၊ ဂျပန်နိုင်ငံသို့ MSR-20 အမျိုးအစား ၁၉၆ တန်၊ တိုင်ဝမ်သို့ MSR-10 အမျိုးအစား ၁၀၁ တန် တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က၃၈၆၂ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၉၃ တန် အပို့လျော့ကျခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေးမှာ RSS-3 အမျိုးအစား တစ်တန်လျှင်ဒေါ်လာ ၅၀ ဈေးတက်ပြီး MSR အမျိုးအစားမှာ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်း သိရပါတယ်။ ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာဈေးလည်း RSS-3 အမျိုးအစားတစ်တန်လျှင်ဒေါ်လာ၅၀ဈေးတက်ပြီး MSRအမျိုးအစားမှာ ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။ **ယဉ်ယဉ်အေး**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက် | (၁၃ x ၅၀ )ပေ | BR (1) ခန်း | ၆၅၀ သိန်း | လမ်းမကြီးနီး | ၀၉/၂၅၀၃၇၂၁၅၈ |
| ၂။ | တိုက်ခန်း | တောင်ဥက္ကလာပမြို့နယ်၊ သစ္စာလမ်း | ၇၅၀ စ/ပေ | BR (2) ခန်း | ၄၅၀ သိန်း | အသင့်နေ | ၀၉/၂၅၀၃၇၂၁၅၈ |
| ၃။ | ကွန်ဒို | မင်္ဂလာတောင်ညွန့်မြို့နယ်၊ မောင်ဝိတ်ကွန်ဒို | ၁၂၀၀ စ/ပေ | BR (1), MB (1) ခန်း | ၁၂ သိန်း | အသင့်နေ | ၀၉/၂၅၀၃၇၂၁၅၈ |
| ၄။ | မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း။ | (၃၀ x ၅၀ )ပေ | RC(1) ထပ် | ၁၆၅၀ သိန်း | မြေဦးစားပေး အိမ်အသင့်အတင့် မြေပုံပါရှိ | ၀၉/၄၀၂၀၇၁၉၂၂ |
| ၅။ | ကွန်ဒို | အလုံမြို့နယ်၊ အောကစ်ကွန်ဒို | ၁၆၀၀ စ/ပေ | MB (1), BR (2) ခန်း | ၁၅ သိန်း | အသင့်နေ | ၀၉/၄၀၂၀၇၁၉၂၂ |
| ၆။ | ကွန်ဒို | လှိုင်မြို့နယ်၊ GEMS ကွန်ဒို | ၉၀၀ စ/ပေ | MB (1), BR (1) ခန်း | ၁၇ သိန်း | အသင့်နေ | ၀၉/၄၀၂၀၇၁၉၂၂ |
| ၇။ | မြေ | သန်လျင်မြို့နယ် | ၂၄၀၀ စ/ပေ | မြေသီးသန့်/ခြံခတ်ပြီး | ၁၈၀ သိန်း | လမ်းမကြီးနီး | ၀၉/၄၀၂၀၇၁၉၂၂ |
| ၈။ | မြေ | ပြင်ဦးလွင်၊ ညောင်နီကျေးရွာ | ၂၄၀၀ စ/ပေ | မြေသီးသန့် | ၁၆၀ သိန်း | | ၀၉/၄၀၂၀၇၁၉၂၂ |

# ကချင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူး၍ ပဲပုပ်စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ဈေးကွက်ထိုးဖောက်မှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူးပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့် ကုန်သည်လုပ်ငန်းရှင်များ ဟန်ချက်ညီညီ ပူးပေါင်းညှိနှိုင်းဆောင်ရွက်တတ်စေရန်၊ နိုင်ငံတကာမှ သုံးစွဲနေသည့် ပဲပုပ်မျိုးများအားသိရှိပြီး ဈေးကွက်ဝင်ပဲပုပ်မျိုးများ အဓိကထား စိုက်ပျိုးလာနိုင်စေရန်နှင့် စိုက်ပျိုးထုတ်လုပ်မှုအပေါ် ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးအမြတ်ရရှိမှုအား ချင့်ချိန်တွက်ဆနိုင်စွမ်းရှိသည့် စီးပွားရေး ဈေးကွက်အမြင်များ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ ပဲပုပ်စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ဈေးကွက် ထိုးဖောက်မှု အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက်က ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့ရှိစိမ်းလဲ့ရတနာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။



အဆိုပါအလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်ကျော်ဝင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကချင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဖေသန်းဝင်းက အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပရခြင်း အကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပါသည်။ ဆက်လက်၍ စိုက်ပျိုးရေးသုတေသနဌာနမှ ဒေါက်တာဒေါ်မာမာဝင်းက မျိုးရွေးချယ်ခြင်းနှင့် စိုက်ပျိုးနည်းစနစ်များ ခေါင်းစဉ်ဖြင့်လည်းကောင်း ၊ စိုက်ပျိုးရေးသုတေသနခြံ (မိုးညှင်း)မှ ဦးမြင့်သောင်း (စိုက်ပျိုးရေး သုတေသနတာဝန်ခံအရာရှိ) က တစ်ဧက အကျိုးအမြတ်အပေါ် သုံးသပ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စားသုံးသူရေးရာ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းလွင်ဦးက အရည်အသွေးသတ်မှတ်ခြင်း၊ ဈေးကွက်ရှာဖွေခြင်းနှင့် ဈေးနှုန်းသတ်မှတ်ခြင်းကိစ္စရပ်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပဲပုပ်ကုန်သည်လုပ်ငန်းရှင် ဦးကြည်လှိုင်က သယ်ယူပို့ဆောင်မှုနှင့် ရောင်းဝယ်မှုပုံစံများ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးရှင်းလင်း ဆွေးနွေးခဲ့ကြပါသည်။ ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများအား မေးခွန်းပေး၍ အုပ်စုလိုက် ဆွေးနွေးခြင်းများ၊ ဆွေးနွေးပွဲရလဒ်များ စုပေါင်းအဖြေရှာခြင်းနှင့် သုံးသပ် ဆွေးနွေးခြင်းများ ဆောင်ရွက်၍ အလုပ်ရုံဆွေးနွေးပွဲရလဒ်များ ထုတ်ဖော်ခဲ့ကြပါသည်။ ၎င်းနောက် ကချင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးဖေသန်းဝင်းက လိုအပ်သည်များ ဆွေးနွေးခဲ့ကြောင်း သိရပါသည်။

**ခွာညို(မနောမြေ)**

## Mandalay International Trade Fair & Business Forum 2019 စီးပွားရေး ဆွေးနွေးပွဲများနှင့် ပြည်တွင်း ပြည်ပ ထုတ်ကုန်ပစ္စည်းပြပွဲများ ကျင်းပမည်

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ Mandalay International Trade Fair & Business Forum 2019 ကို မတ် ၂၂ ရက် မှ ၂၄ ရက်အထိ မန္တလေးကွန်ဗင်းရှင်းစင်တာတွင် ကျင်းပသွားမည်ဖြစ်ပြီး စီးပွားရေးဆိုင်ရာ ဟောပြောဆွေးနွေးပွဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ကုမ္ပဏီများဥပဒေ၊ ကုန်သွယ်ရေးစည်းမျဉ်း၊ အခွန်နှင့် စားသုံးသူရေးရာဟောပြောမှုကဏ္ဍများ ပါဝင်မည်ဖြစ်သည်။

ပြပွဲတွင်ပြည်တွင်းမှ လယ်ယာသုံးစက်ပစ္စည်းများ၊ လယ်ယာစိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ၊ ရိုးရာလက်မှုပစ္စည်းများ၊ စားသောက်ကုန်များ၊ ကျောက်စိမ်းအချောထည်နှင့် လက်ဝတ်ရတနာများ၊ မော်တော်ယာဉ်များ၊ ပြည်ပနိုင်ငံများမှ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ လျှပ်စစ် အသုံးအဆောင်ပစ္စည်းများ၊ ကုန်ပစ္စည်းထုပ်ပိုးမှု စက်ကိရိယာများ၊ ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ ဆောက်လုပ်ရေးဆိုင်ရာ ပစ္စည်းများကို ပြခန်းပေါင်း ၂၆၉ ခန်းဖြင့် ခင်းကျင်းပြသသွားမည်ဖြစ်သည်။ ပါဝင် တက်ရောက်ပြသလိုသူများအနေဖြင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းဖုန်း ၀၉-၄၀၆၉၃၁၂၆ သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **မောင်ပြည်သူ(မန္တလေး)**

## ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ မြို့တော်ခန်းမတွင် ပြည်ပသို့ ပဲမျိုးစုံတိုးမြှင့် တင်ပို့ရေးဟောပြောဆွေးနွေးပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၅ ရက်တွင် ညောင်တုန်းမြို့ မြို့တော်ခန်းမ၌ ပြည်ပသို့ပဲမျိုးစုံတိုးမြှင့်တင်ပို့ရေး ဟောပြောဆွေးနွေးပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုမျိုးသွင်းအားစုများနှင့်ပတ်သက်သော အကြောင်းအရာများ၊ ဧရာဝတီတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ပြည်ပသို့ ပဲမျိုးစုံတင်ပို့နိုင်ရေး တင်ပြချက်များကိုလည်းကောင်း၊ ပဲတီစိမ်း၊ P4 Project Manager ဦးခင်ဇော်ထွန်းက ပဲတီစိမ်းကို GAP နည်းလမ်းဖြင့် စိုက်ပျိုးခြင်းဖြင့် ကောင်းမွန်ခိုင်မာသော ဈေးကွက်ကို ဖန်တီးနိုင်ခြင်းကိုလည်းကောင်း၊ လယ်တော်ကြီးမျိုးစေ့ထုတ်လုပ်ရေး လယ်ယာဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီမှ ဒါရိုက်တာတစ်ဦးကမျိုး ထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီမှ သတင်းအချက် အလက်များ၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးက ဈေးကွက်အလားအလာရှိသော သီးနှံများတိုးတက် စိုက်ပျိုးထုတ်လုပ်နိုင်ရေးစာတမ်းဖတ်ကြားခြင်းနှင့် တက်ရောက်လာသူများ၏ မေးမြန်းချက်များကိုတာဝန်ရှိသူများမှ ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရှိရသည်။

အခမ်းအနားသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ဧရာဝတီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ခရိုင်ဦးစီးမှူးများနှင့် မြို့နယ်တာဝန်ခံများ၊ ပဲနှမ်းကုန်သည်များ၊ လုပ်ငန်းရှင်များ၊ ပဲစိုက်တောင်သူများစုစုပေါင်း ၂၆၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **CONSUMER-MT**



**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) **မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) | **ဖုန်း**-၀၁ ၂၅၄၀၂၄ | **ဖက်စ်**- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | **ဖုန်း**- ၀၉ ၄၃၀ ၄၁ ၈၄၇ | **အီးမေးလ်**- mmeu.tradehelpdesk@gmail.com |



**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၄-၃-၂၀၁၉ မှ ၁၀-၃-၂၀၁၉ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**




**တနင်္ဂနွေသားသမီးများအတွက်** ဒေါသမာန်မာနကြီးပြီး မပွင့်လင်းတတ်သော်လည်း လုပ်ငန်းကိုသာ အောင်မြင် တိုးတက်အောင်ကြံဆောင်နေတတ်ပါသည်။ စီးပွားရေး ပိတ်ဆို့သူအား ပညာသားပါပါတိုက်ထုတ်တတ်ပါသည်။လောင်စာ ဆီ၊ ဓာတ်ဆီလုပ်ငန်းများ အဆင်ပြေပါလိမ့်မည်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတိုးရန် အခက်အခဲ ဖြစ်နေတတ်ပါသည်။ ပညာရေးထွန်းပေါက်လျှင် ကွန်ပျူတာ စာရင်းအင်းပညာ အကျိုးပေးပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေး ကံကောင်းသည်။ ကျန်းမာရေးတွင် အပင်ပန်းခံနိုင်မှု အားနည်းနေတတ်သည်။

**ယတြာ။ ။ထမနဲကို ရာဟုဒေါင့်တွင် ကပ်လှူပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် စွန့်စားမှုများ ကြုံတွေ့ရတတ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုများရှိနေသဖြင့် စုဆောင်းမှုမရှိဖြစ်တတ်သည်။ စီးပွားရေးလုပ်ဆောင်ရာတွင် ဝန်ဆောင်မှုလုပ်ငန်း၊ ရှယ်ယာလုပ်ငန်း၊ ခရီးသွား လုပ်ငန်း စသည်တို့နှင့်လည်း အကျိုးပေးပါသည်။ ပညာရှာနေသူဖြစ်တတ်ပါသည်။ အချစ်ရေး ကံကောင်းနေပါသည်။ ကျန်းမာရေးနှင့်ပတ်သက်လို့ နှလုံး၊ လေထိုး၊ လေအောင့်၊ ခေါင်းမူး၊ ခေါင်းကိုက် ဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ။ သံဃာတော်အား အချိုရည်ဒါန ပြုပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် စွန့်စားမှု ကြုံတွေ့ရတတ်သည်။ လုပ်ဖော်ကိုင်ဖက်များ၏ လုပ်ငန်းကျွမ်းကျင်မှုကြောင့် စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်မှုရရှိလိမ့်မည်။ မြေအောက် သယံဇာတပစ္စည်းများ၊ အကျိုးပေးပါသည်။ လုပ်ငန်းခွင်တွင်းမှ ပညာရှာနေသူဖြစ်တတ်ပါသည်။ ရည်ရွယ်ချက်ကြီးမားနေမည်။ အချစ်ရေးကောင်းပါသည်။ ကျန်းမာရေးပေ့ါပေ့ါဆဆနေတတ်နေမည်။ **ယတြာ။ ။ဂုဏ်တော် (၉) ပါး ပုတီးစိပ်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းခွင်တွင် လုပ်ဖော်ကိုင်ဖက်များကြောင့် တိုးတက်ခြင်းအားနည်း နေတတ်ပါသည်။ အလှကုန်ပစ္စည်းများ၊ ပရိဘောဂများ မင်္ဂလာအခမ်းအနား ပန်းအလှပြင်ခြင်း၊ စီးပွားရေးလုပ်ငန်းအောင်မြင်ဖြစ်ထွန်းမှုအားကောင်းနေလိမ့်မည်။ ပညာရေးကံကောင်းပါသည်။ အချစ်ရေးတွင် အထင်လွဲမှားမှုများ ရှိနေတတ်သည်။ ကျန်းမာရေး ဒူးဆစ်၊ ခြေဆစ်များ၊ ခြေဖဝါးများ ထိခိုက်ဒဏ်ရာရတတ်သည်။ **ယတြာ။ ။သက်ကြီးရွယ်အိုများကို ဆေးဝါးလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** လုပ်ငန်းခွင်နှင့်ပတ်သက်ပြီး အသိပညာရှင်၊ အတတ်ပညာရှင်များက အကြံဉာဏ်ကောင်းများ ပေးကြပါသည်။ အိမ်ဆောက်ပစ္စည်းများ လျှပ်စစ်ဆက်သွယ်ရေးကိရိယာများနှင့်လည်း အကျိုးပေးပါသည်။ ပညာရေးတွင် ရည်ရွယ်ချက် ဝီရိယစိုက်မှု ကြိုးစားခြင်းတို့ကြောင့် အောင်မြင်မှုရရှိမည်။ အချစ်ရေးတွင် ကံကောင်းနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် မျက်ရိုးကိုက်ခြင်း၊ မျက်စိမှုန်ခြင်း ရှိတတ်ပါသည်။ **ယတြာ။ ။သံဃာတော်များကို ဆွမ်းကပ်ပါ။**



**သောကြာသားသမီးများအတွက်** စကားကို ဖွဲ့ဖွဲ့နွဲ့နွဲ့ မပြောပြတတ်ဘဲ တဲ့တိုးပြောတတ်နေမည်။ စီးပွားရေးကောင်းမွန်လာပါမည်။ ကျောက်မျက်ရတနာ၊ နိုင်ငံခြား စီးပွားရေး၊ ခရီးသွားလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းတို့နှင့် အကျိုးပေးပါသည်။ အချစ်ရေးတွင် စိတ်ဝင်စားသူ၊ ချစ်ရသူ ရှိနေတတ်သည်။ အိမ်ထောင်ရှိသူများ သည် မိသားစုအရေး တာဝန်ကျေအောင် ကြိုးစားနေဆဲ ဖြစ်ပါသည်။ ကျန်းမာရေးအနေဖြင့် ကောင်းမွန်နေမည်။ **ယတြာ။ ။ ဘုရားတွင် သောက်တော်ရေကပ်ပါ။**



**စနေသားသမီးများအတွက်** လူမျိုးတူ ဘာသာတူတို့နှင့် စုပေါင်း ရှယ်ယာဝင်ပြီး စီးပွားရေးလုပ်ကိုင်ပါက အောင်မြင်မှုများရရှိမည်။ ကျောက်စိမ်း၊ ပုလဲ၊ လူသုံးကုန်ပစ္စည်းများနှင့် အကျိုးပေးပါသည်။ ပညာရေးအခက်အခဲရှိတတ်သည်။ အချစ်ရေးတွင် ပျော်ရွှင်စရာများနှင့် ကြုံဆုံရလိမ့်မည်။ မိသားစုနှင့် အိမ်ထောင်ရေး တိုင်ပင်ဆွေးနွေးရမည်။ ကျန်းမာရေးတွင် အကြောရောဂါ သတိရှိသင့်ပါသည်။

**ယတြာ။ ။ဘုရားတွင် တေဇောအား ကောင်းရန် ဆီမီးလှူပါ။**

# ဧရာဝတီတိုင်းဒေသကြီး ဒေသထွက်ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင် ကိုင်းဘောရာသီဈေးကွက်



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်း တောင်စောင်း၊ တောင်ကုန်းများရှိသော ပုသိမ်-ငွေဆောင်၊ ပုသိမ်-ချောင်းသာ၊ ပုသိမ်-မော်တင် ကားလမ်းဘေးဝန်းကျင်တွင်ရှိသည့် ရော်ဘာခြံ၊ သီဟိုဠ်ခြံများနှင့် တောင်ပေါ်တစ်လျှောက် ၎င်းအပြင် ငရုတ်ကောင်း၊ ဟိုင်းကြီးကျွန်းနှင့်ပင်လယ် ကမ်းခြေဒေသတို့တွင် အဓိကထွက်ရှိပြီး သဘာဝမှပေးထားသော လက်ဆောင်တစ်ခုအဖြစ် အလေ့ကျ ပေါက်လျက်ရှိသော ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင် ကိုင်းဘော ဈေးကွက်မှာ ဇန်နဝါရီလ ပထမပတ်တွင် စတင်ထွက်ရှိပြီး မတ်လကုန်လောက်ရောက်လျှင် ကိုင်းဘောရာသီမှာ ပြီးဆုံးသွားကြောင်း သိရသည်။ ကိုင်းဘော ရာသီချိန်ရောက်ရှိပါက ကိုင်းဘောထွက်ရှိရာ ကျေးရွာများရှိ ဒေသခံများမှာ အပိုဝင်ငွေရရှိအောင် ခူးဆွတ်ပြီး အဝယ်ဒိုင်သို့ လာရောက်ရောင်းချလျက်ရှိရာ ၎င်းအချိန်ဆိုလျှင် လူတစ်ဦးတစ်နေ့ကိုကျပ် ၆၀၀၀-၇၀၀၀-၁၀၀၀၀ ဝန်းကျင်အထိ ဝင်ငွေရရှိကြောင်း ပုသိမ်-ငွေဆောင် ကားလမ်းဘေး မကျီးကိုးပင် ကျေးရွာရှိကိုင်းဘော အဝယ်ဒိုင်မှဦးမောင်ဇော်က ပြောပါသည်။

အဝယ်ဒိုင်မှ ဝယ်ယူထားသော ကိုင်းဘောများကို ၃၊ ၄ ရက် (လိုအပ်ပါက ၇ ရက်ခန့်အထိ) နေလှမ်းရပြီး ကိုင်းဘော အပင်ရေ ၃၀၀၀ (ဒေသအခေါ် ကိုင်းဘော တစ်ဘော တစ်စီးကို) ယခင်နှစ်က ကျပ် ၁၂၀၀၀၊ ၁၃၀၀၀ ပေါက်ဈေးရှိပြီး ယခုနှစ် ကိုင်းဘော အထွက်နှုန်း လျော့နည်း၍ ကိုင်းဘောတစ်ဘောကို ကျပ် ၁၅၀၀၀၊ ၁၇၀၀၀ ဈေးအတွင်း ဝယ်ယူလျက်ရှိကြောင်း သိရသည်။ အဝယ်ဒိုင်မှ ဝယ်ယူထားသော ကိုင်းဘောများကို နေလှမ်းကာ အနု၊ အလတ်၊ အရင့် (၃)မျိုး ခွဲခြားပြီး ကိုင်းဘော အရင့်ကို မြို့ပေါ်ရှိ တံမြက်စည်းလုပ်ငန်းရှင်များမှ ဝယ်ယူကာ နှစ်ပတ်လည် သိုလှောင်ထား၍ ပြည်တွင်းသုံး တံမြက်စည်းပြုလုပ်ကာ ရောင်းချလျက်ရှိကြောင်း ကိုင်းဘောအနုနှင့် အလတ်များကို ရန်ကုန်မှတစ်ဆင့် တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ကိုရီးယားနှင့် အခြား ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်ဟု သိရှိရကြောင်း ဦးမောင်ဇော်၏ ပြောကြားချက်အရ သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

# သိန္နီမြို့နယ်တွင် ကုမ္ပဏီနှင့် တောင်သူအကျိုးတူပူးပေါင်း၍ စိုက်ပျိုးသော အစေ့ထုတ်ပြောင်း အကျိုးဖြစ်ထွန်းလျက်ရှိ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ သိန္နီမြို့နယ်၊ နောဆွယ်ကျေးရွာရှိတောင်သူဦးဆမ်ထွန်း၏ ပြောင်းစိုက်ခင်းတွင် ကုမ္ပဏီနှင့် တောင်သူအကျိုးတူပူးပေါင်း ဆောင်ရွက်သည့် ဆောင်းအစေ့ထုတ်ပြောင်းအထွက်နှုန်းများ အနီးစပ်ဆုံး ခန့်မှန်း တွက်ချက်နိုင်ရန် အစေ့ထုတ်ပြောင်း စံကွက် ရိတ်သိမ်းခြင်းကို ဖေဖော်ဝါရီလ ၂၆ ရက်တွင် ကျင်းပခဲ့ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် ကွမ်ဆိုင်ဟိန်းကုမ္ပဏီမှ ဝန်ထမ်းများနှင့် ဒေသခံ ပြောင်းစိုက်တောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးမှ သီးနှံအရည်အသွေးကောင်းမွန်ရေး၊ အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ မြို့နယ်တာဝန်ခံမှဈေးကွက်သို့ အချိန်မီတင်ပို့ ရောင်းချနိုင်ရေး ဈေးကွက်အခြေအနေများ၊ အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီးနောက် စုပေါင်းစံကွက်ရိတ်သိမ်းခဲ့ရာ စီပီကုမ္ပဏီမှ ဖြန့်ဖြူးသော စီပီ(၂၀၁)ပြောင်းမျိုးစေ့ တစ်ဧကလျှင် အထွက်နှုန်း ၈၆ ဒသမ ၄ တင်းထွက်ကြောင်း သိရှိရပါသည်။

ကုမ္ပဏီနှင့် တောင်သူ အကျိုးတူပူးပေါင်းစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် အရည်အသွေးပြည့်ဝသော ပြောင်းမျိုးစေ့များ တရားဝင် ဖြန့်ချိသော ဓာတ်မြေဩဇာများ မှန်ကန်စွာ အသုံးပြုရန် အထွက်နှုန်းများ ကောင်းမွန်ပြီး ပြောင်းကုန်ကြမ်းများ ဒေသပေါက်ဈေးထက် ပိုမို၍ ဒေသခံပြောင်း စိုက်တောင်သူများအတွက် ခိုင်မာသောဈေးကွက်များနှင့် အကျိုးအမြတ်များ ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**ဦးဟန်ရှိန် (သိန်းနီ)**

# နွေရာသီဒေသထွက် ထန်းရွက်သက်ကယ် အမိုးအကာအဖြစ် အသုံးပြုသောကြောင့် အရောင်းသွက်

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်နှင့် ချောက်မြို့နယ်မှ ရက်လုပ်သော ထန်းရွက်သက်ကယ်များ နွေရာသီအရိပ်အကာအဖြစ် အသုံးပြုသောကြောင့် အရောင်းသွက်နေကြောင်း ဒေသခံများထံမှ သိရသည်။

ရေနံချောင်းမြို့နယ်ရှိ ကျေးရွာများ၌ ပေါက်ရောက်သော ထန်းပင်များ၏ ထန်းရွက်များကို တစ်လွှာခြင်း ခွဲခြမ်းကာ ထန်းလျှော်ဖြင့်ပြန်လည်၍ ရက်လုပ်ကာ ထန်းရွက်သက်ကယ်အမိုးအဖြစ် ရောင်းချကြကြောင်း ရေနံချောင်းမြို့နယ်ရှိ ရန်ကုန်၊ မန္တလေး ကားလမ်းမတစ်လျှောက်ရှိ ကျေးရွာဒေသခံများထံမှ သိရသည်။

“နွေရာသီမှာ အပူရှိန်ကိုကာကွယ်တဲ့အတွက် လူနေအိမ်တွေမှာ တွင်ကျယ်စွာ သုံးကြတာပါ။ ကြက်ခြံတွေ နွေရာသီမှာ ကြက်တွေ အအေးဓာတ်ရအောင် အမိုးနှင့်အကာအဖြစ် သုံးကြတာကြောင့် အဝယ်သွက်တယ်။ ဒေသခံတွေလည်း ဒီအချိန်မှာ လယ်ယာ လုပ်ငန်းခွင်နားနေချိန်မို့ ထန်းရွက် သက်ကယ်ကနေ မိသားစုအပိုဝင်ငွေရတယ်” ဟု ရေနံချောင်းမြို့နယ်မှ ဦးဝင်းဆွေက ပြောသည်။

လက်ရှိ ထန်းရွက်သက်ကယ် အပျစ်တစ်ရာလျှင် ကျပ် ၁၅၀၀၀ ပေါက်ဈေးရှိပြီး ဝါးကပ်သက်ကယ် အပျစ်တစ်ရာလျှင် ကျပ် ၅၀၀၀၀ ဈေးရှိသဖြင့် ထန်းရွက်သက်ကယ်မှာ ဈေးချိုသောကြောင့် လူသုံးများကြောင်း သိရသည်။

**ရွှေဇင် (ရေနံချောင်း)**

# စိုက်ပျိုးရေးကဏ္ဍ၏ ပြည်တွင်းထုတ်လုပ်မှုမြင့်မားရေးမှ နိုင်ငံ့ စီးပွားတိုးတက်ရေးဆီသို့ ....

# စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုကွင်းဆက်အား စနစ်တကျစီမံဆောင်ရွက်ခြင်း

**အောင်ဆန်းလင်း (DOCA)**

မြန်မာနိုင်ငံ၏ အဓိကစိုက်ပျိုးရေးထုတ်ကုန်ဆိုလျှင် ဆန်စပါးဟု ဆိုရပေမည်။ ဆန်စပါးသည် နိုင်ငံ့စိုက်ပျိုးရေး လုပ်ငန်း၏ အင်အားအကြီးမားဆုံးသော စိုက်ပျိုးသီးနှံဖြစ်ပြီး ဆန်ကို နိုင်ငံ၏ ဝမ်းစာအဖြစ်ပါ စားသုံးကြသောကြောင့် မဟာ ဗျူဟာ ကျသောသီးနှံတစ်မျိုးလည်းဖြစ်ပေသည်။ သို့သော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကြည့်ပါက စိုက်ပျိုး ထုတ်လုပ်မှုအပိုင်းတွင်မူ ထိရောက်အောင်မြင်သောထုတ်လုပ်မှု၊ စီးပွားဖြစ်မှုမရှိသေးသည်ကို တွေ့ရှိရပေသည်။ ပြည်ပနိုင်ငံများသို့ တင်ပို့မှုတွင်လည်း အားနည်းလျက် ရှိနေပေသေးသည်။ ထိုသို့သော အခြေအနေများကို ကျော်လွှားနိုင်ရေးအတွက်မူ ကောင်းမွန်သော မဟာဗျူဟာကျနည်းလမ်းများရှိရန်လည်း လိုအပ်ပေသည်။ ရေရှည်တွင်မြန်မာ့ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနအဖွဲ့အစည်း (IRRI – International Rice Research Institute) ထံမှ နည်းပညာထောက်ပံ့မှု အကူအညီများရယူ၍ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ အစားအစာဖူလုံမှုရရှိရေးနှင့် နိုင်ငံတကာသို့ ကြီးမားသော ကုန်သွယ်ထုတ်လုပ်ရေးပို့ဆောင်ရေးတို့အတွက် မြန်မာ့ဆန်စပါးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ မဟာဗျူဟာ (MRSDS – Myanmar Rice Sector Development Strategy)ကို ၂၀၁၅ ခုနှစ်တွင် ဖွဲ့စည်းပြုလုပ်ခဲ့ကြပါသည်။ အဆိုပါဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဗျူဟာသည် ဆန်ထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရေး အဓိကရည်ရွယ်ကာ ရေးဆွဲထားပြီး အရည်အသွေးကောင်းမွန်လာစေရန်၊ နိုင်ငံခြားဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိရန်နှင့် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရေး (Public Private Partnerships-PPP) များ ပိုမို လုပ်ဆောင်နိုင်ရန် အားပေးထားကြောင်း တွေ့ရှိရပေသည်။ ထို့ပြင် လယ်ယာထုတ်လုပ်မှုများ အားကောင်းလာရေး၊ လယ်သမားများ၏ ဝင်ငွေမြင့်မားလာရေးနှင့် မြန်မာ့ဆန်စပါးဈေးကွက် ကမ္ဘာ့အဆင့်မီယှဉ်ပြိုင်နိုင်ရေးတို့အတွက်လည်း စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လည်း လိုအပ်ပေသည်။ လယ်ယာလုပ်ငန်းများမှ ထုတ်လုပ်နိုင်စွမ်း တိုးမြင့်လာသည်နှင့်အမျှ လယ်ယာကဏ္ဍမှ ဝင်ငွေမြင့်မားလာပြီး ကျေးလက်ဒေသ၏ ဆင်းရဲမှုများကို လျှော့ချနိုင်စေမည်ဖြစ်ပြီး အစားအစာဖူလုံမှုပိုမိုရရှိလာမည်ဖြစ်ပါသည်။ ထို့ပြင် တိုးမြင့်လာသောလယ်ယာ ထုတ်လုပ်မှုများကြောင့် စားသောက်ကုန်စရိတ်များအတွက် သင့်တင့်လုံလောက်သောပမာဏဖြင့် ရရှိလာနိုင်မည်ဖြစ်ပြီး စီးပွားရေးတစ်ခွင် ယှဉ်ပြိုင်မှုများကို ဖြစ်ပေါ်စေကာ ကျေးလက်ဒေသများတွင် လယ်ယာနှင့် လယ်ယာပြင်ပတို့၌ လုပ်သားကောင်းများစွာ ပေါ်ပေါက်လာစေပြီး စီးပွားရေး အင်အားသည်လည်း ခေတ်မီစွာ အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဖြစ်ပေသည်။

ဆန်စပါးအပြင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ထွက်ပို့ကုန်အဖြစ် အကျိုးဖြစ်ထွန်းမှုများရှိနေသည်မှာ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံ အမျိုးသားပို့ကုန် မဟာဗျူဟာတွင်လည်း ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍကို ထည့်သွင်းထားလျက်ရှိပေသည်။ အဆိုပါကဏ္ဍသည် အလုပ်အကိုင်ဖန်တီးပေးမှု၊ ပြည်တွင်းအသားတင်ထုတ်ကုန် (GDP) နှင့် ပို့ကုန်တင်ပို့မှုအတွက် အထောက်အကူပြုသောကြောင့် စိုက်ပျိုးရေးကဏ္ဍ၏ အရေးပါသောကဏ္ဍတစ်ရပ်ပင်ဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် ပဲအမျိုးမျိုးကို ဒေသအသီးသီးတွင် စိုက်ပျိုးထုတ်လုပ်ကြသော်လည်း အများဆုံးစိုက်ပျိုးထုတ်လုပ်ပြီး ပြည်ပသို့ အဓိကတင်ပို့ရာတွင် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့ ပါဝင်ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံမှ မတ်ပဲ၊ ပဲစင်းငုံ အဓိက တင်ပို့သည့် အိန္ဒိယနိုင်ငံသည် ပဲတင်သွင်းမှုနှင့်ပတ်သက်၍ ကန့်သတ်မှုများ ပြုလုပ်နေသည့်အတွက် မြန်မာနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များမှာ များစွာ ထိခိုက်နစ်နာမှုများနှင့် ကြုံတွေ့နေကြရပေသည်။ ဈေးကွက်တစ်ခုတည်းသာ မှီခိုနေရခြင်း၊ ပြည်တွင်းသုံးစွဲမှုနည်းပါးခြင်း၊ စနစ်ကျသော စိုက်ပျိုးထုတ်လုပ်မှုနှင့် စီမံခန့်ခွဲမှု အားနည်းခြင်း စသည့် အကြောင်းတရားများသည် လက်ရှိကြုံတွေ့နေရသော ပြဿနာများ၏ အခြေခံအရင်းအမြစ်များပင်ဖြစ်ပါသည်။ ထိုသို့ပဲစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲပြဿနာများကို ကျော်လွှားနိုင်စေရန်အတွက် ကောင်းမွန်သင့်လျော်သည့် အစီအစဉ်များဖြင့် ဆောင်ရွက်ကြရပေမည်။ တခြားသော ဈေးကွက်နိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ အကျိုးပိုမိုဖြစ်ထွန်းစေသည့် သီးနှံများ ပြောင်းလဲစိုက်ပျိုးထုတ်လုပ်ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုအား ရပ်တန့်ခြင်းမပြုဘဲ ပြည်တွင်းသုံးစွဲမှုများပြားလာအောင် ဆောင်ရွက်ခြင်း၊ တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်၍ ဈေးကွက်ထိုးဖောက်ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုအား စနစ်တကျစီမံခန့်ခွဲခြင်း စသည်တို့ကို လိုက်ပါ လုပ်ဆောင်ကြရန် လိုအပ်ပါသည်။ သို့မှသာ ရေရှည်စီးပွား ဖြစ်ထွန်းစေမည်ဖြစ်ပြီး ခိုင်မာအားကောင်းသည့် စီးပွားရေးအဖြစ်သို့ ရောက်ရှိမည်ဖြစ်ပါသည်။

စိုက်ပျိုးရေးထုတ်ကုန်များ၏ ရေရှည်ဈေးကွက်တည်ငြိမ်စေရေးအတွက်မူ ကုန်သွယ်ဖက်နိုင်ငံများ၏ ကုန်သွယ်ရေး မူဝါဒအပြောင်းအလဲများကြောင့် ပို့ကုန်အပေါ် သက်ရောက်နိုင်မည့် အခြေအနေများကို လေ့လာ၍ကုန်ကြမ်းသာမက တန်ဖိုးမြင့်ထွက်ကုန်များပါ ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအား အရင်းအနှီးပံ့ပိုးပေးခြင်း၊ ကမ္ဘာ့ဈေးကွက်တွင် ဈေးကွက်ရရှိနိုင်မည့် သီးနှံများ စိုက်ပျိုးနိုင်ရေးကူညီပံ့ပိုးခြင်းတို့ကို ဆောင်ရွက်သင့်ပေသည်။ ပြည်ပမှတင်သွင်းလာသည့် ကုန်စည်များကြောင့် ပြည်တွင်းရှိအလားတူကုန်စည်ထုတ်လုပ်သူများ ထိခိုက်နစ်နာမှုဖြစ်ပေါ်ခြင်းမှ ကာကွယ်ကုစားနိုင်ရန်အတွက်လည်း မဟာဗျူဟာကျသော အစီအစဉ်များ ချမှတ် ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့အပြင် ပြည်တွင်း လိုအပ်ချက်အား ပြည်တွင်း၌ပင်ထုတ်လုပ်နိုင်ရန်နှင့် အခြေခံစီးပွားရေးပုံသဏ္ဍာန်ပြောင်းလဲပြီး သွင်းကုန်ပမာဏ လျှော့ချနိုင်ရန်နှင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ထုတ်လုပ်မှုမြင့်မား၍ အလားအလာကောင်းသော သီးနှံကဏ္ဍများကို ဦးစားပေး အကောင်အထည်ဖော်ကြရမည် ဖြစ်ပါသည်။ ထိုသို့ အကောင်အထည်ဖော်ရာတွင် ဒေသနှင့်ကိုက်ညီပြီး အကျိုးရလဒ် ပိုမိုဖြစ်ထွန်းစေမည့်၊ ဈေးကွက်ဝယ်လိုအားကောင်းမွန်သည့် သီးနှံများကိုရွေးချယ်စိုက်ပျိုးရန် လိုအပ်ပါသည်။ ထိုသို့ စိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးမှုအားလုံးကို လွှမ်းခြုံစေနိုင်သည့် သီးနှံအလိုက်အသင်းအဖွဲ့၊ အစုအဖွဲ့များ ဖွဲ့စည်း၍ စိုက်ပျိုးထုတ်လုပ် မှု ကွင်းဆက်တစ်လျှောက် တိုးတက်အောင်မြင်ရေးအတွက် စနစ်တကျ စီမံလုပ်ဆောင်ကြရမည် ဖြစ်ပါသည်။ ထုတ်ကုန်ဟုဆိုလျှင် အရည်အသွေးမှာလည်း အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်နေသဖြင့် ဈေးကွက်တွင် အရည်အသွေးအားဖြင့် ယှဉ်ပြိုင်သော ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက်ကိုလည်း ဆောင်ရွက်ကြရပေမည်။ ထို့ကြောင့် စိုက်ပျိုးမှု အလေ့အကျင့်ကောင်းများကို စိုက်ပျိုးသည့် တောင်သူများ လိုက်ပါ လုပ်ဆောင်နိုင်ရန်နှင့် စိုက်ပျိုးမှု အလေ့အကျင့်ကောင်းများရှိရန် လိုအပ်ပါသည်။ သို့မှသာ ဈေးကွက်ဝင်သည့် အရည်အသွေး မြင့်မားသော သီးနှံထုတ်ကုန်များကို စီမံ ထုတ်လုပ်နိုင်မည်ဖြစ်ပေသည်။

## စိုက်ပျိုးရေးကဏ္ဍအားအဆင့်မြှင့်တင်ခြင်းမှ နိုင်ငံစီးပွားတိုးတက်ရေးဆီသို့....

မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်း၍ သာယာဝပြောသော ခေတ်သစ်ဆီသို့ ဦးတည်ဖို့ဆိုလျှင် စီးပွားရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်ပေသည်။ ထိုသို့ စီးပွားရေးဖွံ့ဖြိုးရန်အတွက်မူ နိုင်ငံတော်၏ အခြေခံလုပ်ငန်း ဖြစ်သည့်စိုက်ပျိုးရေးကဏ္ဍမှ ထုတ်ကုန်များထုတ်လုပ်ခြင်းဖြင့်ပြည်တွင်း ထုတ်ကုန်မြင့်မားအောင် ဆောင်ရွက်သင့်ပါသည်။ ထိုသို့ ထုတ်လုပ်နိုင်ရန်အတွက် လျော့ကျနေသည့် စိုက်ပျိုးရေးကဏ္ဍအား ခေတ်စနစ်နှင့်လျော်ညီစွာ အဆင့်မြှင့်တင်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍအား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် တိုးတက်မှု အလားအလာကောင်းများရှိနေကြောင်း အစီရင်ခံစာအချို့က ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။ စိုက်ပျိုးမြေဧရိယာပေါများခြင်း၊ စိုက်ပျိုးရေးအတွက် ကောင်းမွန်သည့် ရေမြေရာသီဥတုပိုင်ဆိုင်ခြင်း၊ ဈေးကွက်ချိတ်ဆက်ရာတွင် စီးပွားရေးအင်အားကြီးမားသည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ထိစပ်နေသဖြင့် ဈေးကွက်ရရှိမှု အခွင့်အလမ်းကောင်းမွန်ခြင်း စသည်တို့သည် စိုက်ပျိုးရေးကဏ္ဍအား အဆင့်မြှင့်တင်ရာတွင် ကောင်းမွန်သည့် အခွင့်အလမ်းကောင်းများပင် ဖြစ်ပါသည်။ ထိုသို့ အဆင့်မြှင့်တင်ရေးဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် လယ်ယာနှင့် မွေးမြူရေးကဏ္ဍတို့၏ စိုက်ပျိုး ထုတ်လုပ်တင်ပို့မှုတွင် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များအား ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်ခွင့်ပြုရန် မူဝါဒချမှတ်ခြင်း၊ သီးနှံအမျိုးအစားအလိုက် စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးပေးခြင်း၊ နှစ်လတ်ချေးငွေများ ထုတ်ချေးခြင်း၊ တောင်သူ လယ်သမားများ၏ အကျိုးစီးပွားမြှင့်တင် ဖော်ဆောင်ပေးနိုင်ရန် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲများ ကျင်းပခြင်း၊ စွန့်ဦးတီထွင်မှုလုပ်ငန်းများဖြစ်သည့် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းနှင့် SME ချေးငွေထုတ်ချေးပေးခြင်း စသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် လိုအပ်နေသော စီမံခန့်ခွဲမှုများနှင့် လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ခြင်းဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးကဏ္ဍမှ ပြည်တွင်းထုတ်ကုန်များ ကြွယ်ဝစွာ ထုတ်လုပ်နိုင်ကာ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးမှုအတွက် အထောက်အပံ့ဖြစ်စေနိုင်မည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

**ကျမ်းကိုးစာရင်း**

(၁) www.oecd.org/dev.အိုအီးစီဒီ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းများ မြန်မာနိုင်ငံအပေါ် ဘက်ပေါင်းစုံမှ ပြန်လည် သုံးသပ်ချက်။
(၂) Policies for shared prosperity in Myanmar။ မြန်မာနိုင်ငံ၌ ကျေးလက်ဒေသ ဆင်းရဲမွဲတေမှုလျှော့ချခြင်း။
(၃) Strategic Directions For Myanmar Agriculture Sector 2018-2023

# တောင်ငူမြို့ဈေးများအတွင်း ရောင်းချလျက်ရှိသော ပဲပြားများတွင် ဖော်မလင်ပါဝင်မှု ရှိ/မရှိ ရှောင်တခင် ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန၊ တောင်ငူခရိုင် ဦးစီးမှူး ဦးမျိုးအောင်နှင့် ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက်က တောင်ငူမြို့ ဘုရင့်နောင်ဈေး၊ ညောင်ပင်ဈေးနှင့် ရွှေဆံတော်ဘုရားဈေးတို့တွင် ရောင်းချလျက်ရှိသော ပဲပြားများအား ရှောင်တခင် ကွင်းဆင်း၍ နမူနာကောက်ယူပြီး ဘုရင့်နောင်ဈေး ဈေးခေါင်းရုံးတွင် FDA မှ Test Kid ဖြင့် ဖော်မလင်ပါဝင်မှု ရှိ/မရှိကို စစ်ဆေးခဲ့ပါသည်။

ထိုသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်း တွေ့ရှိ၍ နမူနာကောက်ယူခဲ့သည့် ပဲပြားများအနက် ပဲပြားတံဆိပ်တစ်မျိုးတွင် ဖော်မလင်ပါဝင်ကြောင်း တွေ့ရှိရသဖြင့် သိမ်းဆည်း ဖျက်ဆီးခဲ့ပြီး ၎င်းပဲပြားစက်ရုံသို့ သွားရောက်စစ်ဆေးရာ ထုတ်လုပ်ပြီး ပဲပြားများစိမ်ထားသည့် ရေတွင် ဖော်မလင်ပါဝင်ကြောင်း တွေ့ရှိရသဖြင့် စိမ်ရေကန် အတွင်းမှ ရေများအားဖောက်ထုတ်၍ ၎င်းကန်အတွင်း စိမ်ထားသော ပဲပြားများအား ဖျက်ဆီးပြီး ရေကန်အား ဆေးကြောစေခဲ့ပါသည်။ ထို့နောက် စက်ရုံပိုင်ရှင်အား ဖော်မလင်အသုံးမပြုရန်နှင့် နောင်တွင် ဖော်မလင် အသုံးပြုထားသည်ကိုစစ်ဆေး တွေ့ရှိရပါက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် လွှဲအပ်ခဲ့ကြောင်း သိရပါသည်။

**စိန်ကြိုင်(တောင်ငူ)**

# အမျိုးသားကုန်ထုတ်လုပ်မှုတိုးမြှင့်ရေး အဖွဲ့အစည်း မြန်မာနိုင်ငံတွင် ဖွဲ့စည်းနိုင်ရေး ဆွေးနွေး

အမျိုးသားကုန်ထုတ်လုပ်မှု တိုးမြှင့်ရေးအဖွဲ့အစည်း (Myanmar Productivity Organization) တစ်ရပ် မြန်မာနိုင်ငံတွင် ဖွဲ့စည်းနိုင်ရေးအတွက် စားပွဲဝိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ရန်ကုန်မြို့ရှိNovotel Hotel ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲအတွင်း လုပ်ငန်းခွင်မြှင့်တင်ရေး၊ ကုန်ထုတ်လုပ်မှုမြှင့်မားရေး၊ လုပ်ငန်းခွင်အတွင်း လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး နည်းလမ်းများကို Japan Productivity Center မှ Ms. Nao Teranishi ကလည်းကောင်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အထွေထွေ အတွင်းရေးမှူးချုပ် ဦးအောင်ကြည်စိုးက မြန်မာကုန်ထုတ်လုပ်မှုမြှင့်တင်ရေးအဖွဲ့အစည်း၏ လက်ရှိအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံများမှ ပညာရှင်များက အမျိုးသားကုန်ထုတ်လုပ်မှု တိုးမြှင့်ရေးအဖွဲ့အစည်းဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ အတွေ့အကြုံများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

“ကုန်ထုတ်လုပ်မှုကဏ္ဍက SME တွေအနေနဲ့ နည်းပညာတွေကို ဖြန့်ဝေပေးသွားနိုင်မယ်။ ကျွန်တော်တို့နိုင်ငံမှာ လိုအပ်နေတာတွေကို Asian Productivity Organization(APO) ကနေ တစ်ဆင့်ယူဆောင်နိုင်ဖို့ APO အဖွဲ့ဝင်ဖြစ်လာအောင်လုပ်ပြီးတော့ အဖွဲ့ဝင်ကြေးလည်းပေး၊ ကျွန်တော်တို့မှာ မရှိသေးတဲ့ နည်းပညာတွေကို APO က




ယူပြီးတော့ ထုတ်လုပ်မှုကဏ္ဍတိုးတက်လာအောင် လုပ်သွားနိုင်မှာဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံ ကုန်သည်စက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ အထွေထွေအတွင်းရေးမှူးချုပ် ဦးအောင်ကြည်စိုးက ပြောသည်။

စက်မှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်နှင့် Japan Productivity Center တို့ ပူးပေါင်း၍ Myanmar Productivity Center ကို ၂၀၁၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း Capacity Building of Human Resource Development Organization for Productivity Improvement ကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံအတွက် National Productivity Organization (NPO)ဖြစ်မြောက်ရေးနှင့် Asian Productivity Organization (APO)အဖွဲ့ဝင်ဖြစ်ရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်အောင်**

# ပြည်တွင်းမှ စီးပွားရေးလုပ်ဖော် ကိုင်ဖက်များအတွက် လုပ်ငန်းများ တိုးချဲ့ရန် ထောက်ပံ့ပေးမည့် အစီအစဉ်သစ်ကို TCEB မှ မိတ်ဆက်

ပြည်တွင်းမှ စီးပွားရေးလုပ်ဖော် ကိုင်ဖက်များအတွက် အောင်မြင်မှုများ ပြန်လည်သတ်မှတ်ရန်နှင့် လုပ်ငန်းများ တိုးချဲ့ရန် ထောက်ပံ့ပေးမည့် အစီအစဉ်သစ်အတွက် TCEB မှ မိတ်ဆက်ခြင်း အခမ်းအနားကို ရန်ကုန်မြို့ရှိ Melia Hotel တွင် ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပခဲ့သည်။

TCEB ၏ ထောက်ပံ့မှုအစီအစဉ်သစ်သည် ပြည်တွင်းရှိ စီးပွားရေးလုပ် ငန်းများကို ထိုင်းနိုင်ငံမှ တိုးတက်လာသော အခွင့်အလမ်းများကို အားပေးကူညီနိုင်မည်ဖြစ်ကြောင်း သိရသည်။

“ဒီနှစ်အတွင်း မန္တလေးနဲ့ ရန်ကုန်မှာ ကျင်းပခဲ့တဲ့ Thailand MICE Roadshow 2019 ဟာ မြန်မာနိုင်ငံရဲ့ TCEB ကဏ္ဍနဲ့ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာလာစေဖို့အတွက် ဗျူရိုရဲ့ တာဝန်ယူမှုကို ပေါ်လွင်စေမှာပါ။ ဒေသတွင်းမှာ MICE စီးပွားရေးလုပ်ငန်း တိုးတက်စေဖို့ ရည်မှန်းချက်ထားဆောင်ရွက်မှာဖြစ်သလို ထိုင်းနိုင်ငံရဲ့ ဖွံ့ဖြိုးလာတဲ့ အခွင့်အလမ်းတွေကတစ်ဆင့် ဒေသတွင်းလုပ်ငန်းတွေ အောင်မြင်စေဖို့၊ အတွေ့အကြုံရစေဖို့၊ အကျိုးကျေးဇူးတွေရစေဖို့၊ ရင်းနှီးမြှုပ်နှံမှုနဲ့ အခြေခံအဆောက်အအုံတွေ အပါအဝင် ဒေသ



များစွာက အဓိက ဖွံ့ဖြိုးတိုးတက်မှုတွေအတွက် TCEB က ပူးတွဲဖန်တီးသူ၊ ပူးပေါင်းဆောင်ရွက်သူနဲ့ ခေါင်းဆောင်အဖြစ် အဓိကအနေ ရာမှာ ဆက်လက်လုပ်ဆောင်သွားမှာပါ”ဟု TCEB ၏ Senior Vice President ဖြစ်သူ Mrs. Nichapa Yoswee က ပြောသည်။

TCEB အနေဖြင့် ထိုင်းနိုင်ငံရှိ MICE Industry တိုးတက်စေရန်အတွက် နိုင်ငံတကာတွင် Visitor Promote ပြုလုပ်နေသလို ပြည်တွင်း၌လည်း ဆောင်ရွက်နေမှုများရှိကြောင်း၊ ထို့အပြင် ပြည်တွင်းရှိ လုပ်ဖော်ကိုင်ဖက်များ၊ အဖွဲ့အစည်းများအတွက်ကိုလည်း ထောက်ပံ့မှုများ ပေးအပ်နေကြောင်း သိရသည်။

**ချောစု**

# Daewoo City Bus နှင့် Mini Bus များကို ပြည်တွင်းတွင် SKD စနစ်ဖြင့် ထုတ်လုပ်ရောင်းချသွားမည်

Daewoo City Bus BS 106 နှင့် Daewoo Lestar Mini Bus အမျိုးအစားနှစ်မျိုးကို ပြည်တွင်းတွင်တပ်ဆင် ထုတ်လုပ်သော Semi Knock Down စနစ်ဖြင့် ထုတ်လုပ်ကာ ဧပြီလတွင် ရောင်းချသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၈ ရက်က ရန်ကုန်မြို့၊ မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်တွင်ပြုလုပ်သော Daewoo Bus Myanmar Co.,Ltd ၏ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ယခုထုတ်လုပ်မည့် စီးတီးဘတ်စ် နှင့် မီနီဘတ်စ်များကို ကိုရီးယားနိုင်ငံတွင် အသုံးပြုနေသော နောက်ဆုံးပေါ် နည်းပညာများဖြင့် တပ်ဆင်ထုတ်လုပ်ရောင်းချမည်ဖြစ်ပြီး ဈေးကွက်ဝယ် လိုအားအပေါ် မူတည်ကာ မော်တော်ယာဉ်အရေအတွက်ကို တိုးချဲ့ထုတ်လုပ် သွားမည်ဖြစ်ကြောင်း သိရသည်။

“မြန်မာနိုင်ငံမှာ Daewoo Bus Myanmar Co.,Ltd အနေနဲ့ ၂၀၁၇ ခုနှစ် မတ်လမှာ စတင်တည်ထောင်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရဆီကနေ ထောက်ကြန့်မြို့နယ်ရှိ၁၄ဧကကျယ်ဝန်းတဲ့မြေကွက်ကို ငှားရမ်းကာစက်ရုံသစ်ကို ပြန်လည်တည်ဆောက်နေတာပဲဖြစ်ပါတယ်။ ၂၀၁၉ မတ်လမှာတော့ စက်ရုံစတင်ဖွင့်လှစ်ကာ Daewoo Bus များကို SKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်သွားမှာပါ။ အခု လောလောဆယ်မှာတော့ ဒေါ်လာ ၈၅၀၀၀ ဝန်ကျင်းတန်ဖိုးရှိတဲ့ Daewoo City Bus BS 106 နဲ့ ဒေါ်လာ ၄၅၀၀၀ ဝန်းကျင်တန်ဖိုးရှိတဲ့ Daewoo Lestar Mini Bus နှစ်မျိုးကို တပ်ဆင်ထုတ်လုပ်ပြီး ဧပြီလမှာ ဈေးကွက် အတွင်းဖြန့်ဖြူးရောင်းချသွားနိုင်ဖို့ ပြင်ဆင်ဆောင်ရွက်နေပါတယ်” ဟု Daewoo Bus Myanmar Co.,Ltd၏ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာကျော်ကျော်အောင်ကပြောသည်။

Daewoo Bus Myanmar ၏ Service Centre များကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်တို့တွင် တည်ဆောက်ဖွင့်လှစ်ကာ ဝန်ဆောင်မှု ပေးသွားမည်ဖြစ်ပြီး ယခုထုတ်လုပ်မည့် ဘတ်စ်ကားအမျိုးအစားနှစ်မျိုးကို ပြည်တွင်းတွင်ထုတ်လုပ်ကာ ပြည်တွင်းဈေး ကွက်သို့သာမက ပြည်ပဈေးကွက်သို့ပါ တင်ပို့ရောင်းချနိုင်ရန် စီမံဆောင်ရွက်သွားမည်ဟု ဒေါက်တာကျော်ကျော်အောင်က ဆက်လက်ပြောကြားသည်။

Daewoo Bus Myanmar Co., Ltd ကို ကိုရီးယားနိုင်ငံအခြေစိုက် Zyle Daewoo Commercial vehicle Company နှင့် ပြည်တွင်းမှ Myanmar Trade Center Co.,Ltd တို့ ပူးပေါင်း တည်ထောင်ထားခြင်းဖြစ်သည်။

**ချောစု**

# ဒစ်ဂျစ်တယ် ရုပ်သံလိုင်း ထုတ်လွှင့်ပြသရန်အတွက် အူရီဒူးမြန်မာနှင့် Mizzima TV တို့ သဘောတူ လက်မှတ်ရေးထိုး

ဒစ်ဂျစ်တယ် ရုပ်သံလိုင်းသစ်ကို အကျိုးတူပူးပေါင်း၍ ထုတ်လွှင့်ပြသရန်အတွက် အူရီဒူးမြန်မာနှင့် Mizzima TVတို့သဘောတူလက်မှတ်ရေးထိုးခြင်းကို မတ်လ ၁ ရက်တွင် အူရီဒူးမြန်မာရုံးချုပ်၌ ကျင်းပခဲ့သည်။

ထိုကဲ့သို့ ပူးပေါင်း လိုက်သည့်အတွက် အူရီဒူး အသုံးပြုသူများအနေဖြင့် ဒစ်ဂျစ်တယ် ရုပ်သံလိုင်းဖြစ်သည့် Mizzima TV ကို အချိန်နေရာမရွေး မိုဘိုင်းလ် အက်ပလီကေးရှင်းမှတစ်ဆင့် ကြည့်ရှုနိုင်မည်ဖြစ်ပြီး ပြသခဲ့ပြီးသော အစီအစဉ်များကိုလည်း ပြန်လည်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

“သုံးစွဲသူတွေအတွက် ဒစ်ဂျစ်တယ်နည်းပညာကို ပိုမိုကောင်းမွန်စေဖို့ ဆန်းသစ်တဲ့နည်းပညာတွေကို အမြဲရှာဖွေနေပါတယ်။ ကျွန်တော်တို့ ပူပေါင်းမှုရဲ့ အက်ပလီကေးရှင်းကတစ်ဆင့်လည်း အချက်အလက်ပြည့်စုံတဲ့ ပညာရေး အစီအစဉ်တွေအပြင် နောက်ဆုံးရသတင်းတွေကိုလည်း တင်ဆက်ပေးသွားမှာပါ”ဟု အူရီဒူးမြန်မာ၏ Acting CEO ဖြစ်သူ Mr. Alok Verma က ပြောသည်။

အက်ပလီကေးရှင်းမှတစ်ဆင့် ကြည့်ရှုမည့် အူရီဒူးသုံးစွဲသူများအနေဖြင့် ကြည့်ရှုခွင့်အစီအစဉ်များကို ရွေးချယ်ဝယ်ယူနိုင်ပြီး သက်တမ်းကုန်ဆုံးချိန်တွင်လည်း အလိုအလျောက်သက်တမ်းတိုးနိုင်သည့်စနစ်ကို ထည့်သွင်းပေးထားကြောင်း သိရသည်။

Mizzima TV အက်ပလီကေးရှင်းကို အန်းဒရွိုက်ဖုန်းများတွင် ဒေါင်းလုဒ်ပြုလုပ်နိုင်ပြီး ပြည်တွင်းမှ ကြည့်ရှုသူများအတွက်ကိုလည်း Fox Network Group နှင့်ပူးပေါင်း၍ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများကို တစ်ဦးတည်းမူပိုင် ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# ကယားပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီ(၂)ရပ် တို့၏ (၂/၂၀၁၉) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်တွင် ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီ(၂)ရပ်တို့၏ (၂/၂၀၁၉) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စားသုံးသူရေးရာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ ပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် ကော်မတီ (၂) ရပ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါတယ်။



အစည်းအဝေးတွင် ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒု-ဥက္ကဋ္ဌ၊ ဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ဝင်းက ယခင်လ (၁/၂၀၁၉) လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ စားသုံးသူပြည်သူများ စားသုံးသူအခွင့်အရေး အပြည့်အဝရရှိစေရန်နှင့် စားသုံးသူဆိုင်ရာ အသိပညာများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် လွိုင်ကော်မြို့ရပ်ကွက်များ၊ ကျေးရွာများတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း၊ လုံခြုံစိတ်ချရမှုရှိသည့် ကုန်စည်များ သုံးစွဲနိုင်ရန်အတွက် ကုန်စည်၏ အရည်အသွေးပြည့်မီရေး ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီသည် ၂၀၁၄ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့်အညီ စားသုံးသူများ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြခြင်း ၁/၂၀၁၈ အမိန့်ကြော်ငြာစာနှင့် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရန် (၁/၂၀၁၉) ညွှန်ကြားချက်များကို လုပ်ငန်းရှင်များ သိရှိလိုက်နာနိုင်ရေး အမိန့်ကြော်ငြာစာပါ ကုန်စည်(၉)မျိုး ရောင်းချသောဆိုင်များအား အသိပညာပေးကွင်းဆင်းဆောင်ရွက်ခဲ့မှုများအား အမှာစာဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး လွိုင်ကော်မြို့ရှိစားသုံးသူပြည်သူ(၂)ဦးမှ Telenor broadband internet သုံးစွဲမှု ကန့်သတ်ခြင်းနှင့်စပ်လျဉ်း၍ တိုင်ကြားလာမှုအား Telenor broadband ရုံးချုပ်နှင့် ဆက်သွယ်ညှိနှိုင်းနေမှု အခြေအနေများကိုလည်းကောင်း၊ ညှိနှိုင်းမှု မရရှိပါက စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ်ရယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြဆွေးနွေးခဲ့ပြီး အဖွဲ့ဝင်များကလည်း အသီးသီး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**မြို့ရီ (စားသုံးသူ၊ ကယား)**

**စာမျက်နှာ (၁၈) နိုင်ငံတကာပန်းဈေးကွက်အတွင်း . . . မှအဆက်**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားတိုးတက်မှု အရှိန်အဟုန်မြှင့်တင်ရေး စွမ်းဆောင်မှုသည် ဥပမာအားဖြင့် မိသားတစ်စု၏ အိမ်ထောင်စီးပွားရေး တိုးတက်ရေးဆောင်ရွက်မှုနှင့်အလားသဏ္ဍာန်တူလှပါသည်။ အိမ်ထောင်မိသားတစ်စုတွင် ရှေ့ထွက်စီးပွားရှာသူက တစ်ယောက်၊ ဝင်ငွေထွက်ငွေ သိမ်းဆည်းထိန်းကွပ်သူက တစ်ယောက်၊ ဈေးကွက် ရှာသူကတစ်ယောက်၊ နောက်ကွယ်မှ လုပ်ဆောင်ဖွယ်ရာများ အဆင်သင့်ဆောင်ရွက်ပေးနေသူက တစ်ယောက်၊ စီမံကိန်းချပေးသူက တစ်ယောက် စသည်ဖြင့် လုပ်ငန်းအကြီးအသေးမရွေး အလေးထားဆောင်ရွက်ကာ ဝင်ငွေအသေးရော၊ အကြီးပါရသမျှ စုဆောင်းစီမံဆောင်ရွက်မှသာ စီးပွားဖြစ်သကဲ့သို့ နိုင်ငံ၏ထွက်ကုန်ထုတ်ကုန်ဟူသမျှ ကဏ္ဍစုံကို တိုးတက်နိုင်သမျှ တိုးတက်အောင် ဆောင်ရွက်လုပ်ဆောင်ရန် လိုအပ်လှပါသည်။ မြန်မာနိုင်ငံ၏ ပန်းမန်ကဏ္ဍသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဆောင်ရွက်ဖွယ် ကိစ္စများစွာ လိုအပ်လျက်ရှိနေသည်ကို အထက်ပါသုံးသပ်ချက်အရ တွေ့မြင်နိုင်မည်လည်း ဖြစ်ပါသည်။ စိုက်ပျိုးရန် နေရာများစွာရှိပြီး နေရောင်ခြည် ပေါပေါများများ ရရှိနေသည့် စာရေးသူတို့နိုင်ငံကိုလည်း ရင်းနှီးမြှုပ်နှံလိုသူများကလည်း စောင့်ကြည့်လျက်ရှိပါသည်။ ပန်းမန်ကဏ္ဍ၏ နောက်ကွယ်တွင် မြေသြဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးအပြင် စိုက်ပျိုးမှုဆိုင်ရာ သွင်းအားစုများနှင့် သစ်ပင်ပန်းမန်ဆိုင်ရာ အဆာပလာ များစွာ၏ ကဏ္ဍသည်လည်း တစ်ပြိုင်တည်းပါလာမည်ဖြစ်ပါသည်။ အထူးလိုအပ်ချက်မှာ အသိပညာနှင့်နည်းပညာတိုးတက်မှုပင်ဖြစ်နေသည်ကိုလည်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ မြန်မာ့ပန်းမန် ကဏ္ဍသည် အလားအလာကောင်းများစွာ ရှိနေသည်မှာလည်း ထင်ရှားလှပါသည်။

လက်ရှိအခြေအနေတွင် မိမိတို့၏နိုင်ငံအနေဖြင့် ပို့ကုန်တိုးတက် တင်ပို့ရေးကို ဦးစားပေးကာ တင်ပို့နိုင်သော အမယ်သစ်များကို ဖော်ထုတ်ခြင်း၊ ပမာဏများများတင်ပို့နိုင်ရန် ကြိုးစားခြင်း၊ ဈေးကွက်သစ်များရှာဖွေခြင်းတို့ကို အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း ရှိရင်းစွဲရေမြေအနေအထားနှင့် နိုင်ငံ၏တည်နေရာအရ သဘာဝမှ ပေးအပ်ထားသော အခွင့်အရေးများကို အပြည့်အဝ အသုံးချကာ အခွင့်ကောင်းယူရန်မှာလည်း အရေးကြီး လှပါသည်။ အမယ်သစ်များရှာဖွေသကဲ့သို့ လက်ရှိတွင် ဆောင်ရွက်နေသော အမယ်များ ဈေးကွက် ရရှိရေး၊ အရည်အသွေးမီရေး၊ စံချိန်မီသွင်းအားစုများ၊ မျိုးများရရှိရေးတို့ကိုလည်း ကြပ်မတ် တိုက်တွန်းထောက်ပံ့ပေးရမည်လည်း ဖြစ်ပါသည်။ ထို့ပြင် ပြည်တွင်းဈေးကွက်အပြင် ဒေသတွင်းဈေးကွက်၊ အပြည်ပြည်ဆိုင်ရာဈေးကွက် ဖြစ်တည်မှုများကိုလည်း မျက်ခြေအပြတ်စောင့်ကြည့်နေရေး၊ ပြောင်းလဲလာသော နည်းပညာများကို အမီလိုက်ပါ ဆောင်ရွက်နေရေးတို့ကိုလည်း လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် စိုက်ပျိုးသည့်နေရာမှ နောက်ဆုံးသုံးစွဲသူအထိ ရောက်ရှိစေသော Supply Chain တစ်ခုလုံးအား တိုးတက်စေခြင်းဖြင့် ဒေသခံများ၏ ဝင်ငွေရရှိမှု၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်စေနိုင်မှုတို့ကို ရရှိစေမည်ဖြစ်ပါသည်။ ထို့ပြင် လက်လီလက်ကား ရောင်းဝယ်မှု ကဏ္ဍကိုလည်း တိုးတက်ပြောင်းလဲလာစေမည်လည်း ဖြစ်ပါသည်။ လက်ရှိရောင်းချနေသော ပုံစံများထက် ပိုမိုခေတ်မီမြန်ဆန်သော နည်းလမ်းများကိုလည်း လုပ်ဆောင်လာနိုင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့်ဖော်ပြရလျှင် ဂျပန်နိုင်ငံ၏ တိုကျိုမြို့ရှိ ပန်းများကို လက်ကားရောင်းချသည့် ဈေးတွင် ပန်းများကိုလေလံစနစ်ဖြင့် ဆောင်ရွက်မှုများဆောင်ရွက်ကာ လေလံအောင်သော ပန်းများကို စက်များဖြင့် အမျိုးအစား ခွဲခြားထုပ်ပိုးသည့်စနစ်ကိုပင် ကျင့်သုံးဆောင်ရွက်နေပြီဖြစ်ပါသည်။ International Floral Distributor (IFD) မှထုတ်ပြန်သော Flower Trend Forecast Annual Research အရ ၂၀၁၉ ခုနှစ်တွင် ပန်းများကို နှစ်သက်ရွေးချယ်မှုလမ်းကြောင်းမှာ ပြောင်းလဲလာမည်ဖြစ်ကာ သမားရိုးကျရွေးချယ်မှု ပုံစံများသည်လည်း ပြောင်းလဲလာနိုင်ကြောင်းကို ဖော်ပြထားပါသည်။

ထို့ကြောင့် ပြည်တွင်းဈေးကွက်ကြီးမားကာ အလားအလာကောင်းများစွာ ရှိနေသော်လည်း စိုက်ပျိုးမှု နည်းပညာနှင့် သိမ်းဆည်းထုပ်ပိုးမှုနည်းပညာများ အားနည်းခြင်း၊ သတင်းအချက်အလက်ရရှိမှု အားနည်းမှု အခြေ အနေများကို ဖြည့်ဆည်းဆောင်ရွက်ပေးပါက အလားအလာကောင်းများရှိသော မြန်မာ့ပန်းကဏ္ဍကို ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ခြင်းဖြင့် စိုက်ပျိုးသူများ၏ ဝင်ငွေ၊ ဆက်စပ်လုပ်ကိုင်နေသူများ၏ဝင်ငွေအပြင် နိုင်ငံတော်၏ ပို့ကုန်ကဏ္ဍမှ ရရှိသောဝင်ငွေများ တိုးတက်ကြပါရန်အတွက် နိုင်ငံတကာ ပန်းရောင်းဝယ်မှုအခြေအနေတို့ဖြင့် ချိန်ထိုးဖော်ပြ တင်ပြအပ်ပါသည်။

**Sources: GMBS: Myanmar Flower Sector Quick Scan, Flower Trend Forecast Annual Research**

# ချင်းပြည်နယ်အတွင်း ဝဥအခြောက်ခံစက်ရုံ တည်ဆောက်ရန် ပြည်ပကုမ္ပဏီများမှ စိတ်ဝင်စား

ချင်းပြည်နယ်အတွင်း ဝဥအခြောက်ခံစက်ရုံ တည်ဆောက်ရန် UK၊ တရုတ်၊ ထိုင်းနှင့် ဂျပန် စသည့်နိုင်ငံများရှိ ကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုများရှိနေသည့်အတွက် ချင်းပြည်နယ်မှာ မြေနေရာ ရှာနေပြီး အောက်တိုဘာလောက်မှာ အပြီးတည်ထားကာ နိုဝင်ဘာလောက်မှာ စက်ရုံလည်ပတ်သွားမည်လို့လည်း သိရပါသည်။ လာမည့်မတ်လအတွင်း၌ ရန်ကုန်မြို့တွင် ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ကျင်းပသွားမည်ဖြစ်ရာ ဝဥအခြောက်ခံစက်ရုံတည်ဆောက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်းနှင့် ပတ်သက်၍ ထပ်မံဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရပါသည်။ လက်ရှိ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်၊ မင်းတပ်မြို့နယ်နှင့် မတူပီမြို့နယ်တို့မှ ဝဥပိဿာချိန်ပေါင်း ၁၀ သိန်းအထက် ထွက်ရှိပြီး ချင်းပြည်နယ် မြောက်ပိုင်းတွင်လည်း စိုက်ပျိုးထုတ်လုပ် လျက်ရှိကြောင်း သိရပါသည်။ လက်ရှိ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ဝဥကို ဂျပန်နှင့် တရုတ်နိုင်ငံတို့မှ ဈေးကောင်းပေး၍ ဝယ်ယူလိုသော်လည်း အရည်အသွေးပိုင်း အားနည်းနေခြင်းကြောင့် လိုအပ်သလောက် တင်ပို့နိုင်ခြင်းမရှိသေးကြောင်း ဝဥကုန်သည်များထံမှ သိရပါသည်။ ဂျပန်နိုင်ငံသည် အခြောက်ခံထားသည့်ဝဥကို ပိုကြိုက်နှစ်သက်ကာ အရည်အသွေးပိုင်းမှာလည်း သေချာစစ်ဆေးပြီး တရုတ်ထက် ဈေးပိုပေးတာကို တွေ့ရပါသည်။ စိုက်တောင်သူတွေက မိရိုးဖလာနည်းအတိုင်း သိုလှောင်သိမ်းဆည်းတာကြောင့် အရည်အသွေးပိုင်းမှာ အားနည်းတာကို တွေ့ရပါသည်။ ယခင်က မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ သီရိလင်္ကာနိုင်ငံတို့မှ ထွက်ရှိသည့် ဝဥများကို ဂျပန်နိုင်ငံသို့ တင်ပို့မှုများသည့်အတွက် ဂျပန်နိုင်ငံအစိုးရမှ အခွန်ကင်းလွတ်ခွင့်ပေးခဲ့ဖူးပြီး လက်ရှိအဆိုပါ ၄ နိုင်ငံထဲတွင် မြန်မာနိုင်ငံမှ ဝဥအထွက်နှုန်း ပိုတိုးလာခြင်းကြောင့် ဈေးကွက်အရ တိုးချဲ့ရန် အလားအလာရှိနေကြောင်း ကုန်သည်များထံက သိရပါသည်။

ပြည်ပနိုင်ငံများအနေဖြင့် ဝဥကို အမှုန့်ပြုလုပ်၍ ကော်ပြန့်၊ ခေါက်ဆွဲ၊ ပေါင်မုန့်၊ အရက်၊ ပိုင်ချက်လုပ်ခြင်း၊ အသားတု၊ သရေစာမုန့်များ စသည်တို့ ပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုကြပြီး ကိုလက်စထရော၊ အဆီကျဆေးများ ဖော်စပ်ရာတွင်လည်း ဆေးဝါးအဖြစ် အသုံးပြုကြကြောင်း သိရပါသည်။ ဝဥသည် မြန်မာနိုင်ငံ အနှံ့အပြားတွင် စိုက်ပျိုးထုတ်လုပ်ရရှိသော သီးနှံအမျိုးအစားဖြစ်ပြီး ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုး ထုတ်လုပ်လျက်ရှိကြောင်း သိရပါသည်။ လက်ရှိ မြန်မာနိုင်ငံတွင် ဝဥအခြောက်ခံစက်ရုံ ၇ ရုံရှိရာမန္တလေးတိုင်း ဒေသကြီးတွင် စက်ရုံ ၃ ရုံ၊ မွန်ပြည်နယ်တွင် ၃ ရုံရှိပြီး၊ ကရင်ပြည်နယ်တွင် ၁ ရုံရှိကြောင်း သိရပါသည်။

**ခင်မြနွယ် - MYANTRADE (TIR)**

# ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ(၂)ရပ်တို့၏ (၂/ ၂၀၁၉)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၆ ရက်က ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်း ကော်မတီတို့၏ (၂/ ၂၀၁၉) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင်ပြည်နယ်ဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဌာနဝန်ကြီး၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌဦးသန်းနိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ ကရင်ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးမှ (၁/ ၂၀၁၉) အစည်းအဝေးမှ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများအား ရှင်းလင်းတင်ပြခြင်း၊ တိုင်ကြားစာများနှင့် ဖြေရှင်းဆောင်ရွက်မှုများတင်ပြခြင်း၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများတင်ပြခြင်း၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိတ်ဖက်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တင်ပြခြင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ် များကို အသေးစိတ်ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်၊ ကော်မတီဝင်များက တင်ပြမှုအပေါ် လိုအပ်ချက်များ၊ လုပ်ငန်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခြင်း၊ အကြံပြုခြင်း၊ ဆက်စပ်ဌာနအဖွဲ့အစည်းများက ပူးပေါင်းပါဝင် ဆောင်ရွက်မည့် အစီအစဉ်များ၊ အစည်းအဝေးဆုံးဖြတ်ချက်များအား ဆွေးနွေးခဲ့ကြသည်။

၎င်းဆွေးနွေးမှုအားလုံးကိုပြည်နယ်ဝန်ကြီးစီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ကရင်ပြည်နယ် အစိုးရအဖွဲ့၊ ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌဦးသန်းနိုင်က အတည်ပြုပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်ကြည်(ကရင်ပြည်နယ်)**

# မလှိုင်မြို့မစျေးတွင် လုံခြုံစိတ်ချရမှုမရှိသော စားသောက်ကုန်များ ရောင်းချမှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

မိတ္ထီလာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆောင် သောအဖွဲ့သည် မလှိုင်မြို့နယ် မြို့မစျေးကြီးအတွင်း ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိစေရေးနှင့် စျေးကွက်အတွင်း တားမြစ်ထားသော ပစ္စည်းများရောင်းချမှုမရှိစေရန် စျေးကွက်ထောက်လှမ်းခြင်းလုပ်ငန်းများအား ဖေဖော်ဝါရီ ၂၁ ရက်က လုပ်ဆောင်ခဲ့ရာ သက်တမ်းလွန်မုန့် ၁၂ ထုပ်၊ ပိုးသတ်ဆေးပါဝင်မှုများသော ကျင်းထုံခြင်ဆေး ၇၉ ဗူး၊ သက်တမ်းလွန် Juice Lime အချိုရည်တစ်ဗူးတို့အား တွေ့ရှိသိမ်းဆည်းခဲ့ကြောင်း နောင်တွင် ဆက်လက်မရောင်းချရန်နှင့် ရောင်းချပါက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ ပြီး ၎င်းသိမ်းဆည်းလာသော ပစ္စည်းများကို မလှိုင်မြို့ ပန်းလှိုင်ရွှေဝါခန်းမတွင် ပူးပေါင်းအဖွဲ့များဖြင့် ဖျက်ဆီးခဲ့ပါသည်။ ဆက်လက်၍ မိတ္ထီလာခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှလည်း စျေးကွက်နမူနာ ကောက်ယူခြင်း လုပ်ငန်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**သိမ့်သူဇာမောင်(မိတ္ထီလာ)**

# ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ နှင့် မိတ်ဖက်ဌာနများပူးပေါင်း၍ ဒေးဒရဲမြို့နယ်စျေးရုံစျေးတန်းများအား ရှောင်တခင်ကွင်းဆင်းစစ်ဆေး

ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်အရ ဖေဖော်ဝါရီ ၂၁ ရက်က ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးဦးမြင့်အောင် ဦးဆောင်သော အဖွဲ့ဝင်များ၊ မိတ်ဖက်ဌာန များ၊ ဒေသခံသက်ဆိုင်ရာ ဌာနများ လိုက်ပါ၍ ဒေးဒရဲမြို့နယ်စျေးကွက် အတွင်းရှိ တားမြစ်ထားသောကုန်စည်များနှင့် သက်တမ်းလွန်ကုန်စည်များအား ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့ကြပါသည်။



ထိုသို့စစ်ဆေးရာတွင် ဒေးဒရဲမြို့ နယ်ရှိမုန့်မျိုးစုံဆိုင် ၁၀ ဆိုင်၊ အလှကုန်ပစ္စည်းအရောင်းဆိုင် သုံးဆိုင်၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး အရောင်းဆိုင် ရှစ်ဆိုင်၊ ဆေးနှင့်ဆေးပစ္စည်းလေးဆိုင်နှင့်တိုင်းရင်းဆေးဆိုင် သုံးဆိုင် စုစုပေါင်း ၂၈ ဆိုင်အား ရှောင်တခင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရပါသည်။ မုန့်မျိုးစုံဆိုင်တွင် သက်တမ်းလွန်မုန့်များနှင့် စားသုံးရန်မသင့်သောကြော်ငြာပါမုန့်များဖြစ်သည့် တုတ်ထိုး သကြားလုံးများ၊ သက်တမ်းလွန်ပီကေနှင့် ရောင်စုံသကြားလုံးများ၊ သက်တမ်းလွန်အလှကုန်ပစ္စည်းများနှင့် သုံးစွဲရန်မသင့်သောပစ္စည်းများ၊ သက်တမ်းလွန်ပိုးသတ်ဆေးများ၊ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံး ရက်မပါသော ပိုးသတ်ဆေးများ၊ အိမ်သုံးဆေးဝါးများနှင့် တိုင်းရင်းဆေးဝါးများ သိမ်းဆည်းခဲ့ကြပြီး နောက်နောင် ဤကဲ့သို့ပစ္စည်းများ ရောင်းချခြင်းမပြုရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုး၍ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပုဒ်မ (၁၉)(က)အရ သတိပေးခဲ့ပါ သည်။ ထို့နောက် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/ ၂၀၁၈)ဖြင့် စားသုံးသူ အကာအကွယ်ပေးရေးဗဟို ကော်မတီက ထုတ်ပြန်ထားသည့် စားသုံးသူဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဦးစားပေးကုန်စည်များပေါ်တွင် မဖြစ်မနေ ထည့်သွင်း ဖော်ပြရမည့် အချက်များကို ရောင်းချသူများအား အသိပညာပေး ဆောင်ရွက်ခဲ့ပါ သည်။

အဆိုပါသိမ်းဆည်းပစ္စည်း ၂၄ မျိုး၏တန်ဖိုးမှာ ကျပ် ၁၈၀၀၀၀ ခန့် ရှိပြီး လာမည့် (၂၈)ကြိမ်မြောက်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင်တင်ပြ၍ အတည်ပြုချက်ရယူပြီး ၎င်းသိမ်းဆည်းပစ္စည်းများအား မီးရှို့မြေမြှုပ်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**

# ကျိုင်းတုံကက်သလစ်သာသနာလုံးဆိုင်ရာ ကလေးသူငယ်များ သင်တန်းအမှတ်စဉ်(၂) တွင် စားသုံးသူအခွင့်အရေးများ ဟောပြော

ရှမ်းပြည်နယ်အရှေ့ပိုင်းကျိုင်းတုံမြို့ အမှတ်(၁)ရပ်ကွက် ကက်သလစ်သာသနာဝင်း၌ ဖွင့်လှစ်သော ကျိုင်းတုံကက်သလစ်သာသနာလုံးဆိုင်ရာ ကလေးသူငယ်များသင်တန်းအမှတ်စဉ်(၂)တွင် စားသုံးသူအခွင့်အရေးများ ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။ ကျိုင်းတုံ ကက်သလစ်သာသနာမှ ဘုန်းကြီးတစ်ပါး၏ဖိတ်ကြားချက်အရ ဖေဖော်ဝါရီ ၁၉ ရက်တွင် အဆိုပါ သင်တန်းတက်ရောက်နေသော အသက် ငါးနှစ်မှ ၁၀ နှစ်ကြား ကလေးသူငယ် ၁၃၇ ဦးအား ကျိုင်းတုံခရိုင် ဦးစီးမှူးက စားသုံးသူအခွင့်အရေးများနှင့် ကုန်စည်တစ်ခုတွင် ပါဝင်ရမည့်အချက်များ ရှင်းလင်းခဲ့ကြောင်း သိရှိရပါတယ်။ ဆက်လက်၍ ဒုတိယပြည်နယ်ဦးစီးမှူးရုံးမှ အငယ်တန်းစာရေးဒေါ်ရဲစိုးစံက ဓာတုဆိုးဆေးများ၏အန္တရာယ်များ၊ မြောင်းဆီ/ပြည့်ဝဆီ/စက်မှုသုံး ဆီတုံးဆီခဲမှ စားသုံးဆီအဖြစ် ပြန်လည်ချက်လုပ်မှုအခြေအနေများ၊ ဦးစီးမှူး ဦးရန်နောင်က ဖော်မလင်ပါဝင်သော စားသောက်ကုန်များနှင့် ဆိုးကျိုးများ၊ ယင်မနားဆေး၊ ပိုးသတ်ဆေးတို့၏ အန္တရာယ်များ၊ အချိုမှုန့်နှင့် ကွမ်းစားခြင်း ဆိုးကျိုးများအား အာခါတိုင်းရင်းသားဘာသာစကားဖြင့် ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**ရန်နောင်(ကျိုင်းတုံ)**

# ကလေးခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂/၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းစည်းအဝေးကျင်းပ

ကလေးခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂/ ၂၀၁၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ကလေးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်စီမံခန့်ခွဲမှုကော်မတီရုံးအစည်းအဝေး ခန်းမ၌ကျင်းပရာ ဒုတိယခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်က အဖွင့် အမှာစကားပြောကြားခဲ့ပြီး၊ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးအောင်က မိမိတို့ဌာန၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ဆောင်ရွက်ဆဲအစီအမံများ၊ တိုင်ကြားစာပုံးထားရှိမှုနှင့် ထားရှိပြီးစီးမှုအခြေအနေများအား တင်ပြဆွေးနွေးခဲ့ပြီး လက်ရှိ ကလေးခရိုင်နယ်မြေအတွင်းတွင် စုစုပေါင်း စာတိုက်ပုံး ၂၉၅ ပုံးထားရှိပြီးဖြစ်ကြောင်း၊ ဇန်နဝါရီ ၂၈ ရက်တွင်ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်မှ (CICC) သို့ တိုင်ကြားခဲ့သည့် 4TVကိစ္စနှင့် Telenor Home Wifi၊ Telenor ကိစ္စများကို တိုင်ကြားထားသူထံမှ အချက်အလက်များရယူထား၍ Telenor သို့ ချိတ်ဆက်ဆောင်ရွက်ခြင်း၊ သိမ်းဆည်းရမိပစ္စည်းများမီးရှို့ဖျက်ဆီးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း၊ တိုင်ကြားရန်စာတိုက်ပုံးများ ကျောင်းတိုင်း၊ စျေးတိုင်း၊ ရပ်ကွက်တိုင်းတွင် ထားရှိနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ စသည့်လုပ်ငန်း ဆောင်ရွက်မှုများကို စားသုံးသူရေးရာဦးစီး ဌာနတိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ တင်ပြထားပြီးဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**ဇင်မိုးဝါ (ကလေးမြို့)**

# ဟားခါးမြို့ မြို့ဟောင်းရပ်ကွက်၊ ယက္ကန်းစင်သို့ ကွင်းဆင်းဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ ချင်းပြည်နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ချင်းပြည်နယ်အတွင်း ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟားခါးမြို့၊ မြို့ဟောင်းရပ်ကွက်ရှိ ယက္ကန်းစင်ဖြင့် ချင်းအထည်များ ရက်လုပ်သူ ဦးမောင်ဦးမိသားစုနှင့် ဖေဖော်ဝါရီလ ၂၂ ရက်တွင် တွေ့ဆုံ၍ ချင်းအထည် ရက်လုပ်မှုများနှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးခြင်းများ ဆောင်ရွက် ခဲ့ပါသည်။

ချင်းအထည်ရက်လုပ်ရာတွင် ရိုးရာဂျပ်ခုတ်ဖြင့် ရက်လုပ်ပါက အမျိုးသမီးဝတ် လုံချည်တစ်ထည်ကို ၂၅ ရက်မှ ၄၀ ရက်အထိ အချိန်ကြာမြင့်ပြီးချုပ်ခ မပါ တစ်ထည် စျေးနှုန်းမှာ ကျပ် ၈၀၀၀၀ မှ ၂၀၀၀၀၀ ဖြစ်ပါကြောင်း၊ ယခင်ဂျပ်ခုတ်အစား ယခုယက္ကန်းစင်ဖြင့် ရက်လုပ်ရာတွင် ၃ ရက်မှ ၇ ရက်တွင်းသာ တစ်ထည်အပြီးသတ်အောင် ရက်လုပ်နိုင်ပါကြောင်း၊ ချုပ်ခမပါ တစ်ထည်စျေးနှုန်းမှာ ကျပ် ၂၅၀၀၀ မှ ၈၀၀၀၀ ဖြစ်ပါကြောင်း၊ ဒေသတွင်း နေထိုင်သော ပြည်သူများ မိမိတို့စိတ်ကြိုက်ဖြင့် မှာယူမှသာလျှင် ရက်လုပ်ရခြင်းဖြစ်ကြောင်း ယက္ကန်းစင်ဖြင့် ချင်းအထည်များ ရက်လုပ်သူ တစ်ဦးထံမှ သိရှိရပါသည်။

**ဒေါ်ကြယ် (ဟားခါး)**

# သာကေတမြို့နယ် သာကေတစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံးတွင် ဓာတုဆိုးဆေးနှင့်ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်အရ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သိုလှောင်၊ ဖြန့်ဖြူး၊ ရောင်းချ၊ သုံးစွဲသူများ သိရှိလိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပညာပေးရန် စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူဝန်ထမ်းများသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ ဓာတုကုန်ထုတ် လုပ်ငန်းရှင်များအသင်းတို့နှင့်ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၇ ရက်တွင် သာကေတမြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးတွင် စက်မှုဇုန်အတွင်းရှိ ဓာတုဗေဒပစ္စည်းများနှင့် ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်တို့ကို အသိပညာပေး ဟောပြော ဆွေးနွေးပွဲ ကျင်းပခဲ့ပါတယ်။

ဟောပြောပွဲတွင် ရန်ကုန်တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ကြီးကြပ်ရေးမှူး ဒေါ်ချိုချိုစန်းက ဓာတုပစ္စည်းများကြောင့် သာမန်အန္တရာယ်မှသည် ခန္ဓာကိုယ်၏ အစိတ်အပိုင်းများထိခိုက်မှု အန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်း၊ အချို့ဓာတုဗေဒပစ္စည်းများသည် ရေထု၊ လေထု၊ မြေထုအတွင်း ပျံ့နှံ့သွားကာ ပတ်ဝန်းကျင်ကို ညစ်ညမ်းမှု ဖြစ်ပေါ်လာနိုင်သည့်အချက်များ၊ ဓာတုဗေဒပစ္စည်းများနှင့် အလုပ်လုပ်သည့်အခါ အန္တရာယ်သတင်းအချက်အလက်များကို သိရှိလိုက်နာဆောင်ရွက်နိုင်ရန် သတိပေးချက်များ ချိတ်ဆွဲထားရန် ဟောပြောဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဒုတိယမန်နေဂျာ ဒေါ်ကေသီအုန်းက လူတို့စားသုံးသော အစားအသောက်များတွင် ဖြည့်စွက်ပစ္စည်းဖြစ်သည့် ဆိုးဆေးများ အသုံးပြုရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သုံးစွဲရန် သတ်မှတ်ထားသော Food Colour အမျိုးအစားများကို အသုံးပြုရန်နှင့် သုံးစွဲရာတွင် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အတိအကျလိုက်နာဆောင်ရွက်ရမည့်အချက်များကို ဟောပြောဆွေးနွေးခြင်း၊ မြန်မာနိုင်ငံ ဓာတုကုန်ထုတ်လုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်တင်မေလင်းက ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သိုလှောင်ရောင်းဝယ်ခြင်း၊ သယ်ပို့ခြင်း၊ ဖြန့်ဖြူးခြင်း၊ ပြုပြင်စွန့်ပစ်ခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ကျင့်ဝတ်နှင့်ဆိုင်သော အမှတ်တံဆိပ်အဖြစ် ရုပ်ပုံကားချပ်များ ကပ်၍ ဖော်ပြရမည့်အခြေအနေများကို ဟောပြောဆွေးနွေးခြင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်နန်းမေသက်နိုင်က ယခုဟောပြောပွဲမှာ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအရ ဖွဲ့စည်းထားသော ရန်ကုန်တိုင်း စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်အရ ဓာတုဗေဒပစ္စည်းများနှင့် ပတ်သက်၍ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ရန်ဖြစ်သဖြင့် စက်မှုဇုန်များတွင် ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းရှင်များ ဓာတုဆိုးဆေးများအသုံးပြုရာတွင် စနစ်တကျ အသုံးပြုသင့်ပုံနှင့် ဌာနဆိုင်ရာများ၊ ပြည်သူ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချသော လူနေမှုဘဝကို ရရှိနိုင်မည်ဖြစ်ကြောင်း ဟောပြောဆွေးနွေးခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ အရှေ့ပိုင်းခရိုင် ဦးစီးမှူးရုံးမှ အမှုထမ်းများ၊ တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ ဓာတုကုန်ထုတ် လုပ်ငန်းရှင်များအသင်း၊ သာကေတစက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီရုံးမှ အဖွဲ့ဝင်များ၊ စက်မှုဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်နှင့် ဝန်ထမ်းများ စုစုပေါင်း ၃၀ ဦး တက်ရောက်ခဲ့ပါတယ်။

**ခင်မြဦး(စားသုံးသူ)ရန်ကုန်**

# စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့် အမိန့်ကြော်ငြာချက်များ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ထားဝယ် ဓမ္မာရုံ၌ ဖေဖော်ဝါရီ ၂၂ ရက်တွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် အမိန့်ကြော်ငြာချက်များ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနား ကျင်းပပြုလုပ်ခဲ့ပါတယ်။



အခမ်းအနားတွင် အောင်မြေသာစံမြို့နယ်ရှိ အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ထုတ်ကုန်လုံခြုံစိတ်ချမှုဌာနခွဲ ဦးစီးမှူး ဦးမျိုးထွန်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့် အမိန့်ကြော်ငြာချက်များ ရှင်းလင်း ဆွေးနွေးရာတွင် စားသုံးသူ၏ အခွင့်အရေးများ၊ လုပ်ငန်းရှင်၏ တာဝန်နှင့် တားမြစ်ချက်များ၊ လိုက်နာကျင့်သုံးရမည့် ဥပဒေပိုင်းဆိုင်ရာအချက်များ သိရှိလိုက်နာစေရေးနှင့် စားသုံးသူများ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် သုံးစွဲပုံနှင့်ပတ်သက်သော သတင်းအချက်အလက် သို့မဟုတ် ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရန် စားသုံးသူအကာအကွယ် ပေးရေးဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး ၆ လပြည့်မြောက်သည့်နေ့တွင် အာဏာ သက်ရောက်မည်ဖြစ်ပြီး လိုက်နာမှုမရှိပါက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပုဒ်မ - ၁၉ အရ အရေးယူခံရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လိုက်နာဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရန် (၁/ ၂၀၁၉) အမိန့်ကြော်ငြာစာဖြင့် သုံးစွဲပုံ အညွှန်း၊ ထားသို သိမ်းဆည်းပုံအညွှန်း၊ ကြိုတင်သတိပေးချက်၊ ဘေးထွက်ဆိုးကျိုးများကို မဖြစ်မနေ ဖော်ပြရမည့် အမှတ်အသားများဖြင့်လည်း ဖော်ပြခဲ့ပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိကုန်ပစ္စည်းနှင့်ကိုက်ညီသည်များ ထည့်သွင်းဖော်ပြရန် လိုအပ်ကြောင်းကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး အမိန့် ကြော်ငြာစာများကိုတက်ရောက်လာသော လုပ်ငန်းရှင်များအား ဖြန့်ဝေခဲ့ပါတယ်။

အလားတူ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနှင့် အမိန့်ကြော်ငြာချက်များ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားများကို မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်များတွင်လည်း ရှင်းလင်းဆွေးနွေးပွဲများ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါတယ်။

**သီတာဝင်း (စားသုံးသူ၊ မန္တလေး)**

# မြရတနာဈေးနှင့် လှည်းတန်းဈေးတို့တွင် ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ကွင်းဆင်းစစ်ဆေး

ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက်တွင် မရမ်းကုန်းမြို့နယ်ရှိ မြရတနာဈေးနှင့် ဖေဖော်ဝါရီ ၂၆ ရက်တွင် ကမာရွတ်မြို့နယ်ရှိ လှည်းတန်းဈေးတို့တွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ အဖွဲ့ဝင်များ၏ ကိုယ်စားလှယ်များနှင့်အနောက်ပိုင်းခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှဝန်ထမ်းများ၊ သက်ဆိုင်ရာ ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ ပါဝင်ခဲ့ကြပြီး ကွင်းဆင်းစစ်ဆေး အသိပညာပေးခဲ့ကြောင်း သတင်းရရှိပါသည်။ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အနေဖြင့် ဈေးအတွင်းရောင်းချနေသောဆိုင်များအား စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ၊ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီမှ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈)၊ ညွှန်ကြားချက်အမှတ် (၁/၂၀၁၉) စသည်တို့နှင့်ပတ်သက်ပြီး အသိပညာများမျှဝေခဲ့ကြောင်းနှင့် အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့်အတူ ပြည်သူများပါ ပူးပေါင်းဆောင်ရွက်မှသာအောင်မြင်မည်ဖြစ်၍ ဈေးသူဈေးသားများအားလုံးပူးပေါင်းဆောင်ရွက်ကြရန်လည်း ဆော်ဩခဲ့ကြောင်း သိရှိရပါသည်။ ထို့ အပြင် ဈေးအတွင်းရှိဆိုင်များတွင် ရောင်းချနေသော ကုန်စည်များအား အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ထောက်ခံချက် ရှိ/မရှိ၊ သက်တမ်းကုန်ဆုံးရက်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA) မှထုတ်ပြန်ထားသည့် အမှတ်တံဆိပ်တွင်ဖော်ပြထားသော ပါဝင်ပစ္စည်း ဖော်ပြချက် နှင့် (Iodine Value) ကိုက်ညီမှုမရှိကြောင်းနှင့် ဓာတုအနံ့ (Essence) များ ရောနှောထည့်သွင်းထားသော စံမညီစားသုံးဆီ ၁၆ မျိုး စသည်တို့ကို စစ်ဆေးခဲ့ပြီး လက်ကမ်းစာစောင်များ၊ ကုန်စည်များတွင်ပါဝင်ရမည့် အချက်များ ပါဝင်သော စာစောင်များ ဝေငှခဲ့ကြောင်း သိရပါသည်။ မြရတနာဈေးတွင် ကုန်မျိုးစုံဆိုင်၊ အလှကုန်ဆိုင်၊ အထည်ဆိုင်၊ အပ်ချုပ်ဆိုင်၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်၊ မုန့်မျိုးစုံဆိုင် စုစုပေါင်း ၂၄ ဆိုင်အား ကွင်းဆင်း ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် လှည်းတန်းဈေးတွင် အထည်ဆိုင်၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်၊ အပ်ချုပ်ဆိုင်၊ အလှကုန်ဆိုင်၊ မုန့်မျိုးစုံဆိုင်စသည်ဖြင့် စုစုပေါင်း ၄၃ ဆိုင်တွင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။ **ဇေယျာလင်း(စားသုံး)**

# သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်တွင် မုန့်မျိုးစုံလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်မှ မြို့နယ်တာဝန်ခံ ဒေါ်တင်တင်ဆွေနှင့် ဝန်ထမ်းများသည် ဇီးကုန်းမြို့နယ်တွင် ဖေဖော်ဝါရီ ၂၆ ရက်က မုန့်မျိုးစုံထုတ်လုပ်သော လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ကွင်းဆင်းဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်တာဝန်ခံ ဒေါ်တင်တင်ဆွေမှ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ရာ၌ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေမည့် အစားအသောက်များ ထုတ်လုပ်ရန်၊ စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၈)နှင့် ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁/ ၂၀၁၉) တို့အား လိုက်နာဆောင်ရွက်ရန် ရှင်းလင်းဆွေးနွေးခြင်းနှင့်လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**ခိုင်ခိုင်ရီ (သာယာဝတီ)**

# နောက်ခံလူ ဂျော်ဒီအဲလ်ဘာ ဘာစီလိုနာနှင့် ငါးနှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆို



ဘာစီလိုနာအသင်း၏ ဘယ်နောက်ခံကစားသမား ဂျော်ဒီအဲလ်ဘာသည် အသင်းနှင့် ငါးနှစ်သက်တမ်းတိုး စာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ကြောင်း သိရသည်။

အသက်(၂၉)နှစ်ရှိ ဂျော်ဒီအဲလ်ဘာသည် ယခုချုပ်ဆိုလိုက်သည့် စာချုပ်သစ်ကြောင့် ၎င်းကစားသမား၏ တန်ကြေးမှာ ယူရိုသန်း ၅၀၀ (ပေါင် ၄၂၈ သန်း) ဖြစ်လာသည်ဟုဆိုသည်။

ဂျော်ဒီအဲလ်ဘာသည် ၂၀၁၂ ခုနှစ်က ဗလန်စီယာအသင်းမှ ဘာစီလိုနာအသင်းသို့ ရောက်ရှိလာသူဖြစ်သည်။ ၎င်းကစားသမားသည် ဘာစီလိုနာအသင်းသို့ ရောက်ရှိလာချိန်မှစ၍ ပထမပွဲထွက်ခွင့် ရရှိခဲ့ပြီး ဘယ်တောင်ပံတစ်လျှောက်တွင် ခြေစွမ်းပြ ကစားနိုင်သူလည်းဖြစ် သည်။

လက်ရှိအချိန်တွင် ဂျော်ဒီအဲလ်ဘာသည် ဘာစီလိုနာအသင်းအတွက် ၂၈၂ပွဲ ပါဝင်ကစားထားပေးကာ ခုနစ် ဂိုး သွင်းပေးထားသည်။

၎င်းကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလား အပါအဝင် စုစုပေါင်း ဆုဖလား ၁၇ လုံးအထိ ရရှိထားသူဖြစ်သည်။

ဟန်နေသစ် စုစည်းသည်




# မန်ယူအသင်း လာမည့်နွေရာသီတွင် ကစားသမားလေးဦး ခေါ်ယူမည်

မန်ယူအသင်းသည် လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ကစားသမားလေးဦးအထိ ခေါ်ယူသွားရန် စီစဉ်ထားကြောင်း အသင်းမှ တရားဝင်ထုတ်ဖော်ပြောကြားလိုက်သည်။

မန်ယူအသင်းသည် ပရီးမီးယားလိဂ် ပွဲစဉ်(၂၈)အပြီးတွင် အဆင့်(၅)နေရာ၌ ရပ်တည်နေသော်လည်း ရာသီကုန်တွင် ချန်ပီယံလိဂ်ဝင်ခွင့် ရရှိရန်မှာ နီးစပ်နေသည်။ သို့သော် မန်ယူအသင်းတွင် အရန်ကစားသမား အင်အားနည်းပါးနေမှုကြောင့် အခက်အခဲများ ဖြစ်ပေါ်နေကြောင်းနှင့် လူငယ်ကစားသမားအများစုကိုသာ အားကိုးနေရကြောင်း အသင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

မန်ယူအသင်းသည် ယာယီနည်းပြ ဆိုးလ်ရှားလက်ထက်တွင် ရလဒ်ပိုင်း ကောင်းမွန်လာမှုနှင့်အတူ အသင်းရှိ ကစားသမားအချို့ကိုလည်း စာချုပ်သက်တမ်း တိုးနိုင်ခဲ့သည်။

လာမည့် နွေရာသီ အပြောင်းအရွှေ့ ဈေးကွက်ဖွင့်ချိန်တွင် မန်ယူအသင်း ခေါ်ယူရန် ပစ်မှတ်ထားနေသည့် ကစားသမားများမှာ ဘာစီလိုနာအသင်းမှ ရာကီတစ်၊ နာပိုလီအသင်းမှ ကိုလီဘာလီ၊ ခရစ္စတယ်ပဲလေ့စ်အသင်းမှ ဘစ်ဆာကာနှင့် အင်တာမီလန်အသင်းမှ မီလန်ဆကီနီရာတို့ဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းသည် အဆိုပါ ကစားသမားများ ခေါ်ယူမှုအတွက် ပေါင်သန်း ၁၀၀ ကျော်ကို အသုံးပြုသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

# ဖူလ်ဟမ်အသင်း ရာနီရေးရီအား ထုတ်ပယ်ပြီး စကော့ပါကားကို ယာယီနည်းပြအဖြစ် ခန့်အပ်




အင်္ဂလန်ပရီးမီးယားလိဂ်ကလပ် ဖူလ်ဟမ်အသင်းသည် နည်းပြ ရာနီရေးရီကို ထုတ်ပယ်ပြီး စကော့ပါကားကို ယာယီနည်းပြအဖြစ် အစားထိုးခန့်အပ်လိုက်ကြောင်း သိရသည်။

ဖူလ်ဟမ်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ် (၂၈) အဖြစ် ဆောက်သမ်တန်အသင်းနှင့် ကစားခဲ့သည့်ပွဲတွင် နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ ယင်းပွဲစဉ်အပြီးတွင် နည်းပြ ရာနီရေးရီသည်လည်း အသင်းမှ ထုတ်ပယ်ခံလိုက်ရခြင်းဖြစ်သည်။

ရာနီရေးရီသည် ဖူလ်ဟမ်အသင်းကို သုံးလတာ ကိုင်တွယ်ခဲ့ရာတွင် ၁၇ ပွဲ၌ သုံးပွဲသာ အနိုင်ရအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ထို့ကြောင့် ဖူလ်ဟမ်အသင်းပိုင်ရှင် ရှာဟစ်ခန်းက ရာနီရေးရီကို ထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဖူလ်ဟမ်အသင်းအနေဖြင့် ရာနီရေးရီကို ထုတ်ပယ်လိုက်ပြီးနောက်တွင် အသင်း၏နည်းပြအဖွဲ့ဝင်လည်းဖြစ်၊ အသင်း၏ ကစားသမားဟောင်းလည်း ဖြစ်သူ အင်္ဂလန်နိုင်ငံသား စကော့ပါကားကို ယာယီနည်းပြအဖြစ် ခန့်အပ်ရန် အသင်းဘုတ်အဖွဲ့ဝင်များက ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

အင်္ဂလန်လက်ရွေးစင် ကစားသမားဟောင်း စကော့ပါကားသည် ချာလ်တန်၊ နော်ဝှစ်၊ ချယ်လ်ဆီး၊ နယူးကာဆယ်၊ ဝက်စ်ဟမ်း၊ စပါးနှင့် ဖူလ်ဟမ်အသင်းတို့တွင် ကစားခဲ့ဖူးသူ ဖြစ်သည်။ ဖူလ်ဟမ်အသင်းသည် လက်ရှိပရီးမီးယားလိဂ် ပွဲစဉ်(၂၈) အပြီးတွင် လေးပွဲနိုင်၊ ငါးပွဲသရေကျကာ ၁၉ပွဲအထိ ရှုံးနိမ့်ထားပြီး ရမှတ် ၁၇ မှတ်ဖြင့် အဆင့်(၁၉)သို့ ရောက်ရှိနေသည်။

# ပေါင်သန်း ၁၀၀ ကျော်တန် ဂျိုအာအိုဖီးလစ်ကို အသင်းကြီးအများစု စိတ်ဝင်စားနေ




ဘင်ဖီကာအသင်းမှ ကွင်းလယ်ကစားသမား ဂျိုအာအိုဖီးလစ်ကို ခေါ်ယူရန် ဥရောပထိပ်သီး အသင်းကြီးများက စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဂျိုအာအိုဖီးလစ်သည် ကွင်းလယ်တိုက်စစ် ကစားသမားတစ်ဦးဖြစ်ပြီး အသင်းဖော်များ ဂိုးသွင်းနိုင်အောင် ဂိုးဖန်တီးပေးမှုများ ပြုလုပ်ပေးနိုင်သည်သာမကဘဲ ကိုယ်တိုင်လည်း ဂိုးသွင်းယူနိုင်စွမ်းရှိသည့် ကစားသမားတစ်ဦးဖြစ်သည်။

အသက်(၁၉)နှစ်သာ ရှိသေးသည့် ဂျိုအာအိုဖီးလစ်သည် ပေါ်တူဂီ ယူ-၂၁ ကစားသမားတစ်ဦး ဖြစ်သလို ဘင်ဖီကာအသင်းတွင်လည်း အားထားရသည့် ကွင်းလယ်ကစားသမား ဖြစ်သည်။ ၎င်းကစားသမားသည် ဘင်ဖီကာအသင်းတွင် ၁၅ ပွဲကစားရာတွင် ရှစ်ဂိုးသွင်းပေးထားသည်။

ဂျိုအာအိုဖီးလစ်ကို ခေါ်ယူရန် စိတ်ဝင်စားနေသည့် အသင်းများထဲတွင် ဂျူဗင်တပ်၊ အာဆင်နယ်နှင့် မန်ယူအသင်းတို့ ပါဝင်နေကြောင်း သိရသည်။ ထို့ပြင် တခြားဥရောပအသင်းကြီးများကလည်း ဂျိုအာအိုဖီးလစ်၏ ခြေစွမ်းကို စောင့်ကြည့်နေကြသည်။

ဘင်ဖီကာအသင်းကမူ ၎င်းတို့၏ ကစားသမားကို ပေါင် ၁၀၅ သန်းရလျှင် ရောင်းထုတ်သွားမည်ဟု သတင်းလွှင့်ထားသည်။ ယင်းပမာဏမှာ တက်သစ်စ ကစားသမားတစ်ဦးအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးပင်ဖြစ်သည်။

# နှမ်းသီးနှံကို GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မည်ဆိုလျှင် သတိပြုစေချင်

[ အောင်ဆန်း (စိုက်ပျိုးရေး) ]

**ယခင်တစ်ပတ်မှအဆက်**

ဝယ်ယူရရှိလာသော ဓာတုဆေးများနဲ့ ဓာတုပစ္စည်းများကို ရရှိလာတဲ့ ဒေသရရှိလာတဲ့နေ့ ပစ္စည်းအမျိုးအမည်၊ အမျိုးအစား၊ ပါဝင်တဲ့ ဆေးနှုန်းထားရရှိလာတဲ့ပမာဏ၊ ဆေးအာနိသင်ပျက်ပြယ်သည့်ကာလ စသည်တို့ကို သတ်မှတ်ပုံစံတွင် မှတ်တမ်းရေးသွင်း၍ တာဝန်ခံနှင့်တကွ အတည်ပြုရမည့်ပုဂ္ဂိုလ်အဆင့်ဆင့်မှ လက်မှတ်ရေးထိုးထားရမည်ဖြစ်ပါတယ်။ ဝယ်ယူရရှိလာသော ဓာတုဆေးများ၊ ပစ္စည်းများကိုလည်း သိုလှောင်ရုံသီးသန့်တွင် စနစ်တကျ သိုလှောင်သိမ်းဆည်းထားရန် လိုအပ်ပါတယ်။ ဓာတုဆေးများ၊ ပစ္စည်းများကို အသုံးပြုရာတွင် ပိုးသတ်ဆေးဥပဒေ၊ ဓာတ်မြေဩဇာ ၊ ဥပဒေပါ အချက်များနဲ့အညီ လူသားတို့၏ အသက်အန္တရာယ် မထိခိုက်စေရေး၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်စေရေး အထူးဂရုပြု လိုက်နာရမည်ဖြစ်ပါတယ်။ ဓာတုဆေးများ၊ ပစ္စည်းများ ဖျော်စပ်ခြင်း၊ အသုံးပြုခြင်း၊ စွန့်ပစ်ခြင်း၊ ကိုင်တွယ်ခြင်း၊ ဆေးကြောသန့်စင်ခြင်း၊ သိုလှောင်ထားရှိခြင်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော 'ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲနည်းလမ်းညွှန်'ပါအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါတယ်။

အခြားသော ဓာတုဆေးများနှင့်ပစ္စည်းများဖြစ်တဲ့ လောင်စာဆီ၊ ဓာတ်ဆီ၊ ချောဆီနှင့် စိုက်ပျိုးရေးသုံးမဟုတ်သော အခြားဓာတ်ပစ္စည်းများကို ကိုင်တွယ်ခြင်း၊ အသုံးပြုခြင်း၊ သိုလှောင်ခြင်း၊ စွန့်ပစ်ခြင်းများ ပြုလုပ်ရာတွင် သီးနှံစိုက်ခင်းအား အန္တရာယ်နှင့် ညစ်ညမ်းမှုမဖြစ်စေရန်အတွက် ဝေးရာနေရာတွင်သာ ပြုလုပ်ရမှာ ဖြစ်ပါတယ်။

နှမ်းသီးနှံ၏ GAP Protocol အရ အပင်စိုက်ပျိုးခြင်း၊ အပင်ပြုစုစောင့်ရှောက်ခြင်းကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်ဖြစ်တယ်။ နှမ်းသီးနှံအား စနစ်တကျ ပြုစုစောင့်ရှောက်ခြင်းတွင် စိုက်ပျိုးစဉ်၊ အပင်ဖြစ်ထွန်းစဉ်၊ ရိတ်သိမ်းခြွေလှေ့စဉ်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သေချာစွာ ဆောင်ရွက်ရန် လိုပါတယ်။ နှမ်းသီးနှံတွင် အရောင်အသွေးအရ နှမ်းနက်၊ နှမ်းဖြူ၊ နှမ်းနီ၊ နှမ်းနီညိုဟု ခွဲခြားထားတယ်။ စိုက်ပျိုးချိန်အရလည်း မိုးကြိုနှမ်း၊ မိုးနှမ်း၊ ဆောင်းနှမ်းဟူ၍လည်း ခေါ်ဝေါ်ကြတယ်။ မိုးကြိုနှမ်းကို ဖေဖော်ဝါရီလ၊ မတ်လတွင် အပြီး စိုက်ပျိုးမှ အထွက်ကောင်းတယ်။ ရေသွင်းစိုက်ပျိုးသဖြင့် ရေသွင်းနှမ်းလို့လည်း ခေါ်ဝေါ်ကြတယ်။ အထွက်လည်း ပိုကောင်းတာတွေ့ရတယ်။ မိုးနှမ်းကိုတော့ မေလ၊ ဇွန်လများမှာ အပြီး စိုက်ပျိုးရတာ ဖြစ်ပါတယ်။ ဆောင်းနှမ်းကိုတော့ စက်တင်ဘာလ၊ အောက်တိုဘာလလယ်အတွင်း အပြီးစိုက်ပျိုးရတာ ဖြစ်ပါတယ်။ ဗီဇသန့်စင်မှု ၉၈ ရာခိုင်နှုန်းရှိတဲ့ မျိုးကို ရွေးချယ်ပြီး မြေဆောင်ရောဂါအတွက် မှိုသတ်ဆေးတစ်မျိုးမျိုးနဲ့ လူးနယ်စိုက်ပျိုးရမှာ ဖြစ်ပါတယ်။

နှမ်းသီးနှံကို စိုက်ပျိုး၊ အပင်ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ GAP စနစ်များကို ဆောင်ရွက်တိုင်း သတ်မှတ်မှတ်တမ်းပုံစံတွင် ရေးသွင်း၍ တာဝန်ခံနှင့်တကွ အတည်ပြုရမည့် ပုဂ္ဂိုလ်များက လက်မှတ်ရေးထိုးထားရမှာဖြစ်ပါတယ်။ (ဥပမာ- အပင်သားခွဲခြင်း၊ သားခွဲသည့်နေ့၊ ပေါင်းလိုက်သည့်နေ့၊ စိုက်ပျိုးသည့်နေ့၊ ကျွေးသည့်ဓာတ်မြေဩဇာအလိုက် ကျွေးသည့်နေ့၊ ကျွေးသည့်ပမာဏ၊ ပိုးသတ်ဆေးဖျန်းလျှင်လည်း ကျရောက်သည့် ပိုးမွှားအမည်၊ ဆေးအမျိုးအစား၊ ဖျန်းသည့်နေ့၊ ဖျန်းသည့်ပမာဏ၊ အကြိမ်၊ ရေလိုအပ်၍ ရေပေးသွင်းပါက ရေပေးသွင်းသည့်နေ့၊ အကြိမ်၊ အပင်သက်တမ်း စသည်) ။

တစ်ဖန် နှမ်းသီးနှံ စိုက်ပျိုးရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများကို သိုလှောင်ရုံသီးသန့်ဖြင့် သန့်ရှင်းသပ်ရပ်စွာ ထားရှိရမည် ဖြစ်ပါတယ်။ ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများ၊ ထုပ်ပိုးခွံများကို ရောနှောထားခြင်းမရှိစေရန် သတိပြုရန် လိုအပ်ပါတယ်။ ထုပ်ပိုးခွံ အဟောင်းများကို လုံးဝပြန်မသုံးမိစေရန် လိုအပ်ပါတယ်။ သီးနှံသိုလှောင်မည့် ဂိုဒေါင်၊ သိုလှောင်မည့် အိတ် များကိုလည်း မထုပ်ပိုးမီ ပိုးမွှားသန့်စင်ပြီး သေချာစွာ ထားရှိရမည် ဖြစ်တယ်။ သိုလှောင်ရုံအနီးတွင် ကြွက်၊ ငှက်၊ ပိုးမွှားများမရှိအောင် ကြိုတင်ရှင်းလင်းသုတ်သင်ထားရမည်ဖြစ်သည်။ အထက်ပါဆောင်ရွက်သည့် လုပ်ငန်းစဉ်များကိုလည်း မှတ်တမ်းပုံစံများတွင် ရေးသွင်း၍ တာဝန်ခံနှင့်တကွ အတည်ပြုရမည့်ပုဂ္ဂိုလ်များက လက်မှတ်ရေးထိုးထားရန် လိုပါတယ်။

နှမ်းသီးနှံကို GAP စနစ်ဖြင့် စိုက်ပျိုးစထုတ်လုပ်ခြင်းဖြစ်၍ အရည်အသွေး အဆင့်မီပြီး သတ်မှတ်စံချိန်စံညွှန်းနဲ့ ကိုက်ညီအောင် ဆောင်ရွက်ရန် အရေးကြီးပါတယ်။ ဒီလိုအရည်အသွေး အဆင့်မီပြီး သတ်မှတ်စံချိန်စံညွှန်းနဲ့ ကိုက်ညီအောင် နှမ်းရိတ်သိမ်းစဉ်တွင် ဂရုပြုရမည့် အချက်များနဲ့ ရိတ်သိမ်းပြီးနောက် သတိမူရမည့်အချက်များကို အလေးအနက်ထား ဆောင်ရွက်ရန် လိုအပ်ပါတယ်။ ဒီအဆင့်နှစ်ဆင့်မှာ မျက်ကွယ်ပြုလျစ်လျူရှုထားမယ်ဆိုရင်တော့ အရည်အသွေး ဆုံးရှုံးမှုရော၊ စံချိန်စံညွှန်း ကျဆင်းမှုပါ ခံကြရမှာ ဖြစ်ပါတယ်။ အရည်အသွေး ဆုံးရှုံးမှု ၄၀-၆၀ ရာခိုင်နှုန်းထိ ခံစားကြရမှာဖြစ်ပါတယ်။

နှမ်းသီးနှံ၏ အရည်အသွေးဟာ နှမ်းရိတ်သိမ်းချိန် မှန်ကန်မှုက လွှမ်းမိုးထားပါတယ်။ နှမ်းတစ်ခင်းလုံးဝါလာချိန် နှမ်းအလယ် သီးတောင့်ကို ခွဲကြည့်ပြီး တစ်ညထားပါက နှမ်းနက်အစေ့အရောင် ပြောင်းပါက ရိတ်သိမ်းလျှင် အရည်အသွေးကောင်း နှမ်းစေ့ကို ပေးစွမ်းနိုင်ပါတယ်။ မမှည့်ခင်ရိတ်သိမ်းခြင်း၊ နောက်ကျရိတ်သိမ်းခြင်းကို ရှောင်သင့်ပါတယ်။ နှမ်းကို ရိတ်သိမ်းပြီးပါက ပုံမထားဘဲ ချက်ချင်း ထောင်ထားရန်လိုပါတယ်။ ချက်ချင်းမထောင်ထားနိုင်ပါက ခပ်ပါးပါးဖြန့်လှန်းပေးထားရန်လိုပါတယ်။ ပုံထားရင်တော့ နှမ်းစေ့ အဆီတက်ပြီး အက်စစ်ကိန်းမြင့် တက်စေပါတယ်။ နှမ်းထောင်ထားရန် ဒုက္ခပေးတာကတော့ နှမ်းစေ့ စုတ်ဂျပိုးပဲဖြစ်ပါတယ်။ ဓာတ်ကြွင်း အာနိသင်နည်းတဲ့ ဆေးကိုပဲ အသုံးပြုသင့်ပါတယ်။ GAP စနစ်ကို နှမ်း တစ်ရာသီမှာ ၃ ကြိမ် သင်တန်းပေးရပါမယ်။ လုပ်သားကျန်းမာရေးဂရုစိုက်စစ်ဆေးရပါမယ်။ လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်ချက်များကို သတ်မှတ် မှတ်တမ်းပုံစံများတွင်ရေးသွင်း၍ တာဝန်ခံနှင့်တကွ အတည်ပြုရမည့် ပုဂ္ဂိုလ်များက လက်မှတ်ရေးထိုးကြရမည်ဖြစ်ပါတယ်။

နှမ်းသီးနှံကို GAP စနစ်နဲ့ စိုက်ပျိုးထုတ်လုပ်ခြင်းရဲ့ နောက်ဆုံးခရီးဟာ ပြည်ပတင်ပို့ရောင်းချခြင်းဖြစ်ပါတယ်။ ပြည်ပတင်ပို့ ရောင်းချမယ်ဆိုရင် အရည်အသွေးအဆင့်မီဖို့နဲ့ သတ်မှတ်စံချိန်စံညွှန်းနဲ့ ကိုက်ညီဖို့က အဓိက အချက်ပါပဲ။ ဒီနှစ်ချက်လုံးဟာ နှမ်း စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းခြွေလှေ့၊ ကိုင်တွယ်၊ ထုပ်ပိုး၊ သိုလှောင် စတဲ့ အဆင့်တိုင်းနဲ့ သက်ဆိုင်နေပါတယ်။ ဒီအဆင့်တွေမှာ GAP Protocol ပါ ဆိုထားချက်အတိုင်း တသွေမတိမ်းလိုက်နာ ဆောင်ရွက်ကြဖို့ အလွန်အရေးကြီးပါတယ်။ အရည်အသွေးအနေနဲ့ ဗီဇမှန်ရမယ်။ လုံးပြည့်နှမ်း ၉၅ ရာခိုင်နှုန်းကျော်ပါဝင်ရမယ်။ အရောင်အသွေးတောက်ပရမယ်။ စံချိန်စံညွှန်းအနေနဲ့ အရေးကြီးတဲ့ အချက်များကို တင်ပြရရင် အစိုဓာတ်ပါဝင်မှု အမြင့်ဆုံး ၈ ရာခိုင်နှုန်း၊ လုံးပိန်လုံးညှပ်ပါဝင်မှု အမြင့်ဆုံး ၆ ရာခိုင်နှုန်း၊ ပရိုတင်းဓာတ်ပါဝင်မှု အမြင့်ဆုံး ၁၅ ရာခိုင်နှုန်းထိ မျိုးကွဲပါဝင်မှု အမြင့်ဆုံး သုည ဒသမ ၂ ရာခိုင်နှုန်း ၊ အက်စစ်ကိန်းပါဝင်မှု အမြင့်ဆုံး ၆ ရာခိုင်နှုန်း အဖျင်းအမှော် ဖုံ၊ သဲ၊ ခဲ၊ သလဲ၊ အမှိုက်ပါဝင်မှု အမြင့်ဆုံး ၂ ရာခိုင်နှုန်းများ ဖြစ်ပါတယ်။ အမြင့်ဆုံး ခွင့်ပြုထားတဲ့ ဒီစံချိန်စံညွှန်းထက်ပိုပြီးကောင်းမွန်အောင် ထုတ်လုပ်ကြဖို့ပဲ ဖြစ်ပါတယ်။

သီးနှံများကို GAP စနစ်နဲ့ စိုက်ပျိုးထုတ်လုပ်ရန် Protocol အတိုင်းဆောင်ရွက်ရတဲ့ အဆင့်တိုင်း အဆင့်တိုင်းမှာ သတ်မှတ်မှတ်တမ်းပုံစံများမှာ ရေးသွင်းပြီး တာဝန်ခံနဲ့တကွ အတည်ပြုရမယ့် ပုဂ္ဂိုလ်အဆင့်ဆင့်က လက်မှတ်ရေးထိုးကြရမှာဖြစ်ပါတယ်။ ဒီမှတ်တမ်းကိုလည်း နောက်ကြောင်း ပြန်စစ်ဆေးနိုင်အောင် (၂) နှစ် ကျော်ထိ သေချာထိန်းသိမ်းထားရမှာ ဖြစ်ပါတယ်။ ကဲ. . . နောင်မှာ သီးနှံတစ်ခုကို GAP စနစ်နဲ့ စိုက်ပျိုးထုတ်လုပ်ကြတော့မယ်ဆိုရင် GAP စနစ် စစ်စစ်နဲ့ သီးနှံများရရှိအောင် အထက်ပါ GAP Protocol ပေတံနဲ့တိုင်းတာပြီး တိတိကျကျဆောင်ရွက်ကြပါလို့ အသိပေးလိုက်ရပါစေ။

---

**စာမျက်နှာ (၃) အိန္ဒိယသမ္မတနိုင်ငံ Ministry of . . . မှအဆက်**

Senior Economic Advisor ဖြစ်သူ Shri Rohit Kumar Parmar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံမှ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့အပါအဝင် ပဲမျိုးစုံအား အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် အိန္ဒိယနိုင်ငံအနေဖြင့် မူဝါဒပိုင်းဆိုင်ရာ ဖြေလျော့ပေးစေလိုသည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံပူးပေါင်း၍ မြန်မာနိုင်ငံမှ ပဲမျိုးစုံတိုးမြှင့်တင်ပို့နိုင်ရေးနှင့် နောင်လာမည့်နှစ်များတွင်လည်း မြန်မာနိုင်ငံမှပဲများ အိန္ဒိယနိုင်ငံသို့ ဆက်လက်၍တိုးမြှင့်တင်ပို့နိုင်ရေးတို့အတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍အဆိုပါနေ့လယ်ပိုင်း (၁၂း၃၀)နာရီအချိန်တွင် အိန္ဒိယသမ္မတနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ အာဆီယံဌာနခွဲမှ Joint Secretary ဖြစ်သူ Shri Rajneesh ခေါင်းဆောင်သည့် အဖွဲ့နှင့် တွေ့ဆုံကာ မြန်မာနိုင်ငံမှ ပဲမျိုးစုံအား အိန္ဒိယနိုင်ငံသို့ တိုးမြှင့်ပို့နိုင်ရေး နည်းလမ်းများနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **MOC(IR)**

---

**စာမျက်နှာ (၃) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မှ . . . မှအဆက်**

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနများအနေဖြင့် မိမိတို့ ဝန်ကြီးဌာနများအလိုက် ဥပဒေဆိုင်ရာ အကြံပေးအဖွဲ့ (Legal Advisory Unit) များကို ပိုမိုအားကောင်းအောင် ဖွဲ့စည်း ဆောင်ရွက်သွားရန် လမ်းညွှန်ထားပါကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေး၊ ကုန်သွယ်မှုဆိုင်ရာမူဝါဒများ လေ့လာဆန်းစစ်၍ အကြံပြုချက်များ တင်ပြနိုင်ရေးနှင့် ကုန်သွယ်ရေးမျှော်မှန်း ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထိရောက်စွာ အထောက်အကူပြုနိုင်မည့် ဥပဒေဆိုင်ရာ အကြံပြုချက်များ ရရှိနိုင်ရေးအတွက် မိမိတို့ ဝန်ကြီးဌာန၏ ဥပဒေဆိုင်ရာအကြံပြုအဖွဲ့ (Legal Advisory Unit) ကိုလည်း ဖွဲ့စည်းပေးထားပြီး ဥပဒေဆိုင်ရာအကြံပြုချက်များကိုလည်း ရယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီး နားလည်တတ်ကျွမ်းသော ဥပဒေပညာရှင်များ၏ ဆွေးနွေးချက်များကို လေ့လာဆည်းပူးနာခံယူပြီး၊ မိမိဝန်ကြီးဌာနမှ ကျင့်သုံး ဆောင်ရွက်လျက်ရှိသော တည်ဆဲဥပဒေများကိုအခြေခံကာ ကုန်သွယ်မှုတိုးမြှင့်နိုင်ရန်နှင့် စီးပွားရေးကျင့်ဝတ်လိုက်နာသော စီးပွားရေးဝန်းကျင်များ ဖြစ်ပေါ်လာနိုင်ရေးအတွက် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ အစားထိုးခြင်းများကို ဆောင်ရွက်သွားရမှာဖြစ်ကြောင်း စသည်ဖြင့်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်နေသည့် ဥပဒေပညာရှင် ဦးကျော်ဆန်းမှ ဥပဒေဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာထမ်းများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **MOC(IR)**

# pm;o,koES6 ,f,bl

**နိုင်ဦး (DOCA)**

ကျွန်တော့်အိမ်ရှိ ရေချိုးခန်းသုံးမှန်အဝိုင်းလေးသည် သုံးစွဲခဲ့သည်မှာကြာမြင့်ပြီးဖြစ်၍ လိုင်နာများပျက်စီးသွားခဲ့သည်။ ရေများ ဝင်ရောက်သဖြင့် မှန်သားများကြည့်၍မကောင်းတော့သဖြင့် ရေချိုးပြီးစ ကိုယ့်ရုပ်ကိုကိုယ်မမြင်နိုင်တော့၍ မှန်းဆ၍သာ မိမိရုပ်သွင်ကို စိတ်ကူးနဲ့သာ ပုံဖော်ကြည့်နေရသည်။ သားသမီးများကလည်း ထိုမှန်ဝိုင်းအားခွဲလိုက်ရတော့မလားဟု မကြားတကြား ပြောနေသည်။ နောက်ဆုံး၌ ဇနီးသည်ကလည်း တစ်ချက်လွတ်အမိန့်ဖြင့် မနက်ဖြန် အသစ်လဲပေးရန် ညွှန်ကြားခဲ့သဖြင့် နေပြည်တော် မြို့မဈေးရှိကုန်မာဆိုင် တစ်ဆိုင်သို့ သွားရောက်၍ မေးမြန်းဝယ်ယူရန် ယတိပြတ် ဆုံးဖြတ်ချက် ချခဲ့ရသည်။ ဆိုင်ကိုရောက်၍ ဈေးမေးရာတွင် ဆိုင်ရှင်မှ ကျပ် ၈၅၀၀ တောင်းနေ၍ ကျွန်တော်မှ ကျပ်၈၀၀၀ ဖြင့် ထားပေးရန် မိမိအိမ်တွင် အမြန်တပ်ဆင်အသုံးပြုရန်အတွက် ဝယ်ယူခြင်းဖြစ်ကြောင်းပြောတော့ ဆိုင်ရှင်မှ "ကိုယ့် Consumer ပဲ လျှော့ပေးရမှာပေါ့ဗျာ။ ကဲ. . . ကဲ. . . ခင်ဗျားဈေးဆစ်တဲ့အတိုင်း ကျပ် ၈၀၀၀ နဲ့ပဲယူသွားပါ"တဲ့။ ကျွန်တော်ဆိုင်ဘေးကိုကြည့်လိုက်တော့ ကျွန်တော့်လိုပဲ ရေချိုးခန်းသုံးမှန်ဝိုင်း ၁၂ ချပ်ကိုချ၍ ထုပ်ပိုးနေသော လူတစ်ဦးကို တွေ့ရသည်။ ထိုသူမှ ကျွန်တော့်အား လက်ညှိုးထိုး၍ "ဟိုလူကျ တစ်ချပ် ကျပ် ၈၀၀၀ နဲ့ပေးတယ်။ ကျွန်တော့်ကိုလည်း အဲဒီဈေးအတိုင်းထား"တဲ့။ "ဒါတွေကို ကုန်အောင် ကျွန်တော် ဘယ်အချိန်ထိရောင်းရဦးမလဲ မသိဘူး"တဲ့။ အဲဒီအချိန်မှာ ဆိုင်ရှင်မှ "ကိုယ့် Customer ပဲ လုပ်ပေးရမှာပေါ့တဲ့"။ ကျွန်တော့်ခေါင်းထဲ ချာချာလည်သွားရသည်။ သူ့ဆိုင်က ဝယ်ယူတာချင်းအတူတူ ကျွန်တော့်ကိုကျတော့ Consumer တဲ့ ဘာတွေများ ကွာလို့တုန်း၊ ဆိုင်ရှင်အတွက် ကျွန်တော်တို့နှစ်ဦးစလုံးသည် ဝယ်ယူသူမဟုတ်ဘူးလား၊ တစ်ခုပဲကွာသည်။ ကျွန်တော်က မိမိအိမ်တွင် သုံးစွဲဖို့ဝယ်သည်။ ကျန်လူကတော့ ပြန်ရောင်းဖို့ဝယ်သည်။ ကျွန်တော်က ကျွန်တော့်မိသားစု သုံးစွဲရန်ဝယ်သည်။ သူကတော့ အကျိုးအမြတ်ရရှိရန် ရည်ရွယ်၍ ပြန်လည်ရောင်းချရန်ဝယ်သည်။ ကျွန်တော်က မိသားစုစိတ်ချမ်းသာရေးအတွက် ဝယ်သည်။ သူကတော့ သူ့ရောင်းဝယ်ရေးလုပ်ငန်းတိုးတက်ရေးအတွက် ဝယ်သည်။ ဘာများကွာလို့လဲ၊ ဆိုင်ရှင်သည် ကျွန်တော်တို့နှစ်ဦးလုံးအား သူ၏ဖောက်သည်များဟု မြင်မည်။ အခေါ် အဝေါ်သာ ပြောင်းလဲခြင်းဖြစ်ပေမည်။

ကျွန်တော်ကဲ့သို့ပင် လူတိုင်းလူတိုင်း၏ဘဝတွင် ရည်မှန်းချက် ကိုယ်စီရှိကြပေလိမ့်မည်။ ပညာရေး၊ ကျန်းမာရေး၊ မိသားစု လုပ်ငန်း စသည်ဖြင့် ရည်မှန်းချက်များထားရှိကြသည်။ မဆုတ်မနစ်ကြိုးစားမှုသာ၊ စိတ်ရှည်သည်းခံမှုသာ၊ မိမိရည်မှန်းချက်များ အများစုအောင်မြင်နိုင်မည်။ မအောင်မြင်ကလည်း စိတ်ဓာတ်မကျသင့်၊ ဆက်လက်ကြိုးစားအကောင်အထည်ဖော်ရမည်။ နောက်ဆုံး၌ ရည်မှန်းချက်အတိုင်း အောင်မြင်မှုကို လက်ဝယ်ပိုင်ပိုင်ရရှိမည်ဖြစ်သည်။

ရည်မှန်းချက်များထားရာတွင် အသက်အရွယ်၊ ပတ်ဝန်းကျင် အခြေအနေများကြောင့် တူညီမှုမရှိနိုင်၊ ကွဲပြားခြားနားမှုများ မလွဲမသွေရှိပေမည်။ မိမိနှင့်ကိုက်ညီမည့် လိုက်ဖက်မည့် ရည်မှန်းချက်မျိုးသာ ထားသင့်သည်။ ရည်မှန်းချက်နှင့် မိမိအသက်အရွယ်နှင့် ပတ်ဝန်းကျင် အခြေအနေ မကိုက်ညီမလိုက်ဖက်ပါက အချိန်များစွာကို အလဟဿဖြုန်းတီးရာရောက်ပေမည်။

ဒါ့ကြောင့် ရည်မှန်းချက်ချမှတ်ရာတွင် မိမိလုပ်နိုင်မလား၊ ဖြစ်နိုင်မလား၊ အောင်မြင်နိုင်မလား၊ အကျိုးရှိပါ့မလားစသည့် အချက် အလက်များကိုမူ မိမိကိုယ်ပိုင်အသိဉာဏ်ဖြင့် ဝေဖန်ပိုင်းခြားဆုံးဖြတ်ရပေမည်။ မိမိအတွက်၊ မိမိ၏မိသားစုအတွက်၊ မိမိရင်းနှီးမြှုပ်နှံမှု အတွက်၊ မိမိရောင်းဝယ်ရန်အတွက် စသည့်ရည်မှန်းချက်များဖြင့် စဉ်းစားဆောင်ရွက်လေ့ရှိကြသည်။ မိမိပေးသောအခကြေးငွေနှင့်အညီ မိမိအတွက်အကျိုးရှိမည့်၊ ရရှိလာနိုင်မည့် အမြတ်အစွန်းအတွက် ချိန်ထိုးသုံးသပ်ကာပြုလုပ်ကြမည်သာဖြစ်သည်။

စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ (၂၀၁၄) ပုဒ်မ(၂)၊ ပုဒ်မခွဲ(က)တွင် စားသုံးသူဆိုသည်မှာ ကုန်စည်(သို့မဟုတ်) ဝန်ဆောင်မှုကို ကုန်သွယ်ရောင်းဝယ်မှုအတွက်မဟုတ်ဘဲ စားသောက်ခြင်း (သို့မဟုတ်) သုံးစွဲခြင်းပြုသူကိုဆိုလိုသည်ဟုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ဝေသော 'စားသုံးသူ အကာအကွယ်ပေးရေး ဆိုသည်မှာ အဘယ်နည်း' စာအုပ်တွင် စားသုံးသူ (Consumer)ဆိုသည်မှာ ကုန်စည်၊ ဝန်ဆောင်မှုများကို ထုတ်လုပ်ရောင်းချသော လက်လီလက်ကားရောင်းချသူများ (Wholesalers and retailers) မဟုတ်ဘဲ ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုများကို မိမိကိုယ်တိုင်သုံးစွဲမှုအတွက်လည်းကောင်း၊ မိသားစုအသုံးပြုရန်၊ စားသုံးရန်အတွက်လည်းကောင်း၊ အိမ်တွင်း အသုံးပြုမှုများအတွက်သော်လည်းကောင်းရည်ရွယ်၍ ကုန်စည်(သို့မဟုတ်)ဝန်ဆောင်မှုများကို ဝယ်ယူခြင်း၊ ချေးငှားခြင်း၊ ရယူခြင်း၊ ပြုလုပ်သူများ (သို့မဟုတ်) ပုဂ္ဂလိကဆိုင်ရာသုံးစွဲမှုပစ္စည်းများကို ထောက်ပံ့ပေးကမ်းခြင်းခံရသူများအားလုံး ပါဝင်ပါသည်ဟု ဖော်ပြထားပါသည်။

ကျွန်တော်တို့၏ မြန်မာစကားအသုံးအနှုန်းများသည် ကြွယ်ဝလှသည်။ စကားလုံး ကျစ်ကျစ်လျစ်လျစ်နဲ့ ထင်းကနဲမြင်သာ သိသာစေသည်။ ပျော်ပျော်ပါးပါးပေါ့တဲ့၊ ပျော်စရာတွေလုပ်နေမှတော့ အိတ်ထဲက ပိုက်ဆံတွေပါးသွားမှာပေါ့၊ ရယ်စရာ၊ မောစရာပြောကြတာပေါ့တဲ့ ရယ်လွန်းအားကြီးမှတော့ မောနေမှာပေါ့၊ မော်တော်ယာဉ်ကိုလည်း အင်္ဂလိပ်လို Car ခေါ်ရင်ပြီးတာပဲ၊ မဟုတ်ဘူး မော်တော်ကားတဲ့၊ တချို့ယာဉ်ပိုင်ရှင်တွေကပြောကြတယ်၊ မြန်မာတွေက နာမည်ပေး သိပ်တော်တာပဲတဲ့ မော်တော်ကားစဝယ်ရင် ခေါင်းကိုမြေကြီးမကြည့်ဘဲ မော်နေရမှာတဲ့ အဲဒီလို မဟုတ်ဘဲ ယာဉ်ဝပ်ရှော့ ဆေးရုံကို ခဏခဏ သွားပြရရင်တော်တော့တဲ့၊ အဲဒါမှမတော်ရင် ယာဉ်ပိုင်ရှင်ကားသွားမယ်တဲ့၊ ဘယ်လောက် အဓိပ္ပာယ်လိုက်လဲဗျာတဲ့။ အဲဒီလိုပဲ ကျွန်တော်တို့သည်လည်း စားသုံးသူ Consumer နဲ့ ဝယ်ယူသူ (Customer) တို့ကိုပေါင်းစပ်၍ ဝယ်ယူသူ၊ စားသုံးသူလို့ တစ်ပေါင်းတစ်စည်းတည်း အလွယ်ခေါ်နေကြတာပဲ။ အားလုံးလည်း လက်ခံနေကြသည်။ သုံးစွဲနေကြသည်။ ဘာမှပြဿနာမဖြစ်ပေ။

အမှန်မှာ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ညွှန်ကြားချက်များကဲ့သို့ပင် လုပ်ရမည့်ကိစ္စကိုတားမြစ်ထားသကဲ့သို့ စားသုံးသူနှင့် ဝယ်ယူသူသည် အတူတူကဲ့သို့ပင် ဖြစ်သည်။ အသုံးပြုရန်ရည်ရွယ်ချက်များကြောင့်သာ အခေါ် အဝေါ် ကွာခြားနေခြင်းဖြစ်သည်။ စားသုံးသူသည် မိမိကိုယ်တိုင်၊ မိမိ၏မိသားစုအတွက် သုံးစွဲရန်၊ လှူဒါန်းရန်အဖိုးအခပေးချေ၍ သီးသန့်ဝယ်ယူအသုံးပြုခြင်းဖြစ်သည်။ ဝယ်ယူသူသည် အကျိုးအမြတ်ရရှိရန် မျှော်ရည်၍ ပြန်လည် ရောင်းချရန် အခကြေးငွေပေးချေ၍ ဝယ်ယူခြင်းဖြစ်သည်။ အလွယ်မှတ်ရန်မှာမူ စားသုံးသူ (Consumer)ဆိုသည်မှာ ကုန်သွယ်ရောင်းဝယ်ရန်၊ ထုတ်လုပ်ရန်၊ ရောင်းချရန်မဟုတ်ဘဲ စားသောက်သုံးစွဲသူဖြစ်ပြီး၊ ဝယ်ယူသူ (Customer) မှာ ကုန်သွယ်ရောင်းဝယ်ရန်၊ ထုတ်လုပ်ရန်၊ ပြန်လည်ရောင်းချခြင်းပြုသူကိုဆိုသည်ဟု ခွဲခြားဖော်ပြနိုင်ပါသည်။

တစ်နည်းအားဖြင့် စားသုံးသူသည် ကုန်စည်ဝန်ဆောင်မှုကို နောက်ဆုံးရယူ အသုံးပြုသူဖြစ်သည်။ ဝယ်ယူသူသည် အကျိုးအမြတ်ရရန် မျှော်လင့်ချက်ဖြင့် ပြန်လည်ရောင်းချရန် ရည်ရွယ်၍ ကုန်စည် ဝန်ဆောင်မှုကို ရယူသည်။ စားသုံးသူသည် မိမိကိုယ်တိုင်၊ မိမိ၏မိသားစု၊ မိမိအဖွဲ့အစည်းအတွက် ဝယ်ယူသုံးစွဲသည်။ ဝယ်ယူသူသည် မိမိနှင့် မိမိ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အကျိုးအမြတ်ရရှိရန်ရည်ရွယ်သည်။ ဤသည်ကို ခြုံငုံကြည့်လျှင် စားသုံးသူက မိမိအသုံးပြုရန် ဝယ်ယူခြင်းဖြစ်ပြီး ဝယ်ယူသူကတော့ အကျိုးအမြတ်ရရှိရန် ရည်ရွယ်၍ ဝယ်ယူခြင်းဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ စားသုံးသူဖြစ်စေ၊ ဝယ်ယူသူဖြစ်စေ၊ လူသုံး၊ အိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုများကို ဝယ်ယူ၍ မိမိကိုယ်တိုင်သုံးစွဲရန်၊ အခြားသူများ အလွယ်တကူရယူ သုံးစွဲနိုင်ရေးအတွက် ထိုက်သင့်သော အကျိုးအမြတ်ရယူကာ ရောင်းချခြင်းပင်ဖြစ်၍ စီးပွားရေးလုပ်ငန်းရှင်များအတွက် အထောက်အကူပြုနေသူများဖြစ်ပေသည်။ အခေါ် အဝေါ်များ ဒေသအလိုက် တူညီနိုင်မှုမရှိသော်လည်း သဘောတရားမှာ ကွဲပြားခြားနားမှုမရှိပေ။ ပြည်သူများ နေ့စဉ်ရယူ သုံးစွဲလျက်ရှိသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ဖြန့်ချိတင်ပို့ရောင်းချလျက်ရှိသည်မှာ အတူတူပင် ဖြစ်သည်။

သို့ဖြစ်ပါ၍ စားသုံးသူ (Consumer) နှင့် ဝယ်ယူသူ(Customer) တို့အကြား အဓိပ္ပာယ်ကွဲလွဲယူဆနေမှုများအား စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄) ပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ဖြန့်ဝေပေးထားသော 'စားသုံးသူအကာအကွယ်ပေးရေးဆိုသည်မှာ အဘယ်နည်း' စာအုပ်တွင် ဖော်ပြထားချက်များအရလည်းကောင်း၊ စားသုံးသူ (Consumer) ဆိုသည်မှာကုန်သွယ်ရောင်းဝယ်၊ ထုတ်လုပ်ရောင်းချရန်မဟုတ်ဘဲ သုံးစွဲသူဟု ဆိုချင်ပါသည်။ ဝယ်ယူသူ (Customer) ဆိုသည်မှာ အကျိုးအမြတ်ရရှိရန် မျှော်လင့်ချက်ဖြင့် ကိုယ်တိုင်သုံးစွဲရန် မဟုတ်ဘဲပြန်လည်ရောင်းချရန် ဝယ်ယူခြင်းဖြစ်သည်ဟု ဆိုချင်ပါသည်။

■

# ဝယ်လိုအားကျဆင်းမှုကြောင့် ဗီယက်နမ်နိုင်ငံ၏ ဆန်တိုးမြှင့်တင်ပို့မှု အရှိန်လျှော့ချလာဖွယ်ရှိ

ဗီယက်နမ်နိုင်ငံတွင် ၂၀၁၈ ခုနှစ်သည် ဆန်တင်ပို့မှုအတွက် စီးပွားဖြစ်ထွန်းခဲ့သည့်နှစ် ဖြစ်ခဲ့သော်လည်း ၂၀၁၉ ခုနှစ်သည် ခက်ခဲသော နှစ်ဖြစ်လိမ့်မည်ဟု သတိပေးထားကြောင်း သိရသည်။ ၂၀၁၇ ခုနှစ်ထက် ၄ ဒသမ ၆ ရာခိုင်နှုန်း ပို၍တိုးတက်ပြီး၊ တန်ချိန် ၂၇၀၀၀၀ တန် အနည်းငယ် တိုးမြှင့်မှုရှိခဲ့ကာ ၂၀၁၈ ခုနှစ်တွင် ဆန်တန် ချိန် ၆ ဒသမ ၁ သန်းတင်ပို့ခဲ့ပါကြောင်း အထွေထွေ စာရင်းအင်းအဖွဲ့ (GSO) ၏ အစီရင်ခံစာတွင် ဖော်ပြထားပါတယ်။

၂၀၁၇ ခုနှစ်ထက် ၁၀ ဒသမ ၈ ရာခိုင်နှုန်း ပို၍တိုးတက်ပြီး သို့မဟုတ် ဆန်တင်ပို့သည့်ဈေးနှုန်း တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၀၂ တို့က တင်ပို့မှုပမာဏ အနည်းငယ် တိုးတက်မှုကို ဖြည့်ဆည်းပေးနိုင်ခဲ့ပါကြောင်းနှင့် ယခုအခါ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးနှုန်းမှာ သင့်တော်သည့် ဈေးနှုန်းဖြစ်ပြီး၊ တစ်ခါတရံ ထိုင်းနိုင်ငံ၏ ဆန်ဈေးနှုန်းထက် ပို၍ ဈေးမြင့်ပါကြောင်း သိရှိရပါတယ်။

၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ဗီယက်နမ်နိုင်ငံ၏ ပျမ်းမျှတင်ပို့သည့် ဈေးနှုန်းမှာ ထိုင်းနိုင်ငံ၏ဈေးနှုန်းထက်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇ နှင့် အမေရိကန်ဒေါ်လာ ၉ အသီးသီး ပို၍ ဈေးများခဲ့ကြောင်းနှင့် ၂၀၁၈ ခုနှစ်တွင် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၀၂ ရှိကြောင်း သိရှိရပါတယ်။

ဆန်ဖြူတင်ပို့မှုများမှာ ရုတ်တရက်ကျဆင်းခဲ့ပြီး စုစုပေါင်း တင်ပို့မှု၏ ၄၆ ဒသမ ၄ ရာခိုင်နှုန်းဖြင့် ဆန်မျိုးစုံတင်ပို့မှုမှာ တန်ချိန် ၃ သန်းကျော်ရှိခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ပို၍ ကောင်းသော ဈေးနှုန်းများဖြင့် စေးကပ်၍ မွှေးကြိုင်သောဆန်တင်ပို့မှုမှာ ရုတ်တရက် တိုးတက်ခဲ့ပါကြောင်း သိရှိရပါတယ်။

၂၀၁၉ ခုနှစ် အလားအလာများအနေဖြင့် ၂၀၁၉ ခုနှစ်သည် ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့သူများအတွက် ခက်ခဲသောနှစ် ဖြစ်လာလိမ့်မည်ဟု သတိပေးထားကြောင်း၊ ဆန်တင်ပို့သူများက ဆန်ထွက်ရှိမှု အားလုံးကို မတင်ပို့နိုင်ကြောင်း၊ ဆန်များကို ဈေးကောင်းဖြင့် ရောင်းချလိုကြောင်းနှင့် သင့်တော်သော ဈေးနှုန်းအဆင့်များအလိုက် ဆန်တင်ပို့သောဈေးနှုန်းကို ထိန်းချုပ်ခြင်းသည် စဉ်းစားသုံးသပ်ဖို့အတွက် ကြီးမားသော ပြဿနာတစ်ခု ဖြစ်ပါကြောင်းတို့ဖြင့် ကုန်သည်ကျွမ်းကျင်သူတစ်ဦးက ပြောကြားခဲ့ပါတယ်။

၎င်းအပြင် အဓိကဈေးကွက်များမှ ဝယ်ယူမည့်ပမာဏ ပို၍လျော့နည်းလာမည်ဟု ကြိုတင်ခန့်မှန်းထားခြင်းက ဗီယက်နမ် နိုင်ငံအတွက် အခြားပြဿနာတစ်ခုဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှ ဒုတိယဆန်အများဆုံးတင်သွင်းသည့် နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံမှ ဝယ်ယူမည့်ပမာဏကို ယခုနှစ်တွင် ဆန်တန်ချိန် ၂ ဒသမ ၁၅သန်းမှ တန်ချိန် ၈ သိန်းသို့ လျှင်မြန်စွာ ကျဆင်းလိမ့်မည်ဟု ကြိုတင်ခန့်မှန်းထားပါကြောင်းနှင့် တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံသည် ဆန်တင်သွင်းမှုများအပေါ် ထိန်းချုပ်မှုအားတင်းကြပ်လာပါကြောင်း သိရှိရပါတယ်။

**ချိုချိုမာ (ပို့ကုန်)**

# ဝယ်လိုအားကျဆင်းမှုကြောင့် ကမ္ဘာ့ကုန်ထုတ်လုပ်မှုကျဆင်း



အမေရိကန်တရုတ်ကုန်သွယ်ရေးစစ်ပွဲ ဆက်လက်ဖြစ်ပွားမှု၊ ကမ္ဘာ့စီးပွားရေးတိုးတက်နှုန်း နှေးကွေးမှုနှင့် အီးယူမှ ဗြိတိန်နိုင်ငံ မထွက်ခွာမီ ဥရောပ၌ နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် ယခင်လအတွင်းက ကမ္ဘာတစ်ဝန်းရှိ စက်ရုံများ၏ ကုန်ထုတ်လုပ်မှုများသည် ထိန်းမနိုင်အောင် ကျဆင်းခဲ့ကြောင်း ချန်နယ်နယူးအေးရှသတင်းတွင် ဖော်ပြသည်။

အထူးသဖြင့် တရုတ်နိုင်ငံ စီးပွားရေးကျဆင်းမှုနှင့် ဆက်စပ်နေသော ကုန်ထုတ်လုပ်မှု လုပ်ငန်းများ၏ ထိခိုက်မှု အခြေအနေများကို မတ်လ ၁ ရက်က ထုတ်ပြန်သော စစ်တမ်းများတွင် ဖော်ပြထားပြီး နိုင်ငံ့ဗဟိုဘဏ်များမှ မူဝါဒဆိုင်ရာ တင်းကျပ်မှုများ အဆုံးသတ်သွားနိုင်ဖွယ်ရှိကြောင်းလည်း စစ်တမ်းများတွင် ဖော်ပြထားသည်။

ယူရိုဇုန်ကုန်ထုတ်လုပ်မှုလုပ်ငန်းသည် ယခင်လအတွင်းက ငါးနှစ်ကျော်ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ကျဆင်းခဲ့ကြောင်း၊ အီးယူမှ နုတ်ထွက်ရေးကိစ္စပြင်ဆင်သည့်အနေဖြင့် ဗြိတိန်နိုင်ငံက အလုပ်အကိုင်များကို လျှော့ချခဲ့ကြောင်းနှင့် တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းမှာလည်း တတိယမြောက်လအဖြစ် ဆက်တက် ကျဆင်းခဲ့ကြောင်းသိရသည်။


အမှာစာများကျဆင်းမှုကြောင့် စက်ရုံများက ထုတ်လုပ်မှုကို လျှော့ချသည့်အတွက် ဂျပန်စက်ရုံများ၏ ထုတ်လုပ်မှုသည် နှစ်နှစ်ခွဲ ကာလအတွင်း အမြန်ဆုံးနှုန်းဖြင့် ကျဆင်းခဲ့သည်။ ထို့အတူ တောင်ကိုရီးယားနိုင်ငံမှ ထုတ်ပြန်သောကိန်းဂဏန်းများအရ ပို့ကုန်လုပ်ငန်းများ ကျဆင်းခဲ့သည်ကို တွေ့ရသည်။

"အခြေအနေအရပ်ရပ်ကို ခြုံကြည့်မယ်ဆိုရင် အဲဒီနေရာတွေမှာ အားနည်းချက်တွေအများကြီး တွေ့နေရပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံနဲ့ ဆက်စပ်မှုရှိနေတဲ့ နေရာတွေမှာ အထိနာတာကို တွေ့ရပါတယ်။ အားလုံးကို ခြုံကြည့်ရင် ယခုနှစ်အစမှာ တိုးတက်မှုခိုင်ခိုင်မာမာရှိလာမယ့် အခြေအနေကို မတွေ့ရသေးပါဘူး"ဟု Commerzbank ဘဏ်မှ ပီတာဒစ်ဇင်က ပြောသည်။

ယူရိုဇုန်၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှ ဝယ်ယူသူမန်နေဂျာများ၏ အညွှန်းကိန်းသည် ၄၉ ဒသမ ၃ ရာခိုင်နှုန်းအထိ ရောက်ရှိကာ ခုနစ်လမြောက်လအဖြစ် ဆက်တိုက်ကျဆင်းခဲ့သည်။ လုပ်ငန်း တိုးတက်မှုနှင့် ကျဆင်းမှုကိုပိုင်းခြားပေးသောအမှတ်ဖြစ်သည့် ၅၀ ရာခိုင်နှုန်းအောက်သို့ ပထမအကြိမ်အဖြစ် ကျဆင်းခြင်းဖြစ်သည်။

**စံမီအောင်**

# သူလျှိုလုပ်ခြင်း ရှိ၊ မရှိ ကိုယ်တိုင်လာကြည့်ရန် အမေရိကန် မီဒီယာများကို ဟွာဝေးဖိတ်ခေါ်




တရုတ်အစိုးရက ဟွာဝေးကို အသုံးပြု၍ သူလျှိုလုပ်နေသည်ဟု အမေရိကန်အစိုးရ၏စွပ်စွဲချက်များကြောင့် ကုမ္ပဏီအား ကမ္ဘာက ဖိအားပေးလျက်ရှိရာထိုစွပ်စွဲချက်ကို တုံ့ပြန်ရေးအတွက် စက်ရုံများကို လာရောက်ကြည့်ရှုပြီး ကုမ္ပဏီဝန်ထမ်းများနှင့် တွေ့ဆုံကြရန် တရုတ်ဆက်သွယ်ရေးလုပ်ငန်းကြီးဟွာဝေးက အမေရိကန်မီဒီယာတို့အား ဖိတ်ခေါ်ကြောင်း AFP သတင်းတွင် ဖော်ပြသည်။

ဟွာဝေးက အမေရိကန် နာမည်ကြီး သတင်းစာကြီးများဖြစ်သော ဝေါစထရိဂျာနယ်၊ နယူးယောက်တိုင်းမ်နှင့် ဝါရှင်တန်ပို့စ် စသည့်သတင်းစာများတွင် 'အမေရိကန်မီဒီယာများသို့ အိတ်ဖွင့်ပေးစာ'ကို စာမျက်နှာပြည့် ကြော်ငြာများကို ထည့်သွင်းဖော်ပြခဲ့သည်။

ဟွာဝေး၏ ဒါရိုက်တာဘုတ်အဖွဲ့မှ ကက်သရင်းချန်းက 'အကြားဖြင့် အရာခပ်သိမ်းကိုမယုံပါနှင့်'ဟူသော ခေါင်းစဉ်ဖြင့် သတင်းစာတွင် ရေးသားခဲ့ခြင်းဖြစ်သည်။

"အချင်းချင်းနားလည်မှု ပိုမိုရရှိစေဖို့ မျှော်လင့်ချက်နဲ့ ကျွန်မ ဒီစာကို ရေးတာဖြစ်ပါတယ်။ မကြာသေးမီ နှစ်များအတွင်းက ကျွန်မတို့အကြောင်း နားလည်မှုလွဲအောင် အမေရိကန် အစိုးရ ဆောင်ရွက်ခဲ့ပါတယ်။ အချက်အလက်အမှန်ကို ရှင်တို့သိရှိစေချင်ပါတယ်"ဟု စာတွင်ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရက ဟွာဝေးကို ပိတ်ဆို့တားဆီးနိုင်ရန် မကြာသေးမီလများအတွင်းက ကြိုးပမ်း ဆောင်ရွက်ခဲ့သည်။ 5G နည်းပညာကုမ္ပဏီကြီးကို ဟန့်တားနိုင်ရန်အတွက် အမေရိကန်အစိုးရက အမျိုးသားလုံခြုံရေးကို အန္တရာယ်ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် တရုတ်ကုမ္ပဏီကို ရှောင်ကြဉ်ကြရန် မဟာမိတ်နိုင်ငံများကို တိုက်တွန်းခဲ့သည်။

ဤကိစ္စကို တုံ့ပြန်သည့်အနေဖြင့် တရုတ်ကုမ္ပဏီကြီးများက လုပ်လေ့မရှိသော နည်းလမ်းဖြင့် မကြာသေးမီသီတင်းပတ်များအတွင်း ဟွာဝေးက လူသိရှင်ကြား တုံ့ပြန်ဆောင်ရွက်ခဲ့သည်။

အသက် ၇၄ နှစ်ရှိ ကုမ္ပဏီတည်ထောင်သူရန် ဇန်ဖေးသည် ယခင်က နိုင်ငံခြားမီဒီယာများနှင့် တွေ့ဆုံခဲ့သော်လည်း ယခုနှစ် နှစ်ဆန်းပိုင်းမှစ၍ တွေ့ဆုံမေးမြန်းခန်းများကို အကြိမ်ကြိမ်ပြုလုပ်ကာ ဟွာဝေးသည် တရုတ်အစိုးရ၏ သူလျှိုမဟုတ်ကြောင်း ရှင်းပြခဲ့သည်။

**စံမီအောင်**

# ၂၀၁၈ နောက်ဆုံးသုံးလပတ်မှာဂျပန်ကုမ္ပဏီများ၏ အမြတ်ကျဆင်း

၂၀၁၈ ခုနှစ်နောက်ဆုံးသုံးလပတ်မှာ ဂျပန်စီးပွားရေးလုပ်ငန်းများ၏ အမြတ်များအနိမ့်ဆုံးသို့ ကျဆင်းခဲ့ကြောင်း nhk သတင်းတွင် ဖော်ပြသည်။ စီးပွားရေးလုပ်ငန်းများ၏ သာမန်အမြတ်မှာ နှစ်နှစ်ခွဲအတွင်း ပထမအကြိမ်အဖြစ် ကျဆင်းခဲ့ကြောင်းအရာရှိများက ပြောသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနသည် မတည်ရင်းနှီးငွေ ယန်း ၁၀ သန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၉၀၀၀၀ အထက် ရင်းနှီးမြှုပ်နှံသောကုမ္ပဏီပေါင်း ၃၀၀၀၀ ကျော်ကို စစ်တမ်းကောက်ယူခဲ့သည်။

ယခင်နှစ် အောက်တိုဘာမှ ဒီဇင်ဘာအတွင်း ထိုကုမ္ပဏီများ၏ သာမန်အမြတ်စုစုပေါင်းမှာ ယန်း ၁၉ ထရီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ ၁၇၅ ဘီလီယံသာရှိခဲ့သည်။ ဤပမာဏမှာ ၂၀၁၇ ခုနှစ်ကရှိခဲ့သော ပမာဏနှင့် နှိုင်းယှဉ်ပါက ခုနစ်ရာခိုင်နှုန်းကျဆင်းခဲ့သည်။

ထိုသို့ကျဆင်းရသည့် အဓိကအကြောင်းတရားမှာ ချစ်ပ်လုပ်သောစက်များ နိုင်ငံခြားမှ အမှာစာ ကျဆင်းခြင်းကြောင့် ဖြစ်သည်။ လုပ်သား အလွန်အမင်းရှားပါးမှုကြောင့် ဝန်ဆောင်မှုကဏ္ဍတွင် အလုပ်သမားစရိတ် မြင့်တက်ခြင်းကလည်း အကြောင်းရင်း တစ်ခုအဖြစ် ပါဝင်သည်။

သို့သော် မတည်ရင်းနှီးငွေမြှုပ်နှံမှုမှာ ၅ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ကာ သုံးလပတ်ကိုးပတ်မြောက်အဖြစ် တိုးတက်ခဲ့ပါသည်။ ကားအစိတ်အပိုင်းကုန်ကြမ်းများနှင့် ရုံးအဆောက်အအုံများအတွက် ကုန်ကျစရိတ် မြင့်မားခြင်းကြောင့် ယခုကဲ့သို့ မြင့်တက်ခဲ့ခြင်းဖြစ်သည်။

သာမန်အမြတ်ကျဆင်းသော်လည်း အမြတ်ရငွေမှာ တတိယသုံးလပတ်များအနက် တတိယမြောက် အမြင့်မားဆုံးနေရာတွင် ရှိနေသေးကြောင်း ဝန်ကြီးဌာနအရာရှိများက ပြောသည်။ စီးပွားရေး နာလန်ထူမှု အားနည်းနေဆဲဖြစ်ကြောင်း သူတို့က ပြောသည်။

**စံမီအောင်**


# ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးမှုနှင့် ဈေးကွက်စစ်ဆေးခြင်းများ ဆောင်ရွက်

ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးဦးတင့်လွင်ဦး ဦးဆောင်သော ဝန်ထမ်းများသည် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးမှုနှင့် ဈေးကွက်စစ်ဆေးခြင်းများကို ဖေဖော်ဝါရီလ တတိယပတ်အတွင်းတွင် အရှိန်မြှင့်၍ ဆောင်ရွက်ခဲ့ကြတယ်လို့ သိရပါတယ်။

အသိပညာပေးဟောပြောဆွေးနွေးမှု ဆောင်ရွက်ခဲ့တဲ့နေရာများမှာ တောင်ကြီးမြို့နယ်၊ ဆောင်းဖိုး၊ ဟမ်းဆီး၊ နောင်ခဲ၊ ပင်တွန်၊ နောင်ဟိန်းကျေးရွာသူ/သားများနှင့် စဝ်စံထွန်း ဈေးရှိဈေးသူဈေးသားများအားလည်းကောင်း၊ ဈေးကွက်စစ်ဆေးခြင်း လုပ်ငန်းများကိုတော့ ဖယ်ခုံမြို့နှင့် ညောင်ရွှေမြို့ရှိ စိုက်ပျိုးရေးသွင်းအားစု အရောင်းဆိုင်များကိုလည်းကောင်း၊ တောင်ကြီးမြို့ရှိ ပြည်တော်သာ၊ ညောင်ရွှေဟော်ကုန်း၊ စိန်ပန်းရပ်ကွက်၊ စဝ်စံထွန်းဈေး ကုန်စုံဆိုင်များနှင့် ဆီဆိုင်မြို့နယ် နောင်မွန်ရွာကုန်စုံဆိုင်များဖြစ်ကြောင်း သိရပါတယ်။

အဆိုပါ ရပ်ကွက်ကျေးရွာများတွင် စားသုံးသူရေးရာ ဦးစီးဌာန၏ မျှော်မှန်းချက်နဲ့ ရည်မှန်းချက်များ၊ စားသုံးသူများ၏ အခွင့်အရေးများ၊ စားသုံးသူများအနေနဲ့ ကုန်စည်နဲ့ ဝန်ဆောင်မှုများကိုအသုံးပြုရာတွင် နစ်နာဆုံးရှုံးမှုများရှိပါက (CICC)ရုံးများသို့ တိုင်ကြားနိုင်ပုံများကိုလည်းကောင်း၊ အစားအသောက်များ ရွေးချယ်ဝယ်ယူစားသောက်တတ်စေရန်လည်းကောင်း၊ လုံခြုံစိတ်ချရမှုမရှိသော အစားအသောက်များကြောင့် ရောဂါဝေဒနာခံစားရမှုများကို လည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်များလိုက်နာရမည့် တာဝန်နှင့် တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုလုပ်ရာတွင် စားသုံးသူဘေးကင်း လုံခြုံရေးအတွက် ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာ တွဲလျက်ဖြစ်စေ ဖော်ပြခြင်းပြုရန်တို့ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားရှိမှု အခြေအနေများကိုလည်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**စောမောင် (တောင်ကြီး)**


ပန်းခရေ
ယန္တရား နှင့် ကုမ္ပဏီ
ဂျပန်ကားကြီးအရောင်းစင်တာ
အမှတ်(၆၁၉)၊အမှတ်(၃)လမ်းမကြီး၊ပုလဲမြို့သစ်၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ ။
ဖုန်း ၀၉-၅၁၀၉၂၇၇ ၊၀၉-၇၃၀၇၆၆၄၇၊
၀၉-၅၁၀၉၂၆၆


ASEAN
BUSINESS AWARDS
2018
၂၀၁၈ ခုနှစ် ASEAN အဆင့်လူမှုအကျိုးပြု စီးပွား ထူးချွန်ဆု ရရှိခဲ့သော
အောင်နေလင်းထွန်းကုမ္ပဏီလီမိတက်
ထုတ်ကုန်အမှတ်တံဆိပ်များ
Genius
Shan Highlands Coffee
TRISHAW
ညက်ကြီးရှင်
Ocean
CAPITAL
City Mart, Ocean Supercenter, Marketplace, SeinGayHar Supermarket, Orange Supermarket,
Gandamar Wholesales, Ruby Mart, Capital Hypemarket, Day to Day Hypemarket,
SuperOne Supermarket .
အမြို့မြို့အနယ်နယ်ရှိ စတိုးဆိုင်ကြီးများတွင်လဲ ဝယ်ယူရရှိနိုင်ပါသည်။
အောင်နေလင်းထွန်း ကုမ္ပဏီလီမိတက်
info@geniuscoffee.info | www.geniuscoffee.info | GeniusSpecialityCoffee


H & M
HONEST&MOTIVATED
H & M CONSTRUCTION CO.,LTD
DESIGN , CONSTRUCTION & DECORATION
HEIN ZAW MAUNG
(DIRECTOR)
Engg:License L-S 387
Design
(Architect & Structure)
Construction
(R.C & Steel Structure Buildings)
Decoration
(Interior & Exterior)
Renovation
(Office, Showroom & Buildings)
Add : Building No.9/15, Room 105, Kon Chan 3rd St, Han Thar Yeik Mon Housing, Kamayut Township, Yangon, Myanmar.
Ph : 09-501663, 09-785067952, 09-965067952, 09-765067952, 01-501663. Ext : 277
Email : h.n.minfos@gmail.com
wepsite : hnmconstruction.com


TWT
THOUSAND WORLD
TRADING CO.,LTD
CUSTOMS SERVICE AGENCY
Export
Import
Add : No.(121) 1st Floor, (40)Street(Lower Block), Kyauktada Towmship,Yangon, Myanmar.
Ph : 01-378821, 01392325, Fax(01-392325)

# CB BANK

## INTERNATIONAL TRADE SERVICES
## နိုင်ငံတကာ ကုန်သွယ်ရေး ဝန်ဆောင်မှု

### Import Services
### သွင်းကုန်ဝန်ဆောင်မှု

- ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း/ ပြင်ဆင်ခြင်း။
- ငွေလွှဲစာတမ်း အတွက် ငွေပေးချေခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ရောက်ရှိလာသော သွင်းကုန်ပစ္စည်းဖိုးအား ပေးချေခြင်း။
- သဘောတင်စာရွက်စာတမ်း အာမခံထုတ်ပေးသော ဝန်ဆောင်မှု။
- ပြည်တွင်း ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း။
- ကုန်ရောင်းငွေလွှဲစာတမ်းပေါ် အခြေခံ၍ ကုန်ဝယ်ငွေလွှဲ စာတမ်းအားပြန်လည်ဖွင့်လှစ်ပေးခြင်း။

### Export Services
### ပို့ကုန်ဝန်ဆောင်မှု

- ငွေလွှဲစာတမ်း နှင့် ငွေလွှဲစာတမ်းပြင်ဆင်ခြင်းအား အကြောင်းကြားပေးခြင်း။
- ငွေလွှဲစာတမ်းအတွက် ငွေတောင်းခံခြင်း။
- ကောက်ခံရေး စနစ် (DP/DA) ဖြင့် ပေးပို့သော ကုန်ပစ္စည်းများအတွက် ငွေတောင်းခံခြင်း။
- ကြိုတင်ရငွေ / ပို့ကုန်ငွေလွှဲအားထည့်သွင်းပေးခြင်း။
- လွှဲပြောင်းနိုင်သော ငွေလွှဲစာတမ်း ဖွင့်လှစ်ခြင်း။

### Export/Import Financing
### ပို့ကုန် / သွင်းကုန် ငွေကြေးထောက်ပံ့မှု

**ပို့ကုန် ငွေကြေးထောက်ပံ့မှု**
**( Export Financing )**

- ကုန်ပစ္စည်းဝယ်ယူထုတ်လုပ်ရန် ကြိုတင်ငွေ ထုတ်ယူခြင်း။
- ကုန်တန်ဖိုး ငွေတောင်းခံလွှာပေါ်တွင် ချေးငွေထုတ်ယူခြင်း။
- ဆိုင်းငံ့ကာလစနစ် ထုတ်ကုန်ငွေလွှဲစာတမ်းပေါ်တွင် သဘောတင်စာရွက်စာတမ်းများ ဝယ်ယူခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ကုန်ပစ္စည်းတင်ပို့သော စာရွက်စာတမ်းများ ဝယ်ယူခြင်း။

**သွင်းကုန် ငွေကြေးထောက်ပံ့မှု**
**( Import Financing )**

- ယုံကြည်မှုဖြင့် ဝယ်ယူထားသောကုန်ပစ္စည်းအတွက် အချိန်ပိုင်း ချေးငွေထုတ်ပေးခြင်း။
- သွင်းကုန် ငွေတောင်းခံလွှာ ပေါ်တွင် ချေးငွေထုတ်ပေးခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ပေါ် အခြေခံ၍ အချိန်ပိုင်း ချေးငွေဖြင့် ငွေပေးချေခြင်း။
- ကုန်ရောင်းသူ၏ အကြွေးစနစ်ပေါ်တွင်ငွေလက်ငင်းရရှိရန် ကြားခံဘဏ်များမှ ချေးငွေထုတ်ပေးခြင်း။

### International Remittance
### အပြည်ပြည်ဆိုင်ရာ ငွေလွှဲဝန်ဆောင်မှု

- ပြည်ပမှ ငွေလွှဲများဝင်ရောက်ခြင်း။
  **( Inward Remittance )**
- ပြည်ပသို့ ငွေလွှဲများ ပေးပို့ခြင်း။
  **( Outward Remittance )**



Call Centre : (+95) **1 231 777 0**

Contact Us : (95-1) 2317698, (95-9) 261997208
www.cbbank.com.mm
STU@cbbank.com.mm

COMMERCE INTERNATIONAL

# ထိုင်းနိုင်ငံ အမျိုးသားဥပဒေပြုလွှတ်တော်တွင် ဆန်စပါးဆိုင်ရာဥပဒေကြမ်းကို ဆွေးနွေးလျက်ရှိ

ထိုင်းနိုင်ငံ၏ ဆန်စပါးဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသားဥပဒေပြုလွှတ်တော်တွင် ပထမအကြိမ် ဆွေးနွေးပြီးဖြစ်ပါကြောင်းနှင့် ဒုတိယအကြိမ်နှင့်တတိယအကြိမ်ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း၊ အငြင်းပွားစရာများထဲတွင် မျိုးစပါး ကုန်သွယ်မှုတားမြစ်သော ဥပဒေကြမ်းပုဒ်မ (၂၇) ပါဝင်ကြောင်း၊ တားမြစ်ထားမှုကို ချိုးဖောက်ပါက ထောင်ဒဏ် တစ်နှစ်(သို့) ဘတ် ၁၀၀၀၀၀ ဒဏ်ငွေဆောင်ရန် ပါရှိကြောင်း သိရှိရပါသည်။



ဆန်ဥပဒေကြမ်း၏ မူလရည်ရွယ်ချက်မှာ တောင်သူများ ရင်ဆိုင်ကြုံတွေ့ရသောအခက်အခဲများကို လျှော့ချပေးရန်နှင့် လယ်ယာကဏ္ဍသစ်တစ်ခုဖြစ်ပေါ်လာစေရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချပေးရေးတို့ဖြစ်ပြီး ပြည်တွင်းဈေးကွက်တွင် စပါးမျိုးများ ထိန်းချုပ်နိုင်ရန် ဆန်စပါးဦးစီးဌာနအား အမြင့်ဆုံးလုပ်ပိုင်ခွင့် ပေးထားကြောင်း The Knowledge Network Institute of Thailand မှ Mr Somporn က ပြောကြားခဲ့ကြောင်း သိရှိရသည်။

၁၉၉၉ ခုနှစ်တွင် စိုက်ပျိုးရေးဦးစီးဌာနက Plant Variety Protection Act ကို ထုတ်ပြန်ခဲ့ကြောင်း၊ ဆန်စပါးကုန်သည်များမှ ကုန်သွယ်မှုပြုလုပ်သည့် အခြေအနေအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ သတင်းပေးပို့ရန်ဖြစ်ကြောင်း၊ မြေပြင်အခြေအနေတွင် တောင်သူများသည် စိုက်ပျိုးမြေ အနိမ့်၊ အမြင့်ပေါ်မူတည်၍ ကွဲပြားခြားနားသော မျိုးစပါးများကို ရွေးချယ်ဝယ်ယူကြကြောင်း၊ အချို့တောင်သူများမှာ ကိုယ်တိုင်ထွက်ရှိသော စပါးကို ကိုယ်တိုင်ကြိတ်ခွဲ၍ ရောင်းချကြောင်း၊ ဆန်အမျိုးအစားအားလုံး စိုက်ပျိုးသမျှ အထွက်နှုန်းတိုးအောင်မြင်ရန် သုတေသနပြု ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ဆန်စပါးဦးစီးဌာန၏ စာရင်းများအရ ကောက်ပဲသီးနှံ စိုက်ပျိုးသည့်ရာသီတွင် ဆန်စပါးမျိုးစေ့ တန်ချိန် ၁၀ သိန်းခန့်လိုကြောင်း၊ ဆန်စပါးဦးစီးဌာနမှ တန်ချိန်တစ်သိန်းခန့်ထုတ်လုပ်ပေးပြီး ပုဂ္ဂလိကကဏ္ဍမှ တန်ချိန် လေးသိန်းခန့်နှင့် ကျန်တန်ချိန် ငါးသိန်းခန့်မှာ တောင်သူများမှ စုဆောင်းထားသော မျိုးစေ့များဖြစ်ကြောင်း သိရှိရပါသည်။

တောင်သူအများစု စိုက်ပျိုးနိုင်ရေးအတွက် ဆန်စပါးဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ဆန်ကြိတ်ခွဲစက်ရုံများမှ မျိုးစပါးများ ပေးပို့လျက်ရှိကြောင်း၊ မျိုးစပါးအရည်အသွေး စိစစ်မှုမရှိသည့်အတွက် ထွက်ရှိလာသည့် ဆန်အရည်အသွေး ကျဆင်းနိုင်ကြောင်း၊ ဆန်ဥပဒေအား ယခုကာလအတွင်းအတည်ပြုထွက်ရှိပါက တောင်သူများ၏ အကျိုးစီးပွားကို ပြည့်စုံစွာ ကာကွယ်ပေးနိုင်မှု မရှိကြောင်း၊ ဆန်စပါးဆိုင်ရာ ကျွမ်းကျင်သူများနှင့် အကြံပေးအဖွဲ့များမှ လိုအပ်သည်များကို ဖြည့်စွက်ပေးရန်လိုကြောင်း၊ သို့မှသာ ဥပဒေ၏ရည်ရွယ်ချက် ထိရောက်မည်ဖြစ်ကြောင်း တောင်သူများအသင်း ဥက္ကဋ္ဌ Mr Suthep က ပြောကြားခဲ့သည်။

Thailand Development Research Institute(TDRI) ၏ အဆိုအရ ဖွံ့ဖြိုးပြီး နိုင်ငံများဖြစ်သော စင်ကာပူ၊ ဩစတြေးလျ၊ ပြင်သစ်၊ အမေရိကန်၊ ဂျာမဏီ၊ ဂျပန်နှင့် တောင်ကိုရီးယားတို့မှ သုတေသနလုပ်ငန်းအတွက် GDP ၏ ၂ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းထိ ရင်းနှီးမြှုပ်နှံကြောင်း၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများဖြစ်သော အင်ဒိုနီးရှား၊ မလေးရှားတို့မှာ သုတေသနလုပ်ငန်းအတွက် GDP ၏ သုည ဒသမ ၈၉ ရာခိုင်နှုန်းမှ ၁ ဒသမ ၀၈ ရာခိုင်နှုန်းထိ ရင်းနှီးမြှုပ်နှံကြောင်း၊ ထိုင်းနိုင်ငံမှ သုတေသနလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုမှာ သုည ဒသမ ၅ ရာခိုင်နှုန်း ထက်ပင်နည်းကြောင်း၊ ထိုင်းနိုင်ငံတွင် လူဦးရေ၁၀၀၀ လျှင် သုတေသနဆောင်ရွက်သူ သုည ဒသမ ၈ ဦးနှုန်းရှိပြီး မလေးရှားနိုင်ငံတွင် လူဦးရေ ၁၀၀၀ လျှင်သုတေသနဆောင်ရွက်သူ ၁ ဒသမ ၉၇ ဦး နှုန်းရှိကြောင်း၊ စိုက်ပျိုးရေး သုတေသန ဆောင်ရွက်သူသည် ၈ ရာခိုင်နှုန်းထက်နည်းသဖြင့် ရင်းနှီးမြှုပ်နှံမှုပြုရေး တွန်းအားပေး ရန်လိုအပ်ကြောင်း၊ ထိုင်းနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် စီမံချက် (၄) ခု ရှိကြောင်း၊ အစိုးရမှ သုတေသနဆောင်ရွက်နိုင်ရန် နှစ်စဉ်ဘတ်ဂျက် ပိုမိုချထားပေးသင့်ကြောင်း TDRI အကြီးတန်း အကြံပေး Wisarn Pupphavesa မှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**ခိုင်(တာချီလိတ်)**

## ၂၀၁၈ ခုနှစ်တွင် အလုပ်များသော လေဆိပ်အဖြစ် ဟောင်ကောင်နိုင်ငံတကာလေဆိပ် စံချိန်သစ်တင်

၂၀၁၈ ခုနှစ်တွင် ဟောင်ကောင် နိုင်ငံတကာလေဆိပ်သည် ခရီးသည်ပို့ဆောင်မှု၊ လေယာဉ်ပျံသန်းမှုခရီးစဉ် ပေါင်းနှင့် ကုန်စည်သယ်ယူပို့ဆောင်မှုတွင် အလုပ်များသောလေဆိပ်အဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။ ၂၀၁၈ ခုနှစ်အတွင်း ခရီးသည်ပေါင်း ၇၄ ဒသမ ၇ သန်း၊ လေယာဉ်ပျံသန်းမှုခရီးစဉ်ပေါင်းမှာ ၄၂၇၇၂၅ ရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၂ ဒသ မ၅ရာခိုင်နှုန်းနှင့် ၁ ဒသမ ၇ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း၊ ကုန်စည်ပို့ဆောင်မှုမှာလည်း ၁ ဒသမ ၅ ရာခိုင်နှုန်းမြင့်မားလာခဲ့ပြီး တန်ချိန် သန်းပေါင်း ၅ ဒသမ ၁ သန်းရှိခဲ့ကြောင်း သိရှိရသည်။

၂၀၁၈ခုနှစ် တစ်နှစ်လုံးအနေဖြင့် စံချိန်တင်နိုင်ခဲ့သော်လည်း ဒီဇင်ဘာလတွင်မူ လေယာဉ်ပျံသန်းမှုခရီးစဉ်မှာ ၁ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ပျံသန်းမှုပေါင်း ၃၇၀၈၅ ရှိခဲ့ကြောင်း၊ ကုန်စည်ပို့ဆောင်မှုတွင်လည်း ၅ ဒသမ ၂ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ တန်ပေါင်း ၄၄၈၀၀၀ တန်သာရှိခဲ့ ကြောင်း၊ ခရီးသွားဦးရေ အရေအတွက်မှာမူ ယမန်နှစ် အလားတူကာလထက် ၁ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီးဦး ရေ ၆ ဒသမ ၅၃သန်းရှိခဲ့ပြီး၊ အဓိကအားဖြင့် ဂျပန်၊ တောင်ကိုရီးယားနှင့် ဥရောပနိုင်ငံများသို့ သွားလာသည့် ခရီးသွားအရေအတွက်မှာ သိသိသာသာ တိုးပွားလာခဲ့ကြောင်း၊ ကုန်သွယ်မှုတွင်လည်း ဒီဇင်ဘာလတွင် ပို့ကုန်သွင်းကုန် ပမာဏ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ အထူးသဖြင့် ဥရောပနှင့် အရှေ့တောင်အာရှနိုင်ငံများနှင့် ကုန်သွယ်မှုတွင် အများဆုံး သိသိသာသာကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ်တွင် ဟောင်ကောင် နိုင်ငံတကာလေဆိပ်၌ Terminal 1၏ တိုးချဲ့ဆောင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး check-inကောင်တာပေါင်း ၄၀ ကျော်နှင့် ခရီးဆောင်အိတ်ရွေးယူသည့် ကောင်တာများ ထပ်တိုးလာမည်ဖြစ်ပြီး ခရီးသည်နားနေနိုင်သည့် ထိုင်ခုံများ၊ ဈေးဆိုင်များ ထပ်မံတိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟောင်ကောင်မြို့။**

## ဟောင်ကောင်ရှိ လုပ်ငန်းငယ်များအနေဖြင့် စီးပွားရေးလုပ်ငန်း အလားအလာများအပေါ် ယုံကြည်ချက်အနိမ့်ဆုံးအဆင့်သို့ရောက်ရှိခဲ့

ကမ္ဘာလုံးဆိုင်ရာ တိုးတက်မှုနှေးကွေးခြင်းနှင့် အမေရိကန်နှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်ရေးတင်းမာမှု ပြင်းထန်လာခြင်းအပေါ် စိုးရိမ်ကြသည့်အတွက် လုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်း အလားအလာများအပေါ် ယုံကြည်ချက်မှာ သုံးနှစ်အတွင်း အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ပြီး ၂ ဒသမ ၆ မှတ်ကျဆင်းခဲ့ကြောင်း၊ အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ ကုန်သွယ်ရေးဆိုင်ရာ ညှိနှိုင်းမှုများပြုလုပ်ခဲ့သည့်အတွက် ငွေရေးကြေးရေးဈေးကွက်အပေါ်တွင်အပြုသဘောဆောင်သည့် သဘောထားများရှိနေကြသော်လည်း လုပ်ငန်းရှင်များ၏ ၈၁ ရာခိုင်နှုန်းမှာ ကမ္ဘာ့စီးပွားရေး အင်အားအကြီးဆုံးနိုင်ငံ နှစ်ခုအကြားညှိနှိုင်းမှုမှာ မျှော်လင့်ချက်မရှိကြောင်း ဟောင်ကောင်ကုန်ထုတ်စွမ်းအား မြှင့်တင်ရေးကောင်စီမှ ပြောကြားခဲ့သည်။

နိုင်ငံနှစ်ခုအနေဖြင့် ကုန်သွယ်မှုအပေါ် မညှိနှိုင်းနိုင်ခဲ့ပါက အမေရိကန်အနေဖြင့် အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံတန်ဖိုးရှိ တရုတ်နိုင်ငံ သွင်းကုန်များအပေါ် အခွန်နှုန်းအား ၁၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းထိ တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေးတင်းမာမှုများမှာ ဟောင်ကောင်၏ စီးပွားရေးအပေါ် ဖိအားများဖြစ်လာနိုင်ကြောင်း၊ ယမန်နှစ် တတိယသုံးလပတ်တွင် ဟောင်ကောင်၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ အနိမ့်ဆုံး သုံးလပတ်ဖြစ်ခဲ့ကြောင်း၊ ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၂ ဒသမ ၉ ရာခိုင်နှုန်းသာရှိခဲ့ပြီး ၂၀၁၆ ခုနှစ်မှစ၍ အနိမ့်ဆုံးအဆင့်ဖြစ်ခဲ့ကြောင်း၊ လုပ်ငန်းများ၏ ၂၁ရာခိုင်နှုန်းမှာ ယခုနှစ်၏ ပထမသုံးလပတ်တွင် အခြေအနေ ပိုမိုဆိုးဝါးမည်ခန့်မှန်းပြီး ၃၈ ရာခိုင်နှုန်းမှာ အမေရိကန်နှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်ရေး စစ်ပွဲမှာ ၎င်းတို့၏စီးပွားရေးကောင်းမွန်မှုအပေါ် ထိခိုက်မည်ခန့်မှန်းကြကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းရှင်များ၏ ထက်ဝက်ခန့်နှင့် သွင်းကုန်၊ ပို့ကုန်နှင့် လက်လီလက်ကားဖြန့်ချိရေးလုပ်ငန်းများ၏ ၄၂ ရာခိုင်နှုန်းမှာ ယမန်နှစ်တွင် ကုန်သွယ်ရေးတင်းမာမှုမြင့်တက်ခဲ့ခြင်းကြောင့် ၎င်းတို့၏ရောင်းအားများကျဆင်းခဲ့ကြောင်း၊ ၂၅ ရာခိုင်နှုန်းနီးပါး ခန့်မှာ ကုန်သွယ်ရေးအငြင်းပွားမှုကို ရှောင်ရှားရန်အတွက် အရှေ့တောင်အာရှနိုင်ငံများဈေးကွက်သို့ သွားရောက် ရင်းနှီးမြှုပ်နှံရန်စဉ်းစားနေကြကြောင်းသိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့။**

Love food, Hate waste
**အစားအစာအကြွင်းအကျန် မရှိစေရေး**
**စားသောက်မှုပုံစံကို ဂရုစိုက်ပေး။**